
www.burmeseclassic.com

# မင်းမြတ်သူရ

ရွှေဉာဏ်ရှင်



www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

ရွှေဉာဏ်ရှင်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၈၀၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၂၇၁၀၀၇

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

# မင်းမြတ်သူရ

ရွှေဉာဏ်ရှင်



မောင်ကျော်လှိုင်–စေတနာစာပေ
မှ
စီစဉ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး · ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး · ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး · ဒို့အရေး

## ပြည်သူ့သဘောထား

◆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
◆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

◆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
◆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
◆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

◆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
◆ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
◆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

## မင်းပြတ်သူရဲ၏ ထွက်ပြီးစာအုပ်များ


၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်ခေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာကိုထား
၄။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၅။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၆။ ဆားပုလင်းမင်းအောင်နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း
၇။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်တား
၈။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်
၉။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး
၁၀။ ဆားပုလင်းမင်းအောင်နှင့် ဘက်တုရင် လူမရွှေဘုး
၁၁။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူတာရာပုံတော်
၁၂။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၁၃။ ရွှေချမ်းသာငွေချမ်းသာ
၁၄။ ဆားပုလင်းမင်းအောင်နှင့် မြွေမင်းသမီး
၁၅။ လိုတရက်ကြီးရှင်
၁၆။ တစ်ကျွန်းပြန်ဘိုးမုန်
၁၇။ ပြည်တော်ပြန်
၁၈။ ကြာပန်းသုံးခိုင်တံဆိပ်တော်
၁၉။ ရွှေပြည်ကြီး
၂၀။ ပွဲကျောင်းသားမိုးကောင်း
၂၁။ ဆားပုလင်းမင်းအောင်နှင့် ဖော်မဲ့နှင်းဆီ
၂၂။ ပဒ္မလက်မောင်နှမ
၂၃။ ဆားပုလင်းမင်းအောင်နှင့် လွှမ်းငွေ့တဝေဝေ
၂၄။ နဝမမြောက်ကျမ်းစာ
၂၅။ ရွှေကိုးညီနှင့် တန်ခိုးရှင်
၂၆။ ရွှေတစ်ရစ် မြတစ်ရစ်
၂၇။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
၂၈။ မိုးမခရတနာသိုက်



www.burmeseclassic.com




၂၉။ မြေဝါတောင်နတ်မင်း
၃၀။ ပဉ္စမမြောက်မိုးနတ်မယ်
၃၁။ မာယာကျွန်းကောရီ
၃၂။ ဂူမှာတစ်တစ်ထောင်
၃၃။ ဆင်စွယ်နန်းရှင်
၃၄။ ငွေစမ္မာသားကောင်
၃၅။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာပန်း
၃၇။ မဟာလူသားမောင်ဒင်္ဂါး
၃၈။ မှော်တန်ခိုးရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့် တာနော့ယက္ခ
၄၀။ နတ်သမီးနဲ့ရွှေခေါင်းလောင်း
၄၁။ လင်းနို့တောင်ကျိန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူ့ရာလျှင်တွေ့
၄၄။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်
၄၅။ စကြာရှင်
၄၆။ မိုးကြိုးတံခွန်
၄၇။ ဆားပုလင်းမင်းအောင်နှင့် အတိုင်းအဆမဲ့
၄၈။ အတုမရှိစည်တော
၄၉။ ဇီဝိုးရွှေလိုဏ်ဂူ
၅၀။ ရွှေဖြစ်ငွေဖြစ် မစိန်ချစ်
၅၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၅၂။ ဆားပုလင်းမင်းအောင်နှင့် စိန်ပန်းနီနီ
၅၃။ ရေပြာအိုင်နှင့်နတ်ဆေးဂမုန်း
၅၄။ ဘာမထီဘွား
၅၅။ ဆားပုလင်းမင်းအောင်နှင့် သင်ဖြူးဖြိုင်
၅၆။ မိုးမြေသစ္စာ
၅၇။ လနတ်သမီး
၅၈။ တစ်ကျွန်းစံ


၅၉။ မီးဗိမ်ရှင်
၆၀။ ဂျမဒါမင်းထင်နှင့်သေမင်းနာရီစင်
၆၁။ ခေါင်းမင်းရာဇာ
၆၂။ မောင်နံ့ခုနစ်ဖော်
၆၃။ ရွှေနတ်တောင်
၆၄။ မနန်းလနှစ်ပါးဆိုင်
၆၅။ ဂျမဒါမင်းထင်နှင့် သစ္စာတော်ခံ
၆၆။ ပြည့်လုံးကျော်
၆၇။ ယက္ခညီနောင်
၆၈။ တိမ်ကြားမင်းခေါင်
၆၉။ နဝရတ်ကိုးသွယ်
၇၀။ လျှို့ဝှက်ကော်ဇာ
၇၁။ အောင်ပင်လယ်ရှာစား
၇၂။ လေးကျွန်းမောင်ကြီး
၇၃။ မနော့စကြာ
၇၄။ ရလေလိုလေအိုတရွှေ
၇၅။ ဖျိုတိုင်းကြိုက်တဲ့နှမ်းဆီနိုင်
၇၆။ မြွေဖြူရှင်မ
၇၇။ ကျောက်စိမ်းအမိန့်တော
၇၈။ လင်းနို့ဘုရင်
၇၉။ မြင်းရေညှိတက်သူ့ရဲကောင်း
၈၀။ ပတ္တမြားဆန့်ကျိုး အဖိုးပြည်တန်
၈၁။ ဆားပုလင်းမင်းအောင်နှင့် ရွှေကိုယ်ရံတော်
၈၂။ ရွှေနန်းတော်သို့သွားရာလမ်း
၈၃။ ရွှေလင်းယုန်
၈၄။ အသူတစ်ရာ
၈၅။ နေသူရိန်ကျောင်းတော်သား
၈၆။ မိုးလုံးပြည့်လျှံ
၈၇။ တောင်းကင်နှင့်မြေကြီး
**၈၈။ မဟာအောင်မြင်သော**






www.burmeseclassic.com

၂၄။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်
၂၅။ ကြောရှင်
၂၆။ မိုးကြိုးသံခွန်
၂၇။ ဆားပုလင်းမင်းအောင်နှင့် အတိုင်းအဆမဲ့
၂၈။ ဓိဝရိုးရွှေလိုထ်ရှ
၂၉။ ဆားပုလင်းမင်းအောင်နှင့် ဓိနိပန်းနီနီ
၃၀။ ဆားပုလင်းမင်းအောင်နှင့် သခင်မြိုင်
၃၁။ မိုးမြေသစ္စာ
၃၂။ လနတ်သမီး
၃၃။ ဂျမဒါမင်းထင်နှင့် ဝေသမင်းနာရီဝင်
၃၄။ ရွှေနတ်တောင်
၃၅။ တိမ်ကြားမင်းဓမိင်
၃၆။ လျှို့ဝှက်ကော်ဓော
၃၇။ ပျိုတိုင်းကြိုက်တဲ့မှင်းသီနိုင်
၃၈။ သစ္စာတော်ခံ
၃၉။ လွမ်းဆွေ့တဲ့ဓမ္မေ
၄၀။ မောင်နဲ့ရှုစ်တော်
၄၁။ အသူတာရာ
၄၂။ စုနှစ်ဝဉ်ကြည်များ






www.burmeseclassic.com

www.burmeseclassic.com

## ရုပ်ရှင်၊ ဒီဗီဒီ၊ ဗီဒီယိုရိုက်ကူးသောစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်

၂။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်စား

၃။ ဆားပုလင်းမင်းအောင်နှင့် နေမင်းဆီသမီးတော်

၄။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေပြီး

၅။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး

၆။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူတရားပွဲတော်

၇။ ဆားပုလင်းမင်းအောင်နှင့် အမျိုးသားကောင်းမောင်မွန့်ကောင်း

၈။ ပွဲကျောင်းသားမိုးကောင်း

၉။ ရွှေကျိုးညိုမှုန် တန်ခိုရှင်

၁၀။ မိုးမခရာတနာသိုက်

၁၁။ မြေဝါတောင်နတ်မင်း

၁၂။ ဂုဏ္ဍာထဲတစ်ထောင်

၁၃။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း

၁၄။ ဆားပုလင်းမင်းအောင်နှင့် တာနေ့ဘယကျ

၁၅။ လင်းနို့တောင်ကျိန်စာ

၁၆။ ဒီဝိုးရွှေလိုဏ်ဂူ

၁၇။ ဆားပုလင်းမင်းအော ... ငြိုင်

၁၈။ သနတ်သမီး

၁၉။ ခေါင်းမင်းရာတာ

၂၀။ နေနဲ့လနှစ်ပါးဆိုင်

၂၁။ မောင်နှံခုနစ်ဖော်

၂၂။ ပျောက်သောသူ ရှာလျှင်တွေ့



www.burmeseclassic.com

www.burmeseclassic.com

၂၃။ မိုးကြိုးတံခွန်
၂၄။ ပဉ္စလက်မောင်နှမ
၂၅။ ရွှေမြစ်ငွေမြစ်မစိန်ချစ်
၂၆။ ပဉ္စမမြောက်မိုးနတ်မယ်
၂၇။ နတ်သမီးနှင့် ရွှေခေါင်းလောင်း
၂၈။ လိုတရ ကံကြီးရှင်
၂၉။ ဥစ္စာစောင့်မလေး မြနှင်းဆီ
၃၀။ တိမ်ကြားမင်းခေါင်
၃၁။ တစ်ကျွန်းပြန် ဘိုးမှန်
၃၂။ ယက္ခညီနောင်
၃၃။ ပန်းကိုးပွင့်ဒေဝီ
၃၄။ အောင်ပင်လယ်ရှာစား
၃၅။ လေးကျွန်းမောင်ကြီး
၃၆။ နေမင်းစေတမန်
၃၇။ ရလေ လိုလေ အိုတထွေ
၃၈။ ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်
၃၉။ သူရိယစမ္ပာကိုထိုး
၄၀။ မြေမြို့ရှင်မ
၄၁။ မြင်းရည်တက်သူရဲကောင်း
၄၂။ ပတ္တမြားဆန်ကျိုး အဖိုးပြည့်တန်
၄၃။ ဧကြာရှင်
၄၄။ မော်တန်နီးရှင်မ
၄၅။ မိုးလုံးပြည့်လျှံ
၄၆။ ကောင်းကင်နဲ့မြေကြီး
၄၇။ အမုန်းဝက်ပါ

BURMESE CLASSIC .com

တစ်နေ့သ၌ ငွေကြေးချမ်းသာကြွယ်ဝသော တရုတ်မိသားစုကြီးတစ်စုသည် နှစ်ကူးချိန်အတွက် ကြိုတင်ပြင်ဆင်ရန် အလုပ်ရှုပ်နေကြလေ၏။

ထိုတရုတ်မိသားစုကြီး၏ အကြီးအကဲမှာ ဦးတိတ်ဌမ်ဆိုသော တရုတ်တိုင်းရင်းဆေးဆရာကြီးဖြစ်၏။ ဦးတိတ်ဌမ်၌ ဇနီးနှင့် သမီးတစ်ယောက်၊ သားတစ်ယောက်ရှိ၏။

ဦးတိတ်ဌမ်သည် မြို့လယ်ကောင်ရှိ ဆေးတိုက်ကြီးသို့ နေ့စဉ်သွားရောက်ပြီး ဝေဒနာသည်များကို ကုသပေးလေ့ရှိ၏။

ဦးတိတ်ဌမ်၏ ဇနီးမှာလည်း မြို့လယ်ဆေးတိုက်ကြီး၌ ကူညီ၍ ကုသပေးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု ဦးတိတ်ဂွမ်တို့ မရှိခိုက် နှစ်ကူးချိန်အတွက် အိမ်ကြီးကို ဦးစီးဦးဆောင်ပြု၍ ပြင်ဆင်နေသူမှာ လူယုံတော်ကြီး ဦးချိန်တီဖြစ်၏။

ဦးချိန်တီသည် ဦးတိတ်ဂွမ်၏ လူယုံတော်ကြီးဖြစ်ရုံမက ဦးတိတ်ဂွမ်၏ သားသမီးများကို တရုတ်စာသင်ပေးရသော ဆရာကြီး ဖြစ်၏။

ဦးချိန်တီသည် သေချာစွာ သိမ်းဆည်းထားသော ရုပ်ပုံကားချပ်များကို၊ လက်ရေးစာတမ်းများကိုဖွင့်၍ အိမ်နံရံ၌ အလှဆင်လေ၏။

ထိုသို့ အလှဆင်ပြီးနောက် အလုပ်သမားလူငယ်များဘက် သို့လှည့်၍

" ဒီလိုရုပ်ပုံကားချပ်တွေနဲ့ အလှဆင်ခြင်းဟာ အသက်ရှည်ခြင်း၊ ဥစ္စာစီးပွားတိုးတက်ခြင်းနဲ့ ပြည့်စုံစေတယ်လို့ ငါတို့ ရှေးဟောင်းတရုတ်တွေက ယုံကြည်ကြတယ်ကွ "

အိမ်နံရံမှာ ချိတ်ထားတဲ့ ကြိုးကြာငှက်ပုံကိုကြည့်၍

" ကြိုးကြာဟာ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းကို ကိုယ်စားပြုတယ်၊ ဟိုဘက်နောက်က နံရံက ဂန္ဓမာပန်းပွင့်ကြီးကို





သည်း ကြည့်လိုက်စမ်း၊ စီးပွားဥစ္စာတိုးတက်ခြင်း၊ ပျော်ရွှင်ခြင်းကို ကိုယ်စားပြုတဲ့ပန်းပဲ "

ဟု ပြောလေ၏။

ထို့နောက် ဦးချိန်တီက အိမ်နံရံတွင်ချိတ်ဆွဲထားသော ပါကွာအင်းကို သူကိုယ်တိုင် တရိုတသေဖြုတ်၍ အဝတ်ဖြင့် သန့်စင်လေ၏။

ဦးချိန်တီ ပါကွာအင်းကြီးကို သန့်စင်နေပုံကိုကြည့်၍ သုညဆိုသော ကောင်လေးက

" ဦးချိန်တီ၊ ဒါကြီးက ဘာလဲဟင်၊ တန်ခိုးရှိသလား "

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးချိန်တီက ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်လိုက်ပြီး

" မင်းရဲ့မေးခွန်းဖြေရမှာ အတော်ခက်တယ်ကွ၊ ပါကွာအင်းကို ငါတို့တရုတ်တွေက အလွန်အလေးအနက်ထားကြတယ်၊ ဒီပါကွာအင်းကို ဖူးရှီလို့ခေါ်တဲ့ ရှေးဟောင်းသူတော်စင်ကြီးတစ်ဦးက တီထွင်ခဲ့တယ်ကွ၊ ဒီပါကွာအင်းမှာ သဘာဝအချင်းအရာရှစ်ခုနဲ့ ယင်ယန်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တဲ့ အမှိုန့်အမ အမှတ်တံဆိပ်ပါတယ်၊ ဒီအင်းကိုဆောင်ထားခြင်းအားဖြင့် စုန်းနဲ့ ကဝေတွေရဲ့ လှည့်စားမှုကိုအောင်မြင်နိုင်တယ်၊ ကျက်သရေမင်္ဂလာနဲ့လည်း ပြည့်စုံနိုင်တယ်ကွ ”

ဟု ရှင်းပြလေ၏။

ဦးချိန့်တီ၏စကားကို အိမ်ရှိ အလုပ်သမားလူငယ်များက စိတ်ဝင်စားဟန်ဖြင့် နားစွင့်ကြလေ၏။

ဦးချိန့်တီက ဆက်လက်၍ အိမ်နံရံ၌ အနီရောင်စက္ကူပေါ်တွင် ရွှေရောင်ဖြင့် ရေးဆွဲထားသော မျောက်ရုပ်ကလေးများကို ကပ်နိုင်းလေ၏။

ထိုအခါ စပ်စုတတ်သော သုညဆိုသောကောင်လေးက ဦးချိန့်တီကိုကြည့်၍

“ ဘာဖြစ်လို့ ရွှေရောင်မျောက်ရုပ်လေးတွေ လိုက်ကပ်နေတာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးချိန့်တီက သုည၏ခေါင်းကို ပုတ်၍

“ မင်း အတော်စပ်စုတဲ့ကောင်လေးပဲ၊ ငါတို့ရှေးဟောင်း



တရုတ်တွေက နှစ်တွေကို သတ္တဝါဆယ့်နှစ်ကောင်ရဲ့အမည်နဲ့ကိုက်အောင် မှည့်ခေါ်လေ့ရှိတယ်၊ ဒီနှစ်က တရုတ်မျောက်နှစ်ကွ၊ ဒါကြောင့် မျောက်ရုပ်ကလေးတွေ နံရံမှာကပ်နေတာ ”

ဟု ပြောလေရာ စပ်စုတတ်သော သုညဆိုသောကောင်လေးက

“ မျောက်နှစ်ဆိုရင် ဒီနှစ်မှာမွေးတဲ့လူတွေဟာ မျောက်တွေလို အဆော့သန်ပြီး ဟိုအပင် ဒီအပင်ကူးမယ်လို့ ဆိုလိုတာလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးချိန့်တီက သုည၏ခေါင်းကို ပုတ်လိုက်ပြန်ပြီး

“ မျောက်နှစ်မှာမွေးတဲ့လူတိုင်း မျောက်တွေလို အဆော့မသန်ပါဘူးကွာ၊ ခေါင်းဆောင်မှုအရည်အချင်းနဲ့ ပြည့်ဝတဲ့လူတွေဟာ မျောက်နှစ်မှာ မွေးဖွားလေ့ရှိတယ် ”

ဟု ပြောလေရာ စပ်စုတတ်သောသုညဆိုသော ကောင်လေးက ရုပ်ပုံကားချပ်များကိုကြည့်၍

“ ဟိုရုပ်ပုံထဲမှာ မုတ်ဆိတ်ဖြူကြီးနဲ့ ရယ်မောပျော်ရွှင်နေတဲ့ လူဝကြီးက ဘယ်သူလဲ ”

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။

ထိုအခါ ဦးချိန်တီက

" ငါတို့တရုတ်တွေရဲ့ ဖိုးသက်ရှည် နတ်မင်းကြီးကွ၊ အန်းကုန်းဘိုးတော်လို့ခေါ်တယ်၊ ဟဲ့ကောင်လေး… တော်တော့ကွာ၊ မေးချင်တာတွေကို နောက်မှမေး၊ အလုပ်လုပ်တဲ့လူတွေ ဆာနေပြီ၊ မင်းတို့ကို ငါကိုယ်တိုင်လုပ်ထားတဲ့ ပေါက်စီကျွေးမယ် "

ဟု ဆိုကာ ဦးချိန်တီသည် ခြံဝန်းထဲသို့ဆင်းသွားပြီး ပေါက်စီလုပ်သော ပေါင်းချောင်ကြီးကို ဖွင့်၍ကြည့်လေ၏။

ထိုအခါ အငွေ့တထောင်းထောင်းထနေသော ပေါက်စီမွှေးရနံ့များ ဖြစ်ပေါ်လာ၏။

အလုပ်သမားများသည် ပေါက်စီစားရတော့မည်ဆိုသဖြင့် အလွန်ပျော်ရွှင်သွားလေ၏။

အလုပ်သမားလူငယ်များသည် ဦးချိန်တီ၏ ပေါက်စီပေါင်းချောင်အနီးတွင်ထိုင်၍ အငွေ့တထောင်းထောင်းထနေသော ပေါက်စီများကို တောင်းယူစားသောက်ကြလေ၏။

စပ်စုတတ်သော သုညဆိုသောကောင်လေးက ပေါက်စီကို





ကိုက်လိုက်ပြီး

" အရသာရှိလိုက်တဲ့ ပေါက်စီဗျာ၊ ပေါက်စီစားရင်းနဲ့ သိချင်တာလေးတွေ မေးရဦးမယ် "

ဟု ပြောလေရာ ဦးချိန်တီက လက်ကာပြရင်း

" ဟဲ့ကောင်… မင်းရဲ့မေးခွန်းကို ငါ ကြိုပြီးသိတယ်၊ ပေါက်စီကို တရုတ်လူမျိုးတွေ ဘယ်အချိန်ကစပြီး တီထွင်စားသောက်ခဲ့သလဲလို့ မေးမယ်မဟုတ်လား "

ဟု ပြောလေရာ သုညက ခေါင်းညိတ်၍

" ဦးချိန်တီက အကြားအမြင်ပေါက်နေပြီနဲ့တူတယ်၊ ကျုပ်ဘာမေးမယ်ဆိုတာ ကြိုပြီးသိနေတယ် "

ဟု ပြောလေရာ ဦးချိန်တီက သုည၏ပခုံးကိုပုတ်၍

" မင်းဟာ စပ်စုတတ်တဲ့စိတ်ဓာတ်ရှိတယ်၊ စပ်စုခြင်းဆိုတာ အကျိုးရှိသောစပ်စုခြင်းနဲ့ အကျိုးမရှိသောစပ်စုခြင်းဆိုတာရှိတယ်၊ မင်းရဲ့ စပ်စုခြင်းကတော့ အကျိုးရှိတဲ့စပ်စုခြင်းတွေပါပဲကွာ၊ ဗဟုသုတနဲ့ ပြည့်စုံအောင်လို့ အမြဲဘမ်းရှာဖွေနေတဲ့သဘောပေါ့၊ ပေါက်စီဆို ဘရုတ်ဘာသာနဲ့ မန်ထိုလို့ခေါ်တယ်၊ ရှေးလွန်လေပြီး

www.burmeseclassic.com



သောအခါ မန်လူမျိုးတွေနဲ့ ဘုရင့်ရဲ့စစ်တပ်ကြီးဟာ တိုက်ပွဲဖြစ်ကြတယ်၊ ဘုရင့်ရဲ့စစ်သူကြီးဟာ မန်လူမျိုးတွေကို သုံ့ပန်းအဖြစ်နဲ့ ဖမ်းဆီးခေါ်ဆောင်လာတယ်၊ လမ်းခရီးမှာ အလွန်ရေစီးသန်တဲ့ မြစ်ခရီးကို ဖြတ်သန်းရတယ်၊ ဒီမြစ်ရဲ့ မြစ်စောင့်နတ်ကြီးဟာ အလွန်တန်ခိုးကြီးတယ်၊ လူတွေကို ဖမ်းစားပြီး သေအောင်လုပ်တတ်တယ်ဆိုပြီးတော့ အမည်သတင်းထွက်တယ်၊ ဒါကြောင့် ဘုရင့်ရဲ့ စစ်သည်တွေက သူတို့ဖမ်းဆီးထားတဲ့ မန်လူမျိုး သုံ့ပန်းတွေရဲ့ ဦးခေါင်းကိုဖြတ်ပြီးတော့ မြစ်စောင့်နတ်ကို ယဇ်ပူဇော်ရမယ်လို့ ပြောတယ်၊ ဒါပေမဲ့ စစ်သည်တွေရဲ့ အကြီးအကဲ စစ်သူကြီးဟာ ကြင်နာသနားတတ်တဲ့ စိတ်ဓာတ်ရှိတဲ့အတွက် မန်လူမျိုးတွေရဲ့ ဦးခေါင်းကိုဖြတ်မဲ့အစား သူတို့ရဲ့ဦးခေါင်းနဲ့ ပုံသဏ္ဌာန်တူအောင် မုန့်တွေလုပ်ပြီးတော့ နတ်ကို ပူဇော်ပသလိုက်တယ်၊ ဒီအချိန်ကစပြီးတော့ မန်လူမျိုးတွေရဲ့ ဦးခေါင်းနဲ့ ပုံစံတူတဲ့ ပေါက်စီကို လုပ်စားကြတယ်၊ ဒါကြောင့် ပေါက်စီရဲ့နာမည် မန်ထိုဟာ မန်လူမျိုးများရဲ့ဦးခေါင်းလို့ အဓိပ္ပါယ်ရှိတယ် ''

ဟု ရှင်းပြလေရာ သုညဆိုသောကောင်လေးတို့ ပေါက်စီကိုဖ





ပေါက်စီကို အားပါးတရ ဝါးစားလိုက်ပြီး

'' ဦးချိန်တီက ဗဟုသုတ သိပ်ပြီးရှိတာပဲ ''

ဟု ချီးမွမ်းလိုက်လေတော့၏။

ဤသို့ဖြင့် နှစ်သစ်ကူးပွဲတော်ရက်နှင့် နီးကပ်လာသည်နှင့် အမျှ သူတို့တစ်အိမ်လုံး အလုပ်နှင့်လက် ပြတ်သည်ဟူ၍ မရှိတော့ချေ။

အမှန်စင်စစ် စပ်စုတတ်သော သုညဆိုသောကောင်လေးသည် ဦးချိန်တီတို့အိမ်ကြီးမှ အလုပ်သမားမဟုတ်ချေ။

သုညသည် မြို့ပေါ်ရှိ တောက်တိုမယ်ရအလုပ်များကို လှည့်လည် လုပ်ကိုင်ပေးရသော မိဘမဲ့ကလေးတစ်ယောက်သာ ဖြစ်၏။

ဦးချိန်တီသည် တရုတ်နှစ်သစ်ကူးနေ့များတွင် အလုပ်သမားများ မလိုတော့သဖြင့် သုညအား ခေါ်ယူ၍ ခိုင်းစေခြင်းဖြစ်၏။

ထိုသို့ ခိုင်းစေသောကြောင့် သုညသည် ဦးချိန်တီတို့နေအိမ်မှ နေ့စဉ် မနက်ညစာ ထမင်းစားသောက်ရ၏။ နှစ်သစ်ကူးပွဲတော် အချိန်၌ အန်ပေါင်းများလည်း များစွာရရှိမည်ဟု မျှော်မှန်းထား၏။

တရုတ်အိမ်ကြီးရှိ အမျိုးသမီးကြီးများသည် နှစ်သစ်ကူးပွဲ



www.burmeseclassic.com

www.burmeseclassic.com



တော် ရက်နီးသောအခါ ပွဲတော်၌စားသောက်ရန် ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ အသားကင်၊ အသားပေါင်း စသော ဟင်းမျိုးစုံကို ကြော်လှော်ချက်ပြုတ်ရင်း အလုပ်ရှုပ်ကြလေ၏။

ထိုအခါ သုညသည် အိမ်ကြီးနှင့်ဈေးသို့ ခေါက်ခေါက်ခါခါ ပြေး၍ လိုအပ်သည်များကို ဝယ်ပေးရလေ၏။

တရုတ်ကြီး ဦးချိန်တီတွင် ထိုရက်များအတွင်း မအားလပ်နိုင်အောင်ရှိသဖြင့် စပ်စုတတ်သော သုညကလေးသည် မေးခွန်းများကို မမေးရတော့ချေ။

တရုတ်နှစ်ကူးရန် (၁) ရက်အလိုတွင် တရုတ်ကြီး ဦးချိန်တီက

" ဟေ့ကောင် သုည၊ မင်းအိပ်နေကျနေရာကို ပြန်မနေနဲ့၊ ဒီနေ့ည ငါတို့အိမ်မှာပဲအိပ်တော့ "

ဟု ပြောလေ၏။

ထိုနေ့ည အိမ်၌ အလုပ်များမည်ဟု ဆို၏။

ထိုအခါ သုညက ဦးချိန်တီအားကြည့်၍

" မြို့ထဲမှာ တရုတ်အိမ်တွေရှိပါတယ်၊ အဲဒီအိမ်တွေက





ဒီအိမ်ကြီးလောက် နှစ်သစ်ကူးအတွက် မပြင်ဆင်ကြဘူး၊ ဘာကြောင့်လဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးချိန်တီက

" နှစ်ကူးအတွက် ပြင်ဆင်တယ်ဆိုတာ ဥစ္စာစီးပွားပြေလည်တာ မပြေလည်တာနဲ့သက်ဆိုင်တယ်ကွ၊ ဒီအိမ်ကြီးရဲ့ အရှင်သခင် ဦးတိတ်ဂွမ်ဟာ စီးပွားရေးအလွန်အောင်မြင်ပြီး ငွေကြေးဥစ္စာလည်း ပြည့်စုံတယ်၊ ဒါကြောင့် နှစ်သစ်ကူးပွဲတော်အတွက် လိုလေသေးမရှိအောင် ပြည့်ပြည့်စုံစုံ ပြင်ဆင်နိုင်တယ်၊ မင်းသိတဲ့ တရုတ်အိမ်တွေကတော့ စီးပွားရေးအဆင်မပြေတဲ့အတွက် သာမန်လောက်ပဲ ပြုလုပ်ကြတယ်၊ မနက်ဖြန် နှစ်ကူးတဲ့အချိန်ရောက်ရင် ဦးတိတ်ဂွမ်ရဲ့အိမ်ကို သူ့ရဲ့တရုတ်အမျိုးအနွယ်ဝင်တွေ အများကြီးလာကြမှာကွ၊ အဲဒီကျရင် မင်း မျက်စိနောက်မှာသေချာတယ် "

ဟု ပြောလေ၏။

ထိုနေ့ညသို့ရောက်သောအခါ ဦးချိန်တီသည် ၄င်းတွင် သိမ်းဆည်းထားသော ဗျောက်အိုးများကိုထုတ်၍ နောက်တစ်နေ့နှစ်သစ်



www.burmeseclassic.com

www.burmeseclassic.com



ကူး အခါသမယ၌ ဖောက်ရန် ကြံစည်ထား၏။

သူညသည် ဗျောက်အိုးများကိုကြည့်၍

" ဟား… ဟား… မနက်ဖြန်ဆိုရင် ပျော်စရာကြီးပေါ့"

ဟု ပြောလေ၏။

ထိုအခါ ဦးချိန်တီက ခေါင်းညိတ်၍

" ငါတို့တရုတ်တွေဟာ နှစ်သစ်ကူးပွဲတော်၊ ဆိုင်သစ်ဖွင့်ပွဲ၊ ပျော်ပွဲရွှင်ပွဲတွေမှာ ဗျောက်ဖောက်ပြီးတော့ ကျင်းပလေ့ရှိတယ် "

ဟု ပြောလေရာ သူညက ဦးချိန်တီကို စိတ်ဝင်စားဟန်ဖြင့် ကြည့်၍

" ခင်ဗျားတို့တရုတ်တွေဟာ အတော်ထူးထူးဆန်းဆန်းတွေ လုပ်ကြတယ်၊ ဘာလို့ ဗျောက်အိုးကို တဒိုင်းဒိုင်းဖောက်ရတာလဲ"

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးချိန်တီက

" ဗျောက်အိုးဖောက်တယ်ဆိုတာ မကောင်းတဲ့နာနာဘာဝ သရဲတစ္ဆေတွေကို မောင်းထုတ်တာကွ၊ ငါတို့တရုတ်တွေဟာ သရဲတစ္ဆေတွေကို ဗျောက်အိုးနဲ့ဖောက်ပြီး မောင်းထုတ်လို့ရတယ်လို့





ယုံကြည်ကြတယ် "

ဟု ပြောလေရာ သူညက

" ကျုပ်တို့မြန်မာတွေလည်း ဒီလိုအယူအဆရှိပါတယ်၊ ဒါကြောင့် မြို့ထဲကလူတွေ သရဲတစ္ဆေတွေကို မောင်းထုတ်ဖို့ဆိုပြီး သံပုံးတီးတာပေါ့ "

ဟု ပြောလေရာ တရုတ်ကြီး ဦးချိန်တီက သူည၏ပခုံးကို ပုတ်၍

" မင်းမဆိုးဘူး၊ မြန်မာယဉ်ကျေးမှုနဲ့ တရုတ်ယဉ်ကျေးမှုကို ယှဉ်တွဲပြီးမြင်တတ်သားပဲ "

ဟု ချီးမွမ်းလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ တခြားသောမြို့များတွင် နေထိုင်သော ဦးတိတ်ဂွမ်၏ အမျိုးများသည် ဝတ်ကောင်းစားလှများ ဝတ်ဆင်၍ ကားများ၊ ရထားလုံးများဖြင့် တဖွဲဖွဲရောက်ရှိလာ၏။

ထိုအခါ ဦးတိတ်ဂွမ်၏ အိမ်ကြီးတစ်ခုလုံး ဆွေမျိုးများဖြင့် ပြည့်နှက်သွားလေ၏။ ဆရာကြီး ဦးတိတ်ဂွမ်သည် သူ၏ဆွေမျိုးများအား အနီရောင်စာအိတ်လေးများ ဝေပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခွေးမျိုးများသည် ထိုစာအိတ်များကို ရရှိသောအခါ ဝမ်းသာအားရ အော်ဟစ်ကြလေ၏။

တရုတ်ကြီး ဦးချိန်တီသည် ထိုမြင်ကွင်းကို ငေးမောကြည့်နေသော သူညကိုကြည့်၍ အနီရောင်စာအိတ်လေးတစ်အိတ်ကို ယူလာပေးလေ၏။

ထိုစာအိတ်လေးကို သူညက ကြောင်အမ်းအမ်းကြည့်နေစဉ် ဦးချိန်တီက

“ အမ်ပေါင်းလေကွာ၊ မင်းအတွက် ”

ဟု ပြောလေရာ သူညသည် ဝမ်းသာအားရ စာအိတ်ကို ဖွင့်ကြည့်သောအခါ ငွေ (၅) ကျပ်ကို တွေ့ရလေ၏

သူသည် ငွေ (၅) ကျပ်ရရှိသဖြင့် အလွန်အံ့ဩဝမ်းသာသွားပြီး

“ ဝမ်းသာလိုက်တာဗျာ၊ ငွေ (၅) ကျပ်ကြီးများတောင်၊ ငွေ(၅)ကျပ်ဆိုရင် ကျူပ်အတွက် (၁) လစာ ကောင်းကောင်းဖူလုံသွားပြီ ”

ဟု တွေးရင်း ဝတ်ကောင်းစားလှများဝတ်ဆင်ထားသော





လူများအားလုံးကို စာအိတ်အနီလေးများကမ်းနေသော ဦးတိတ်ဂွမ်ကို ကြည့်၍ အလွန်အံ့ဩနေမိ၏။

မိမိ၏စာအိတ်ထဲတွင် ငွေ (၅) ကျပ်ပါရှိ၏။ အခြားသော စာအိတ်များထဲတွင်လည်း ငွေများစွာပါရှိမည်ထင်၏။

ထို့ကြောင့် ဦးချိန်တီအား ကပ်၍ တီးတိုးမေးမြန်းကြည့်သောအခါ ဦးချိန်တီက ခေါင်းညိတ်၍

“ စာအိတ်ထဲမှာ ငွေ (၅) ကျပ်ကနေ (၁၀)၊ (၁၅) ကျပ်လောက်ထိပါတယ် ”

ဟု ပြောလေရာ သူညသည် အလွန်အံ့ဩသွားပြီး

“ အမလေး မနည်းပါလားဗျာ၊ ဒီလောက်လူတွေအများကြီးကို ဒီလောက်များတဲ့ပိုက်ဆံတွေဝေပေးနေတာ ဦးတိတ်ဂွမ်ကြီးက အလွန်ချမ်းသာလို့ပေါ့နော် ”

ဟု ပြောလေ၏။

ထိုအခါ ဦးချိန်တီက ခေါင်းညိတ်၍

“ ဦးတိတ်ဂွမ်က မြို့လယ်ကောင်မှာ အလွန်အောင်မြင်တဲ့ တရုတ်တိုင်းရင်းဆေးခန်းကြီးကို ဖွင့်ထားတာကွ၊ သူ့ရဲ့ဝင်ငွေဟာ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကောင်းတယ်၊ ဒါကြောင့် ဦးတိတ်ငွမ်ဟာ စိတ်တိုင်းကျ လှူဒါန်းပေးကမ်းနိုင်တာပေါ့ ”

ဟု ပြောလေ၏။

ထိုအခါ သူညသည် ဦးတိတ်ငွမ်၏ဘဝကို အလွန်အားကျသွားလေ၏။

ဦးတိတ်ငွမ်ကြီးသည် နှစ်သစ်ကူးပွဲတော်၌ သူ၏အိမ်သို့လာသော လူများကို အစားအသောက်များ အလျှံအပယ် ကျွေးမွေး၏။

ဆွေမျိုးများကို ဘဲကင်တစ်ကောင်စီပေး၏။ ထို့အပြင် ဆွေမျိုးများသာကမ အနီးအနားပတ်ဝန်းကျင်ရှိ လူငယ်လူရွယ်များကိုလည်း ပုဆိုးတစ်ထည်ဆီ လက်ဆောင်အဖြစ်ပေးလေ၏။

သူညသည် ဦးတိတ်ငွမ်ကြီးပေးသော ပုဆိုးသုံးထည်အထိရရှိ၏။

သူညသည် ဦးတိတ်ငွမ်ကြီး၏ ချမ်းသာကြွယ်ဝမှုကို အလွန်အားကျကျေနပ်မိ၏။

ဦးတိတ်ငွမ်သည် ချမ်းသာကြွယ်ဝလွန်းပေစွ။ ဤမျှများပြားသော လူများကို အစားအသောက်များ အလျှံအပယ် ကျွေးမွေးနိုင်





၏။

ဦးတိတ်ငွမ်အိမ်၌ ချက်ပြုတ်သောသူများသည် ...ရ၊ မီးမပြတ်စေဘဲ ဟင်းလျာအမျိုးမျိုးကို စီမံချက်ပြ... ခေါင်းခါယမ်း

လာသမျှ ဆွေမျိုးအသိုင်းအဝိုင်းများ ... စာအိတ်ကလေးများ ဝေငှပေးလေ၏။ ထိုသို့ ...နိုပါတယ်၊ ... တိုင် ဦးတိတ်ငွမ်ကြီးသည် မျက်နှာတစ်ချက် ... ဖြင့်များသည် ...

မိမိမြင်တွေ့ဖူးသော မြန်မာလူမျိုးအလ... ပြီးခဲ့သောအခါ ကျသင့် မီးခိုးတိတ်ကျွေးမွေးပြီး ညနေစောင်း အင ... ပွဲများဖြစ်ပွားခြင်း၊ ငွေများကို တွက်ချက်၍ ငြင်းခုန်က...လိုက်ပြီး ...အတွက် ပိုက်ဆံ တစ်ဦးနှင့် တစ်ဦး ပြုံးစောင်းမြောင်းခြင်း၊ အ...နိုပါတယ... အကုန်အကျများသဖြင့် ကြွေးတင်သွားခြင်း စသည်တို့ကို ကြား...ဖူး၏။

ယခု ဦးတိတ်ငွမ်ကြီး၏ နှစ်သစ်ကူးစားပွဲသောက်ပွဲများသည် အလွန်များပြားသလောက် ဦးတိတ်ငွမ်ကြီးသည် မျက်နှာတစ်ချက်မချိုတ်ယွင်းဘဲ ပျော်ရွှင်ကျေနပ်နေလေ၏။

ဦးတိတ်ငွမ်ကြီးကဲ့သို့ မိမိကြွယ်ဝချမ်းသာလျှင် မည်မျှကောင်း



www.burmeseclassic.com

www.burmeseclassic.com



အညီနည်း။ ယခုတော့ စားဝတ်နေရေးအတွက် တစ်နေကုန် ရှန်းကန်လှုပ်ရှားနေရ၏။

ဟု ပြောသမင်းနပ်မှန်စေရန် အလုပ်ခိုင်းမည့်အိမ်များကို လှည့်

ထိုအခါ သူည နမ္မးမှချွေး၊ ခြေမကျအောင် ကြိုးစားရှန်းကန်သွားလေ၏။

မြစ်ဘး ရှန်းကန်သော်လည်း ထမင်းနပ်မမှန်သောနေ

သော့ဖြောက်မြားစွာရှိ ၏။ သူညသည် ထိုအချိန်မှစ၍ တရုတ်ကြီး

ဦးတိတ်ငွမ်၏အိမ်၌ ကူညီ ဘဲလုပ်ကိုင်ပေးသော်လည်း ပျော်ရွှင်ခြင်းမရှိ

တော့ချေ။ နီးအ

သူသည် ချမ်းစထွေးသာခြင်းနှင့် ဆင်းရဲခြင်းအကြောင်းကိုသာ တွေးနေလေ၏။ ထိုသို့ လေးနက်သော အကြောင်းအရာကို စဉ်းစား ဆင်ခြင်နေသဖြင့် သူ၏အလုပ်များ အလွဲလွဲအချော်ချော် ဖြစ်နေလေ၏။

ထိုအခြင်းအရာကိုကြည့်၍ တရုတ်ကြီး ဦးချိန်တီက

" ဟကောင်… မင်းဘယ်လိုဖြစ်နေတာလဲ၊ စိတ်နဲ့အလုပ်နဲ့ မကပ်ဘူး၊ အလွဲလွဲအချော်ချော်ဖြစ်နေတယ်၊ ဘာလဲ နှစ်သစ်ကူး





ပွဲတော်မှာ ဦးတိတ်ငွမ်ဆီကိုလာတဲ့ တရုတ်မချောချောလေးတွေကို မြင်ပြီးတော့ မင်း စိတ်တွေလှုပ်ရှားနေလို့လား၊ သွားမစနဲ့မောင်ရေ၊ သူတို့က တရုတ်အချင်းချင်းတွေပဲ စိတ်ဝင်စားကြတာ "

ဟု နောက်ပြောင်လေ၏။ ထိုအခါ သူညက ခေါင်းခါယမ်း၍

" တရုတ်မလေးတွေ ချောတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ် စိတ်မဝင်စားပါဘူးဗျာ၊ ကျုပ်ခေါင်းထဲမှာ စဉ်းစားတွေးတော ရော တစ်ခုဖြစ်နေလို့ပါ "

ဟု ပြောလေ၏။

ထိုအခါ ဦးချိန်တီက သက်ပြင်းချလိုက်ပြီး

" မင်း ဘာကိုစဉ်းစားနေတယ်ဆိုတာ ငါသိပါတယ်ကွာ၊ ဒါဟာ မင်းဘဝရဲ့ပြောင်းလဲမှုအစပဲကွ "

ဟု ပြောလေ၏။

ထိုအခါ သူညက ဦးချိန်တီကိုကြည့်၍

" ကျုပ်စဉ်းစားနေတာကို ဦးချိန်တီသိတယ် ဟုတ်လား၊ ဘာလို့သိတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ထိုအခါ ဦးချိန်တီကြီးက တဟဲဟဲ ရယ်မော၍

" ဟဲ... ဟဲ... ဟဲ... မင်းပဲ ငါ့ကို ပညာရှိကြီးလို့ ပြောခဲ့တယ်လေ၊ ငါဟာပညာရှိမို့လို့ မင်းရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ငါ ကြိုသိနေတာပေါ့၊ မင်းဟာ မိဘမဲ့ကလေးဘဝနဲ့ မြို့ပေါ်မှာ သူတစ်ပါးရဲ့ခိုင်းစေခြင်းကို လုပ်ကိုင်ခဲ့ရတယ်၊ နေ့စဉ်ထမင်းနပ်မှန်ဖို့အတွက် မြို့သူတွေရဲ့ ခိုင်းစေတဲ့ တောက်တိုမယ်ရအလုပ်လေးတွေကို လုပ်ကိုင်ပေးရတယ်၊ မင်းဟာ သူတစ်ပါးရဲ့ အခိုင်းခံ၊ အနှိမ်ခံဘဝနဲ့ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရတယ်၊ ဒါပေမဲ့ ဦးတိတ်ဂွမ်ရဲ့အိမ်ကိုရောက်တော့ မင်းဘဝမှာ ပထမဆုံး ချမ်းသာကြွယ်ဝမှုကို မြင်တွေ့ရတယ်၊ ဦးတိတ်ဂွမ်ရဲ့ ငွေကြေးအသုံးအစွဲရက်ရောမှု၊ ဦးတိတ်ဂွမ်ရဲ့ ဆွေမျိုးတွေရဲ့ ချမ်းသာကြွယ်ဝမှုတွေကိုမြင်ပြီး မင်းဟာ ကမ္ဘာသစ်တစ်ခုကို မြင်တွေ့ရတဲ့ တောတွင်းသား အရိုင်းအစိုင်းတစ်ယောက်လိုဖြစ်သွားတယ်ကွ၊ မင်းဘဝမှာ ကြီးကျယ် မြင့်မြတ်ခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ပြည့်စုံကြွယ်ဝခြင်းတွေကို စပြီးမြင်တွေ့ရတယ်၊ ဒီအခါမှာ မင်းဘဝနဲ့ သူတို့ဘဝ





အလွန်ကြီးမားတဲ့ ကွာခြားမှုကြီးတွေကို မင်း သွားမြင်တယ်၊ သူတို့ဘဝကိုလည်း အလွန်အားကျ ကျေနပ်သလိုဖြစ်သွားတယ်၊ မင်းရဲ့ အင်မတန်နိမ့်ပါးလှတဲ့ ဘဝကိုလည်း သိမ်ငယ်သလိုခံစားရတယ်၊ သူတို့ ဘာဖြစ်လို့ ဒီလောက်တောင် ချမ်းသာကြွယ်ဝကြတာလဲ၊ သူတို့ ဘာဖြစ်လို့ ဒီလောက်တောင် ငွေတွေကို သုံးစွဲနိုင်ရတာလဲ၊ ငါကတော့ ဘာဖြစ်လို့ ဒီလောက်တောင် ဆင်းရဲနေရတာလဲ၊ ငါ့ဘဝမှာ ငွေ (၁) ကျပ်ကိုတောင် ပိုင်ပိုင်နိုင်နိုင် မကိုင်ခဲ့ဖူးဘူး၊ ဦးတိတ်ဂွမ်တို့ ဆွေမျိုးအသိုင်းအဝိုင်းတွေကျတော့ အားလုံး ငွေကြေးဥစ္စာ ကျိကျိတက်ချမ်းသာကြတယ်၊ ဒါဟာ ရှေးဘဝရဲ့ အတိတ်ကံကြောင့်လား၊ ငါ့ဘဝက ကံကြမ္မာဆိုးဝါးလိုက်တာ စသည်ဖြင့် မင်းရင်ထဲမှာ အတွေးအမျိုးမျိုးတွေ ဖြစ်ပေါ်နေတယ် မဟုတ်လား"

ဟု မေးမြန်းလိုက်လေရာ သူညသည် ဦးချိန်တီကို အလွန် အံ့ဩဟန်ဖြင့် ကြည့်၍

" ဦးချိန်တီက ပညာရှိကြီးဆိုတာ အမှန်ပါပဲဗျာ၊ ကျုပ်ရင်ထဲမှာ ဖြစ်နေတာကို တစ်လုံးမှမလွဲအောင် ပြောပြနိုင်တယ်၊ ဟုတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရင်ထဲမှာ ဘာဖြစ်နေမှန်းလဲတောင် ကျုပ်ကိုယ်တိုင် သေသေချာချာ မသိဘူး၊ အခု ဦးချိန်တီပြောပြမှ ကျုပ် သေသေချာချာ နားလည်သွားပြီ၊ ဟုတ်တယ်၊ ကျုပ်ဘဝက ဘာတွေလုပ်လုပ်ဆင်းရဲတာလဲ၊ ဒီလူတွေဘဝက ဘာဖြစ်လို့ ဒီလောက်တောင်ချမ်းသာကြတာလဲ၊ သူတို့နဲ့ကျုပ် လူချင်းအတူတူ ဘာဖြစ်လို့ ဒီလောက်တောင် ကွာဟနေတာလဲ၊ ကျုပ်ဘဝတော့ ပင်ပန်းဆင်းရဲလိုက်တာ၊ ထမင်းနှစ်နပ်စားဖို့အတွက် တစ်နေကုန် ပင်ပန်းခံလိုက်ရတာ၊ သူတစ်ပါးရဲ့ အနိုင်ကျင့်စော်ကားမှုကိုလည်း အောင့်အီးသည်းခံနေရတယ်၊ ဦးတိတ်ဂွမ်တို့ ဆွေမျိုးအသိုင်းဝိုင်းတွေအားလုံးကြည့်ရတာ ကိုယ့်စိတ်ခံစားမှုအတိုင်း နေထိုင်ကြတယ်၊ ဘယ်သူ့ကိုမှ ငဲ့ကွက်စရာမလိုဘူး၊ သူများမျက်နှာကို ကြည့်ပြီးတော့ အောင့်အီးသည်းခံနေစရာမလိုဘူး၊ ဒါဟာ ဘယ်လောက်ကောင်းတဲ့ဘဝလဲ၊ ဆရာတော်ဘုရားကြီးပြောတဲ့ နိဗ္ဗာန်ဆိုတာ သူတို့ရဲ့ဘဝမျိုးပဲလို့ ကျုပ်ထင်လိုက်မိတယ် ”

ဟု ပြောလေရာ ဦးချိန်တီက သုညာ၏ပခုံးကိုပုတ်၍

“ မင်းရဲ့ခံစားချက်ကို ငါ နားလည်ပါတယ်ကွာ၊ ဒါဟာ





တော်ရုံလူငယ်တွေမှာ ဖြစ်ပေါ်တတ်တဲ့စိတ်မာတ်မဟုတ်ဘူးကွ၊ ကြီးပွားချမ်းသာမဲ့ လူငယ်တွေမှသာ ဒီလိုအတွေးမျိုး ဖြစ်ပေါ်တတ်တယ်၊ မင်းဟာ မီးခဲပြာဖုံးနေတဲ့ လူငယ်လေးတစ်ယောက်ပဲ၊ မင်းဘဝ တစ်လျှောက်လုံး သူတစ်ပါးအနိုင်းခံဘဝနဲ့ အမှောင်ဖုံးလွှမ်းခဲ့ရတယ်၊ ဒါပေမဲ့ တရုတ်နှစ်သစ်ကူးအချိန်အခါမှာပဲ မင်းဘဝမှာ ဖုံးလွှမ်းနေတဲ့ အမှောင်တွေ လွင့်ပြယ်ပြီး အလင်းရောက်လာတယ်၊ မင်းဟာ အလင်းရောင်ကို ဒီနေ့ကစပြီးမြင်တွေ့ရပြီ၊ အလင်းရှိတဲ့နေရာကို မင်းရောက်အောင်သွားဖို့ အားထုတ်ရမယ်”

ဟု ပြောလေရာ သုညက ဦးချိန်တီကို မျက်လုံးချင်းဆုံအောင် ကြည့်၍

“ ကျုပ်က အလင်းရှိတဲ့နေရာကို ရောက်အောင်သွားရမယ် ဟုတ်လား၊ အလင်းရှိတဲ့နေရာကို ကျုပ်လိုလူတစ်ယောက် သွားလို့ဖြစ်ပါ့မလား၊ ကျုပ်မွေးကတည်းက အမှောင်လွှမ်းတဲ့ဘဝမှာပဲ နေခဲ့ရတယ် ”

ဟု ပြောလေရာ ဦးချိန်တီက

“ အမှောင်လွှမ်းတဲ့ဘဝမှာပဲနေခဲ့ရတဲ့လူဟာ တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှာပဲ နေရမှာလားကွ၊ အလင်းထဲကို မထွက်ရတော့ဘူး လား၊ မင်းမထွက်ရဲလို့ပါကွာ၊ ထွက်ရဲရင် ထွက်လို့ရပါတယ် ''

ဟု ပြောလေရာ သုညက ဦးချိန်တီ၏မျက်နှာကိုကြည့်၍

'' ကျုပ်မထွက်ရဲလို့ဟုတ်လား၊ ကျုပ် ဘာလို့မထွက်ရဲ တာလဲ၊ ကျုပ်မှာ သတ္တိမရှိလို့လား ''

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးချိန်တီက

'' မင်းရင်ထဲမှာ သတ္တိတွေ ရှိပြီးသားပါ၊ ဒီသတ္တိတွေ ပေါ်လာအောင် နှိုးဆွပေးဖို့လိုတယ်၊ အဲဒီလိုနှိုးဆွတဲ့လူဟာ ငါပဲ ဖြစ်မယ်၊ မင်းသတ္တိရှိစမ်းပါ၊ မင်း အလင်းထဲကိုထွက်ရပ်လိုက်ပါ အမှောင်ထဲမှာပဲ ပုန်းအောင်းပြီးတော့ ငိုညည်းမနေပါနဲ့၊ မင်းမှာ ပင်ကိုယ်စီဇရှိတယ်၊ ပါရမီရှိတယ်၊ စွမ်းအားရှိတယ်လို့ ငါယုံတယ် ''

ဟု ပြောလေရာ သုညသည် ဦးချိန်တီ၏စကားကို နား ထောင်၍ အလွန်စိတ်အားတက်ကြွသွားပြီး

'' ကျုပ်လို မိမရှိ ဖမရှိ၊ သူတစ်ပါးခိုင်းဖတ်၊ လက်ထဲမှာ ခြူးဘစ်ပြားမှမရှိတဲ့ကောင်က သူတို့လို အလင်းရောင်ထဲ ဘဝမျိုးကို ရနိုင်တယ်ဟုတ်လား ဦးချိန်တီရယ်၊ ဟုတ်မှလည်းလုပ်ပါ၊ ကျုပ်မှာ ဘာအရည်အချင်းမှလည်း မရှိဘူးဗျ၊ ပညာလည်းမတတ် ဘူး၊ မိဘရဲ့ရာထူးဂုဏ်ရှိန်လည်း မရှိဘူး၊ ဥစ္စာဓနလည်း မရှိဘူး၊ မြန်မာစာကို ရေးတတ် ဖတ်တတ်ရုံလောက်ပဲရှိတယ် ''





ဟု ပြောလေရာ ဦးချိန်တီက

'' ဒီမှာ သုည၊ မင်းမြဲမြဲမှတ်တမ်း၊ လောကမှာ လူကြံလို့ မဖြစ်နိုင်တဲ့ အလုပ်ဆိုတာ ဘာမှမရှိဘူး၊ လူတွေဟာ ကိုယ့်ရင်ထဲမှာ ရှိတဲ့အတိုင်း ဖြစ်ကြတာကွ၊ လူဟာ ကိုယ်ရည်ရွယ်ထားသလောက်ပဲ ဖြစ်ကြတယ်၊ မင်းဟာ ကူလီဘဝကို ရည်ရွယ်ထားရင် ကူလီပဲဖြစ်မှာ ပဲ၊ သူဌေးကြီးဘဝကို ရည်ရွယ်ထားရင် သူဌေးကြီးဖြစ်နိုင်တယ်ကွ ''

ဟု ပြောလေရာ သုညသည် ဦးချိန်တီ၏မျက်နှာကို ယုံကြည်ဟန်ဖြင့် ကြည့်၍

'' လူဟာ ကိုယ်ရည်ရွယ်ထားတဲ့အတိုင်းဖြစ်တယ် ဟုတ် လား၊ ဒါဆိုရင် ကျုပ်က ကူလီဘဝကို ဘယ်ရည်ရွယ်မလဲဗျ၊ သူဌေးကြီးဘဝကို ရည်ရွယ်မှာပေါ့ ''

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးချိန့်တီက

" ရည်ရွယ်ပေါ့ကွာ၊ သူဌေးကြီးဘဝကို မင်း ရည်ရွယ်ရင် သူဌေးကြီးဖြစ်မှာပဲ၊ ဒါကြောင့် လူတွေဟာ ရည်ရွယ်ချက်မမှားဖို့ လိုတယ်၊ ကူလီဘဝကို ရည်ရွယ်ရင် ကူလီပဲဖြစ်မယ်၊ လန်ချား သမားဘဝကို ရည်ရွယ်ရင် လန်ချားသမားပဲဖြစ်မယ်၊ သူဌေး သူကြွယ်ကြီးဘဝကိုရည်ရွယ်မှ သူဌေးသူကြွယ်ကြီးဖြစ်တာကွ "

ဟု ပြောလေ၏။

ထိုအခါ သုညက လက်သီးဆုပ်၍

" ဒါဆိုရင် သူဌေးကြီးဖြစ်ဖို့ လွယ်လွယ်လေးပဲဗျ၊ သူဌေး ကြီး ဖြစ်ဖို့ ရည်ရွယ်လိုက်ရုံနဲ့ သူဌေးဖြစ်သွားမှာပဲ၊ ဦးချိန့်တီပြောတာ ဖြစ်နိုင်ပါ့မလား၊ ကျုပ်တို့မြို့ကလူတွေ ဆင်းရဲနွမ်းပါးနေတဲ့လူတွေ အများကြီးပဲ၊ သူဌေးဖြစ်တဲ့လူက နည်းနည်းလေးပဲရှိတယ်၊ သူတို့ဟာ ဘာဖြစ်လို့ သူဌေးဖြစ်ဖို့ မရည်ရွယ်ကြတာလဲ "

ဟု ပြောလေရာ ဦးချိန့်တီက တဟားဟားရယ်မော၍

" ဟား… ဟား… ဟား… ရှင်းရှင်းလေးပေါ့ကွာ သူတို့က သူဌေးဖြစ်ဖို့ မရည်ရွယ်တဲ့အတွက် သူဌေးမဖြစ်တာပေါ့ ကွာ၊ သူဌေးဖြစ်ဖို့ ရည်ရွယ်တဲ့သူဟာ သူဌေးဖြစ်မှာ အသေအချာ ပဲ "

ဟု ပြောလေ၏။





ထိုအခါ သုညက ဦးချိန့်တီ၏မျက်နှာကို မယုံကြည်ဟန်ဖြင့် ကြည့်၍

" လူတွေဟာ ဘာဖြစ်လို့ သူဌေးဖြစ်ဖို့ မရည်ရွယ်ကြတာ လဲ၊ ရည်ရွယ်တယ်ဆိုတာ ဖြစ်ချင်တာကို ဆိုလိုတာပဲ၊ သူဌေးမဖြစ် ချင်တဲ့လူ ရှိပါ့မလားဗျ၊ ဘယ်သူက ဆင်းဆင်းရဲရဲနေချင်ပါ့မလဲ"

ဟု ပြောလေရာ ဦးချိန့်တီက ခေါင်းခါယမ်း၍

" မင်းရဲ့အယူအဆမှားနေတယ်ကွ၊ ဖြစ်ချင်တာနဲ့ ရည်ရွယ် တာ မတူဘူး၊ လူတိုင်း လူတိုင်းဟာ သူဌေးဖြစ်ချင်သလားမေးရင် ဖြစ်ချင်တယ်လို့ပြောကြလိမ့်မယ်၊ ဥပမာ- မင်းနားလည်အောင် ပြောရရင် ဆင်းရဲသားနှစ်ယောက်ရှိတယ်ဆိုပါစို့၊ ဆင်းရဲသားနှစ် ယောက်အနက် တစ်ယောက်က ခေါက်ဆွဲကို စားချင်စိတ်ရှိတယ်၊ နောက်တစ်ယောက်က ခေါက်ဆွဲစားဖို့ ရည်ရွယ်ချက်ရှိတယ်၊ ခေါက်ဆွဲစားချင်စိတ်ရှိတဲ့လူဟာ ခေါက်ဆွဲစားချင်ရုံပဲ စိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်မယ်၊ ခေါက်ဆွဲစားဖို့အတွက် ကြံစည်အားထုတ်မှုတွေ လုပ်မှာမဟုတ်ဘူး၊ ကျန်တဲ့ ဆင်းရဲသားတစ်ယောက်ကတော့ ခေါက်ဆွဲစားချင်တဲ့ ရည်ရွယ်ချက်ရှိတဲ့အတွက် သူဟာ နေ့စဉ် ပင်ပင်ပန်းပန်းလုပ်လို့ရတဲ့လုပ်ခထဲက ငွေပိုငွေလျှံလေးတွေရအောင် ကြိုးစားပြီးစုဆောင်းမယ်၊ ဒီလိုစုဆောင်းပြီး (၁၀) ရက်ပြည့်တဲ့အခါ ခေါက်ဆွဲတစ်ထုပ်ကိုဝယ်ဖို့ ပိုက်ဆံရတာနဲ့ ခေါက်ဆွဲဆိုင်ကိုသွားပြီး ခေါက်ဆွဲတစ်ထုပ်ဝယ်ပြီး မြိန်ရည်ယှက်ရည်စားတယ်၊ ဒါကြောင့် ဖြစ်ချင်တဲ့စိတ်နဲ့ ဖြစ်ဖို့ရည်ရွယ်တာနဲ့ မတူဘူးကွ ”

ဟု ပြောလေရာ သူညက မျက်မှောင်ကြုတ်၍ စဉ်းစား လိုက်ပြီး

“ ဦးချိန်တီပြောတာ ကျုပ်နားလည်သလိုရှိတယ် ”

ဟု ပြောလေ၏။

ထိုအခါ ဦးချိန်တီက ဆက်လက်၍

“ လူဆင်းရဲတွေအားလုံး လူချမ်းသာတွေရဲ့ အပြုအမူကို ကြည့်ပြီးတော့ သူတို့လိုဖြစ်ချင်ကြတယ်၊ လူချမ်းသာတွေစီးတဲ့ အဖိုးတန်ကားကြီးတွေကို စီးချင်တယ်၊ လူချမ်းသာတွေရဲ့ ကြီးမား





ခန့်ထည်တဲ့ အိမ်ကြီးတွေမှာ နေချင်တယ်၊ လူချမ်းသာတွေလိုပဲ ငွေကို အတိုင်းအဆမရှိ သုံးချင်ကြတယ်၊ မြို့တစ်မြို့ကို လူချမ်းသာ တွေရဲ့ကားကြီး ဝင်လာမယ်ဆိုရင် မြို့မှာရှိတဲ့ ဆင်းရဲသားတွေက ဝိုင်းအုံကြည့်ပြီးတော့ အမျိုးမျိုးထင်ကြေးပေးကြမယ်၊ ကံကောင်းတဲ့ လူတွေများ အခုဘဝမှာ စည်းစိမ်ချမ်းသာနဲ့ ပြည့်စုံလိုက်တာ၊ ငါတို့ကျတော့ နဖူးကချွေး ခြေမကျအောင် အလုပ်လုပ်တာတောင်မှ ထမင်းနပ်မမှန်ချင်ဘူးလို့ပြောကြတယ် ”

ဟု ပြောလေရာ သူညက ဝင်ရောက်၍

“ အဲဒီလို လူတန်းစားတွေထဲမှာ ကျုပ်လည်းပါတယ်ဗျ၊ ချမ်းသာတဲ့လူတွေမြင်တိုင်း အတိတ်ကံကောင်းလိုက်တာလို့ ချီးကျူး အားကျမိတယ်၊ ကျုပ်တို့ကျောင်းက ဆရာတော်ကြီးကလည်း ဒီလိုပဲ ဟောခဲ့တာကို ”

ဟု ပြောလေ၏။

ထိုအခါ ဦးချိန်တီက

“ အတိတ်ကံကိုပဲကြည့်ပြီးတော့ ငါတို့ အတိတ်ကံမကောင်း လို့ ဆင်းရဲရပါတယ်ကွာဆိုပြီး ထိုင်နေလို့မရဘူးကွ၊ ကံဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဆိုတဲ့စကားကို ကြားဖူးတယ်မဟုတ်လား၊ အလုပ်ကောင်းကောင်းလုပ်တဲ့ လူဟာ ကံကောင်းလာမှာပဲတဲ့၊ အဲဒီစကားကို ငါ့အနေနဲ့ ပြည့်ပြည့်ဝဝ လက်မခံပေမဲ့ ကံဆိုတာ အလုပ်လို့ပဲ သဘောထားပြီး ဘဝကို ရုန်းကန်သင့်တယ်၊ အတိတ်ဘဝက ကံမကောင်းခဲ့ဘူးဆိုပြီး ဒီတိုင်းထိုင်နေရင် ပိုပြီးတော့ ဆင်းရဲနွမ်းပါးတော့မှာပေါ့ "

ဟု ပြောလေရာ သူညက ဝင်ရောက်၍

" ဘဝကို ကြိုးစားပြီးရုန်းကန်ရမယ် ဟုတ်လား၊ ကျုပ်လောက် ဘဝမှာ ကြိုးစားရုန်းကန်တဲ့လူ ရှိပါ့မလားဗျာ၊ ကျုပ်အတွက် မနက်ဖြန်ဆိုတာ ဘယ်တော့မှမသေချာဘူးဗျ၊ ဒီနေ့ အိမ်ခေါင်မိုးမိုးမယ်ဆိုရင် ဒီနေ့အလုပ်ရှိတယ်၊ မနက်ဖြန်ခေါင်မိုးပြီးသွားရင် အလုပ်မရှိတော့ဘူး၊ ဒီနေ့ မြို့စွန်မှာ အလှူရှိတယ်ဆိုရင် မနက်ဖြန်အတွက် သေချာရင်သေချာမယ်၊ ဒါပေမဲ့ အလှူပြီးသွားတဲ့နေ့မှာတော့ ကျုပ်အတွက် အလုပ်မရှိပြန်ဘူး၊ ကျုပ်အတွက် မနက်ဖြန် ဘယ်လိုစားရမလဲဆိုတဲ့ကိစ္စကို အမြဲစဉ်းစားနေရတယ်၊ ဒီလိုစားဖို့အတွက်လည်း နေ့စဉ်နှင့်အမျှ လှုပ်ရှားသွားလာနေရတယ်၊





သူတစ်ပါးတွေရဲ့ အထင်သေး အမြင်သေးတာကို ခံရတယ်၊ အနှိမ်ခံရတယ်၊ ဘဝမှာ တစ်ခါတစ်ရံတော့ စဉ်းစားမိတယ်၊ စားဖို့သောက်ဖို့တောင် ကြိုးစားရုန်းကန်နေရတာ သူတစ်ပါးတွေလို အတတ်ပညာ သင်ယူဖို့၊ လောကလာရေးစမ်းဖို့အခြေအနေ ကျုပ်မှာ ဘာမှမရှိဘူး၊ ကျုပ်ဘဝမှာ ထမင်းစားဖို့အတွက် သိပ်ပြီးကြိုးစားရုန်းကန်နေရတာပေါ့၊ မျက်စိနဲ့နားကို အမြဲဖွင့်ပြီးတော့ အလုပ်ရှိမဲ့နေရာကို ရှာရတယ်၊ ငါ့အတွက် အလုပ်ဟာ ထမင်းဆိုတဲ့မူနဲ့ အလုပ်ရှိတဲ့နေရာကို မုဆိုးက သားကောင်ကိုချောင်းသလို ချောင်းနေရတယ်၊ ကျုပ်ဘဝမှာ တစ်ချိန်လုံး ကြိုးစားရုန်းကန်နေရတာပဲ၊ အဲဒီလို ကြိုးစားရုန်းကန်ရလွန်းလို့ ကျုပ်နဲ့ ရွယ်တူလူငယ်တွေရဲ့ဘဝကို သိပ်အားကျတာပေါ့၊ သူတို့ဟာ မိဘချမ်းသာကြွယ်ဝတဲ့အတွက် အချိန်တန်ရင် စက်ဘီးကိုယ်စီစီးပြီးတော့ ကြက်တောင်ရိုက်ကြတယ်၊ ဘောလီဘော ကစားကြတယ်၊ ရွယ်တူမိန်းကလေးတွေရှေ့မှာ အဝတ်စားလှလှလေးဝတ်ပြီး ဟန်ရေးပြကြတယ်၊ မြို့ပေါ်က မိန်းကလေးတွေကလည်း သူတို့လို ကြွယ်ဝချမ်းသာတဲ့လူအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ဂရုတစိုက်ရှိကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်ကြတယ်၊ ဒါပေမဲ့ ကျုပ်တို့လို ဆင်းရဲသားနင်းပြားတွေအတွက်ကတော့ သူတို့နဲ့အဝေးကြီးပါ၊ ကျုပ်တို့ကို ဖုတ်လေတဲ့ငပိရှိတယ်လို့တောင် မအောက်မေ့ပါဘူး၊ အဲဒီတုန်းက ကျုပ်နဲ့ ရွယ်တူလူငယ်တွေရဲ့ဘဝကိုမြင်တော့ သူတို့ဘဝကို အားကျလိုက်တာ၊ ကျုပ်ဘဝကတော့ တစ်ချိန်လုံး ကြိုးစားရုန်းကန်နေရတာပဲ၊ သူတို့ကတော့ အချိန်တန်ရင် ဘိုင်စကယ်လေးတွေစီးပြီးတော့ ကြွက်တောင် ရိုက်လိုက်၊ ဘတ်စ်ကက်ဘောကစားလိုက်နဲ့ ပျော်ရွှင်နေလိုက်ကြတာ၊ ကျောင်းတွေလည်း တစ်တန်းပြီးတစ်တန်း အောင်မြင်ကြတယ်၊ ကျောင်းကပြီးသွားရင်လည်း အရာရှိကြီးတွေ ဖြစ်ဦးမယ်၊ အရာရှိကြီးတွေဘဝရောက်တဲ့အခါမှာလည်း စည်းစိမ်ဥစ္စာတွေကသူတို့ရဲ့ရာထူးအဆင့်အတန်းနဲ့ လိုက်ဖက်ညီအောင် ပြည့်စုံကြဦးမယ်၊ သူတို့နားမှာလည်း ချောမောလှပတဲ့မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေဦးမယ်၊ ကျုပ်တို့ဘဝမှာတော့ တစ်မြို့လုံးရဲ့ခိုင်းဖတ်ဖြစ်နေတဲ့အတွက် ဘယ်သူမှလည်း အထင်မကြီးဘူး၊ ကျုပ်လောက်ဘဝကိုကြိုးစားရုန်းကန်တဲ့သူ ရှိပါ့မလား၊ ဦးချိန့်တီပြောတော့ ဘဝမှာကြိုးစားရုန်းကန်တဲ့သူဟာ တစ်နေ့ချမ်းသာကြွယ်ဝတဲ့ဘဝကို





၊ရောက်မယ်ဆို၊ တကယ်တော့ ဒါတွေဟာ ရှေးဘဝက ကံနဲ့ဆိုင်၊ဘယ် ထင်ပါတယ် ”

ဟု ပြောလေရာ ဦးချိန့်တီက သူ၏ပခုံးကိုပုတ်၍

“ ဟေ့ကောင် … မင်း ဒီလိုအယူအဆမျိုးကို ကိုင်ဆွဲထားမယ်ဆိုရင် တစ်သက်လုံး ချမ်းသာကြွယ်ဝတဲ့ဘဝကို ရောက်မှာမဟုတ်ဘူး၊ သူများနောက်လိုက်ဘဝနဲ့ အရိုးထုတ်ရလိမ့်မယ်၊ မင်းရဲ့အယူအဆက မကောင်းမြင်အယူဆကွ၊ အပျက်ကိုတွေးရင်တော့ အပျက်ပဲဖြစ်လိမ့်မယ်၊ မင်းကို ငါပြောမယ်၊ မြဲမြဲမှတ်ထား၊ လူဟာ ကိုယ့်မှာ ကြီးပွားချမ်းသာချင်တဲ့ ရည်ရွယ်ချက်ရှိရင် ရှိသလောက် ပြည့်စုံချမ်းသာမယ်၊ မင်း ဒီဘဝကို တကယ်ရောက်ချင်သလား၊ ရောက်ချင်ရင် ငါမရောက်ရောက်အောင်ကူညီပြီး ပို့ပေးမယ်၊ ဒါပေမဲ့ မင်း ငါ့စကားကို ယုံယုံကြည်ကြည်နဲ့နားထောင်ရမယ်၊ ဒီလိုနားထောင်ခဲ့ရင် မင်းကို ကြီးပွားချမ်းသာတဲ့သူဌေးကြီးဘဝကို ရောက်အောင်လုပ်ပေးဖို့ ငါတာဝန်ယူတယ်၊ မင်းလုပ်ရမှာက တစ်ခုတည်းရှိတယ်၊ ငါ့ရဲ့စကားကို ယုံယုံကြည်ကြည်နဲ့ နားထောင်ဖို့ပဲ ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ သုညက ဦးချိန်တီ၏မျက်နှာကို သေချာစွာ ကြည့်၍

" ဦးချိန်တီကို ကျုပ်ယုံကြည်တယ်၊ ဦးချိန်တီဟာ ဘယ်တော့မှ မုသားပြောမှာမဟုတ်ဘူး၊ ကျုပ်အပေါ်လည်း စေတနာထားတယ်၊ ဒါကြောင့် ဦးချိန်တီရဲ့စကားကို ကျုပ် မြေဝယ်မကျနားထောင်မယ်၊ ကျုပ်ကို သူဌေးကြီးဖြစ်အောင်သာ ကူညီပေးပါ"

ဟု ပြောလေရာ ဦးချိန်တီက သက်ပြင်းချ၍

" တကယ်တော့ မင်းကို ငါက လမ်းပြရုံပဲပြလို့ရတာပါ၊ သူဌေးဖြစ်အောင် တကယ်လုပ်ရမှာက မင်းကိုယ်တိုင်ပါ၊ မင်းကိုယ်ထဲမှာရှိတဲ့ တိမ်မြုပ်နေတဲ့ အစွမ်းအစတွေကိုထုတ်ပြီး သူဌေးဘဝကိုရောက်အောင် ကြိုးစားရုန်းကန်ရမယ်၊ မင်းကို ငါ အရေးကြီးဆုံး ပြောချင်တာတစ်ခုကတော့ ကြိုးစားရုန်းကန်ခြင်းဆိုတာ မင်းသေသေချာချာ နားလည်ဖို့ပဲ၊ ရောဝတီမြစ်ကမ်းကိုသွားကြည့်စမ်းပါ၊ အလုပ်နဲ့လက်မပြတ်အောင် ထမ်းပိုးနေတဲ့ကူလီတွေဟာ ဘဝတိုက်ပွဲဝင်နေတဲ့လူတွေပဲ၊ ဒါပေမဲ့ သူတို့ဟာ မှန်ကန်တဲ့ ကြိုးစားရုန်းကန်သူတွေ မဟုတ်ကြဘူး၊ ကြိုးစားခြင်းနဲ့ ဘဝတိုက်ပွဲဝင်ခြင်းဟာ





မတူဘူး၊ မင်းဘဝတစ်လျှောက်လုံး သူတစ်ပါးခိုင်းဖတ်ဘဝနဲ့ ကျင်လည်ခဲ့ရတယ်၊ အနှိမ်ခံဘဝနဲ့ နေထိုင်ခဲ့ရတယ်၊ ဒါဟာ ကြိုးစားရုန်းကန်နေတာမဟုတ်ဘူး၊ မင်းဟာ ဘဝတိုက်ပွဲ ဆင်နွှဲနေတာ၊ ကြိုးစားရုန်းကန်ခြင်းနဲ့ ဘဝတိုက်ပွဲဝင်ခြင်းကို ကွဲပြားအောင် သိဖို့လိုတယ် "

ဟု ပြောလေရာ သုညက သက်ပြင်းချ၍

" ဦးချိန်တီပြောတဲ့ ဘဝတိုက်ပွဲနဲ့ ကြိုးစားရုန်းကန်မှုကို ကျုပ် ကွဲပြားအောင်မသိဘူး "

ဟု ပြောလေ၏။

ထိုအခါ ဦးချိန်တီက

" မင်းမသိလည်း ငါသိအောင်ရှင်းပြမှာပါကွာ၊ ဘဝတိုက်ပွဲဆိုတာ ဘဝမှာ ရင်ဆိုင်လာရတဲ့ ပြဿနာတွေကို ရှောင်လွှဲလို့မရတဲ့အတွက် ဘဝမှာ ဆက်ပြီးတော့ရှင်သန်နိုင်အောင် တိုက်ပွဲဝင်ခြင်းပဲ၊ ဘဝရဲ့အခက်အခဲတွေ၊ ဒုက္ခဆင်းရဲတွေကြားမှာ ရုန်းကန်ခြင်းပဲ၊ ဘာနဲ့တူလဲဆိုတော့ ပင်လယ်ပြင်မှာ သင်္ဘောပျက်တဲ့အခါ ရေထဲမှာ မနစ်သွားအောင် ကူးခတ်နေခြင်းဟာ ဘဝတိုက်ပွဲနဲ့ ဆင်သင်တူ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကြိုးစားရုန်းကန်ခြင်းကတော့ ရေထဲမှာမနစ်အောင် ကူးခတ်နေရုံနဲ့မရဘူး၊ ကမ်းကိုရောက်မဲ့ အခွင့်အလမ်းကို ကူးခတ်ရင်းနဲ့ ရှာဖွေရတယ်၊ အရပ်လေးမျက်နှာမှာ ကမ်းနဲ့အနီးဆုံး ဘယ်နေရာမှာ ရှိနိုင်မလဲ၊ ပင်လယ်ထဲမှာ မျောပါနေတဲ့ သစ်သားစည် တွေ၊ ရေမှာ မမြုပ်နိုင်တဲ့ပစ္စည်းတွေကို ရှာဖွေပြီးတော့ ကမ်းကိုရောက်ဖို့၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကယ်တင်မဲ့ သင်္ဘောလာရင်တွေ့ဖို့ နည်းလမ်းရှာကြံတဲ့လူဟာ ကြိုးစားရုန်းကန်ခြင်းနဲ့တူတယ်၊ ဘဝမှာကြုံတွေ့ရတဲ့ အခက်အခဲတွေကို မသေရုံတမယ် ရုန်းကန်ပြီး ထမင်းစားဖို့လောက် အလုပ်လုပ်တဲ့လူကို ဘဝတိုက်ပွဲ ဝင်တယ်လို့ဆိုချင်တယ်၊ ဘဝမှာကြုံတွေ့ရတဲ့ အခက်အခဲတွေကို ကျော်ဖြတ်ဖို့အတွက် နည်းစနစ်တွေနဲ့ စီမံကိန်းတွေချထားပြီး စနစ်တကျ ကျော်ဖြတ်ခြင်းကို ကြိုးစားရုန်းကန်ခြင်းလို့ခေါ်တယ် ”

ဟု ပြောလေရာ သူညက

“ ဦးချိန်တီပြောတာ ကျုပ် နားလည်သလိုတော့ရှိလာပြီ”

ဟု ပြောလေ၏။

ထိုအခါ ဦးချိန်တီက





“ မင်းဘဝမှာ ကြီးပွားချမ်းသာဖို့ကို တကယ်လိုချင်တယ်ဆိုရင်တော့ ငါပြောတဲ့စကားကို လိုက်နာဖို့စဉ်းစားပေါ့ ”

ဟု ပြောလေ၏။ ထိုအခါ သူညက ဦးချိန်တီ၏ပခုံးကို ကိုင်၍

“ ကျုပ်ဘဝမှာ ဆင်းရဲတွင်းနက်လှပါတယ်၊ တစ်သက်လုံးလည်း သူများခိုင်းဖတ်ဘဝနဲ့ နေခဲ့ရတယ်၊ ဒီနေ့ကစပြီး ကျုပ်ချမ်းသာချင်စိတ် ဖြစ်သွားပြီ၊ တကယ်ကို ချမ်းသာချင်တာပါ၊ ဒါကြောင့် ဦးချိန်တီပြောတဲ့စကားတွေကို လိုက်နာမယ်၊ ကျုပ်ဘဝမှာ ဒီထက်ပိုပြီးဆင်းရဲစရာ အကြောင်းမရှိတော့ပါဘူး၊ ဒီထက်ပိုပြီးလည်း ဒုက္ခဆင်းရဲတွေ့စရာ အကြောင်းမရှိတော့ဘူး၊ ကျုပ်ဘဝမှာ ဘာပဲဖြစ်ဖြစ် အမြတ်တွေချည်းပဲ၊ ဒါကြောင့် ဦးချိန်တီရဲ့စကားကို လိုက်နာမယ်၊ ကျုပ်ကို ချမ်းသာအောင်သာ နည်းပေးလမ်းပြလုပ်ပါ ”

ဟု ပြောလေ၏။

ထိုအခါ ဦးချိန်တီက လက်သီးဆုပ်၍

“ ချမ်းသာဖို့ဆိုတာ အတွေးအခေါ်ဒဿနတွေ၊ တရားမှ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှာဖွေတာထက်စာရင် အင်မတန်လွယ်ကူတဲ့ ကိစ္စတစ်ခုပါကွာ၊ လောကမှာ အင်မတန်ညံ့ဖျင်းတဲ့လူတွေတောင် ကံကြမ္မာက အကျိုး ပေးရင် ကြီးပွားချမ်းသာတတ်ပါတယ်၊ မင်း တကယ်ရည်မှန်းချက် ထားပြီး ကြိုးစားရုန်းကန်မယ်ဆိုရင် ချမ်းသာဖို့အတွက် ငါ အာမခံပါ တယ်၊ မင်း သေချာပေါက် သူဌေးကြီးဖြစ်ရမယ်ကွာ "

ဟု ပြောလေရာ သုညက ဦးချိန်တီး၏မျက်နှာကို ဝမ်းသာ အားရကြည့်၍

" ကျုပ်တစ်ကိုယ်လုံး ကြက်သီးတွေ တဖြန်းဖြန်းထလာ တယ်ဗျ၊ ကျုပ်တကယ့်ကို သူဌေးကြီးဖြစ်အောင်လုပ်မယ်ဗျာ၊ ကျုပ်ရဲ့ဘဝက သေမထူး၊ နေမထူး ဘဝဗျ၊ သူများရဲ့အောက်မှာ နှင်းပြားဘဝနဲ့ နေတာထက်စာရင် သူဌေးကြီးဖြစ်မှကောင်းမယ်၊ ကျုပ်ကို သူဌေးကြီးဖြစ်အောင် ကူညီဖြစ်အောင် ကူညီပေးပါဗျာ"

ဟု ပြောလေရာ ဦးချိန်တီးက

" မင်းကို မဖြစ်ဖြစ်အောင်လုပ်ပေးမယ်လို့ ငါပြောခဲ့ပြီးပြီ မဟုတ်လား၊ သူဌေးဖြစ်ဖို့အတွက် အလွယ်ဆုံးနည်းလမ်းလေးတွေကို ငါပေးမယ်၊ ဒီနည်းလမ်းလေးတွေက ဘယ်သူမဆိုလုပ်နိုင်တယ်ကွ





လူတွေဟာ မလုပ်ချင်လို့ကို မလုပ်ကြတာ၊ လုပ်နိုင်ရဲ့သားနဲ့ မလုပ်ကြ တာကို ငါ အံ့ဩလို့မဆုံးဘူး၊ ဒါကြောင့် မင်း ဒီနေ့ကစပြီး ငါ့စကားကို လေးလေးနက်နက် နားထောင်ပါ၊ ငါခိုင်းတာကို စိတ်ဝင်တစားလုပ်ကိုင် ဖို့ ကြိုးစားပါ၊ မင်း တစ်နေ့ သူဌေးကြီးဖြစ်မှာ သေချာတယ် "

ဟု ပြောလေရာ သုညက သက်ပြင်းချ၍

" ကျုပ်မှာ သူတစ်ပါးလို အရင်းအနှီးလည်းမရှိဘူး၊ ငွေကြေးအသိုင်းအဝိုင်းလည်းမရှိဘူး၊ စီးပွားဥစ္စာလည်းမရှိဘူး "

ဟု ပြောလေရာ တရုတ်ကြီး ဦးချိန်တီးက ခေါင်းခါယမ်း၍

" ဒါတွေမလိုပါဘူးကွာ၊ ကမ္ဘာပေါ်မှာရှိတဲ့ ချမ်းသာကြွယ်ဝ တဲ့ ကုဋေကြွယ်သူဌေးကြီးတွေဟာ လူဆင်းရဲဘဝက လာခဲ့ကြတာ များတယ်ကွ၊ ကုဋေကြွယ်သူဌေးကြီးအယောက်(၁၀၀)မှာ (၉၀) ယောက်က လူဆင်းရဲဘဝက လာတဲ့သူတွေချည်းပဲ၊ ဒါကြောင့် စည်းစိမ်ဥစ္စာမရှိလို့ ငါ တစ်သက်လုံးသူဌေးမဖြစ်နိုင်တော့ဘူးလို့ စိတ်ညစ်စရာမလိုဘူး၊ သူဌေးဖြစ်ဖို့အတွက် နည်းလမ်းတွေရှိတယ်၊ ဒီနည်းလမ်းတွေကို စနစ်တကျ လိုက်နာရင် သူဌေးဖြစ်မှာပဲ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ငါပြောတဲ့နည်းလမ်းတွေကို တိတိကျကျလိုက်နာမယ်ဆိုရင် သူဌေး

ဖြစ်မယ်လို့ ငါ ကျိန်းသေကတိပေးတယ် ''

ဟု ပြောလေရာ သူညသည် ဝမ်းသာလွန်းသဖြင့် ''ဟေး''

ခနဲ အော်ဟစ်လိုက်ပြီး

'' ကျုပ် သူဌေးဖြစ်တော့မယ်၊ သူဌေးကြီးဖြစ်တော့မယ် ''

ဟု ကြွေးကြော်လိုက်လေ၏။

ထိုအခါ တရုတ်ကြီး ဦးချိန်တီက သူည၏ပခုံးကိုပုတ်၍

'' တကယ်တော့ ချမ်းသာခြင်းနဲ့ ဆင်းရဲခြင်းဆိုတာ ကွာ

ချက်လေးတစ်ခုပါပဲကွာ၊ ဘာပဲဖြစ်ဖြစ် ဆင်းရဲတဲ့လူနဲ့ ချမ်းသာတဲ့

နှစ်ဦးယှဉ်ရင် ချမ်းသာတဲ့လူက ပိုပြီးစိတ်ချမ်းသာစရာရှိပါတယ်

လောဘရမ္မက်တွေ အဆမတန်ထားပြီး ကိုယ်ကျိုးတစ်ခုတည်းကြ

တဲ့ ချမ်းသာသူတွေကတော့ ကောင်းကျိုးချမ်းသာကိုရမှာမဟုတ်ဘူ

လူဟာ ကိုယ့်ရဲ့အတ္တကို ကိုယ်ထိန်းချုပ်နိုင်ရတယ်၊ အတ္တ

မထိန်းချုပ်နိုင်ရင်တော့ စိတ်ဆင်းရဲရမှာပဲ ''

ဟု ပြောလေ၏။

'' ကဲ... မင်းချမ်းသာချင်တယ်ဆိုရင် မနက်ဖြန်ကစပြီး





ခိုင်းတဲ့ အလုပ်ကိုလုပ်ရမယ် ''

ဟု ဆိုကာ သူ၏အိမ်ငယ်လေးထဲသို့ ဝင်ရောက်သွားပြီး

ထွက်လာလျှင် သူည၏လက်ထဲသို့ နာရီလေးတစ်လုံး ထည့်ပေး

လိုက်လေ၏။

ထိုနာရီသည် အဖုံးပါရှိပြီး ရွှေရောင်ကြိုးဖြင့် ချိတ်ဆွဲရသော

နာရီဖြစ်၏။

သူညက နာရီကို အံ့သြဟန်ဖြင့်ကြည့်၍

'' ကျုပ်က ဒီနာရီကို ဘာလုပ်ရမှာလဲ ''

ဟု မေးမြန်းလေ၏။

ထိုအခါ

'' မင်း မနက်ဖြန်ကစပြီးတော့ ရွှေနံ့သာတောင်ပေါ်ကိုသွား

ပြီး ရွှေစေတီရှေ့မှာ တင်ပျဉ်ခွေထိုင်ရမယ်၊ ပြီတော့ ဉာဏ် ဉာဏ်

ဉာဏ်ဆိုတဲ့စကားကို လေသံတိုးတိုးနဲ့ တစ်နာရီတိတိ ရွတ်ရမယ်၊

မင်းမှာ နာရီမရှိဘူး၊ ဒါကြောင့် နာရီကိုသိရအောင် မင်းအတွက်

နာရီတစ်လုံးပေးလိုက်တာပဲ ''

ဟု ပြောလေရာ သူညက ဦးချိန်တီကို နားမလည်ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍

" ကျုပ်က ဘုရားရှေ့သွားပြီး ဘာဖြစ်လို့ ဉာဏ် ဉာဏ် ဉာဏ်ဆိုပြီးတော့ နေ့စဉ်ရွတ်နေရမှာလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးချိန်တီက သူညကိုကြည့်၍

" မင်းကိုကြည့်ရတာ ငါ့ရဲ့စကားကို မယုံသလိုပဲ၊ မင်း သူဌေးဖြစ်ချင်ရင် ဘာမှငါ့စကားကို စောဒကမတက်နဲ့၊ ငါပြောတဲ့ အတိုင်း တစ်လုံးမကျန်လိုက်နာ၊ မင်းကို အကျိုးမရှိဘဲ ဘာအလုပ်မှ မလုပ်နိုင်ဘူး "

ဟု ပြောလေရာ သူညက ဦးချိန်တီကို ယုံကြည်ဟန်မရှိသေးဘဲ

" အဲဒီဉာဏ်ဆိုတဲ့စကားကို ဘုရားရှေ့မှာရွတ်ရုံနဲ့ သူဌေးဖြစ်မှာလား "

ဟု ပြောလေရာ ဦးချိန်တီက

" မင်းအတွက် အရေးမပါဘဲ ငါဘာမှမလုပ်နိုင်ဘူး၊ ဒီခေတ်ဟာ အချိန်တွေ အလွန်တန်ဖိုးရှိတယ်၊ မင်းကို အကျိုးရှိမယ်





...င်လို့ ဒီလိုရွတ်နိုင်းရတာပဲ၊ ဘယ်နှစ်ရက်ရွတ်ရမလဲလို့ ငါ့ကို ...နဲ့၊ မင်း ဒီမြို့မှာရှိနေသရွေ့ နေ့စဉ်သွားပြီး ဉာဏ်ဆိုတဲ့စကားကို ...ဆိုနေရမယ် "

ဟု ပြောလေရာ သူညက သက်ပြင်းချလိုက်ပြီး

" ကောင်းပါပြီ၊ ကျုပ် မနက်ဖြန်ကစပြီး မနက်စောစော ...စေတီဆီကိုသွားပြီး ဉာဏ် ဉာဏ် ဉာဏ်လို့ ရွတ်ဆိုနေပါ့မယ်၊ ...ပ် သူဌေးကြီးဖြစ်အောင် ဦးချိန်တီက ကူညီပေးဖို့မမေ့ပါနဲ့ "

ဟု ပြောလေ၏။

ဦးချိန်တီက ခေါင်းညိတ်၍

" မင်း ငါ့ရဲ့စကားကို မြေဝယ်...ချ နားထောင်ရင် မင်း ...ဌေးဖြစ်မှာပါ၊ မင်းမှာ မပြည့်စုံသေးတာတွေ အများကြီးရှိတယ်၊ ...ခါတစ်ရံ ငါလုပ်တဲ့အလုပ်တွေကိုဝင်ပြီးတော့ မနှောင့်ယှက်ပါနဲ့၊ ...သူဌေးဖြစ်ဖို့ ငါတာဝန်ယူပါတယ် "

ဟု ပြောလေရာ သူညသည် ဦးချိန်တီကို စောဒကမတက်ဝံ့ ...ဘဲ နောက်တစ်နေ့တွင် ရွှေနံ့သာစေတီကုန်းပေါ်သို့ မနက် ...စောတက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနံ့သာတောင်ကုန်းပေါ်မှကြည့်လျှင် ဧရာဝတီမြစ်တွင်းသို့ မြင်တွေ့ရ၏။

ရွှေနံ့သာတောင်ကုန်းပေါ်ရှိ ရွှေစေတီ၌ထိုင်၍ ဦးချိန့်တီ ရေရွတ်ခိုင်းသည့်အတိုင်း ဉာဏ် ဉာဏ် ဉာဏ် ဟူ၍ တစ်နာရီတိတိ ရေရွတ်ရလေ၏။

တစ်နာရီပြည့်သောအခါ ရွှေစေတီမှ တစ်ကိုယ်တည်း ပြ ဆင်းလာခဲ့၏။ ထို့နောက် မြို့ထဲရှိ တောက်တိုမယ်ရအလုပ်များကို လိုက်လံလုပ်ကိုင်ခဲ့၏။

ထိုသို့ရေရွတ်ရင်း တစ်ပတ်ခန့်ရှိသောအခါ ဦးချိန့်တီက သူည အား ခေါ်ယူ၍

" မင်းကို ဘာဖြစ်လို့ နေ့စဉ် ဉာဏ်ဆိုတဲ့စကားကို ရွတ်ခိုင်း တာလဲ သိသလား၊ တကယ်တော့ ကြီးပွားချမ်းသာဖို့အတွက် အရေးအကြီးဆုံးဟာ ဉာဏ်ပဲကွ၊ စီးပွားချမ်းသာချင်ရင် ဘာလုပ်လုပ် ဉာဏ်ရှိဖို့လိုတယ်၊ ဉာဏ်မပါတဲ့ အလုပ်က ဘယ်တော့မှမအောင်မြင် နိုင်ဘူး "

ဟု ပြောလေရာ သူညသည် စိတ်ပျက်လက်ပျက်ဖြင့်





ဦးချိန့်တီအား ကြည့်လိုက်ပြီး

" ကျုပ်ဘဝ ချမ်းသာကြွယ်ဝဖို့အတွက် ဉာဏ်ကို အသုံးချ ရမယ် ဟုတ်လား၊ ကျုပ်ဟာ ဉာဏ်သိပ်ကောင်းတဲ့လူ မဟုတ်ဘူးဗျ၊ ချမ်းသာဖို့အတွက် ဉာဏ်ရှိရမယ်ဆိုရင် ကျုပ်တော့ ချမ်းသာနိုင်ပါ့ မလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးချိန့်တီက သူညကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" လူတိုင်းက ဉာဏ်ဟာ အရေးပါ၊ အရာရောက်မှန်းသိရဲ့ သားနဲ့ ဉာဏ်ကို နေရာဒေသအလျောက် အသုံးမပြုတတ်ဘူး "

ဟု ပြောလေ၏။

ဦးချိန့်တီက ဆက်၍

" ဟော့ကောင် မင်းကို ဉာဏ်ရည်ဉာဏ်သွေး အရမ်းကောင်း ပြီး သူတစ်ပါးရှေ့မှာ ခေါင်းတစ်လုံးမြင့်နေရမယ်လို့ မဆိုလိုဘူးကွ၊ ကိုယ်နေ့စဉ်လုပ်နေတဲ့ အလုပ်လေးတွေမှာပဲ သတိနဲ့ထိန်းပြီးတော့ ဉာဏ်ကို အသုံးပြုသွားဖို့ပြောတာ၊ မင်းရဲ့ဉာဏ်ပညာဟာ မိုးထိ အောင် တိုးတက်နေဖို့မလိုဘူး၊ နေ့စဉ်လုပ်တဲ့အလုပ်လေးတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်လေးနဲ့ ယှဉ်ကြည့်ပြီးတော့ အလုပ်လုပ်သွားမယ်ဆိုရင် မင်းဘဝ ကြီးပွားအောင်မြင်မှာပဲ "

ဟု ပြောလေ၏။

ဦးချိန်တီ၏စကားကို နားထောင်၍ စိတ်အားတက်ကြွမှု မဖြစ်ဘဲ သက်ပြင်းချ၍

" ကျုပ်မှာ ဉာဏ်နည်းလို့ ဆင်းရဲနွမ်းပါးပြီး သူတစ်ပါး နိုင်းဖတ်ဖြစ်နေရတာပေါ့ဗျား၊ ဒီလိုလူမျိုးက ဉာဏ်ရှိမှ ကြီးပွား ချမ်းသာမယ်ဆိုရင် ကျုပ် ဘယ်လိုလုပ်ကြီးပွားတော့မှာလဲ၊ ကျုပ် ထက် ပညာတတ်တဲ့သူတွေ၊ အသိပညာရှိတဲ့လူတွေသာ ချမ်းသာ ကြွယ်ဝတော့မှာပေါ့၊ ကျုပ်ဘဝက ဦးချိန်တီပြောသလို ဖြစ်မှဖြစ်ပါ့ ဦးမလားဗျာ "

ဟု စိတ်ပျက်ဟန်ဖြင့် ရေရွတ်လေ၏။ ထိုအခါ ဦးချိန်တီက ခေါင်းခါယမ်း၍

" ဒီမှာ သူညာ၊ မင်းရဲ့အတွေးအခေါ်ဟာ အမှားကြီးမှားနေပြီ၊ ဘာလုပ်လုပ် ဉာဏ်ပါမှအလုပ်ဖြစ်မယ်ဆိုတာ ရှေ့ဉာဏ်ရှင်ကြီးတွေမှ လုပ်လို့ဖြစ်တယ်လို့ဆိုတာ မဟုတ်ဘူးကွ၊ ပညာတစ်လုံးမှမတတ်တဲ့





သူတော်င်မှ ကိုယ်လုပ်မဲ့အလုပ်ကို ဉာဏ်ကိုအသုံးချပြီး တိုးတက် အောင် လုပ်လို့ရတယ် "

ဟု ပြောလေရာ သူညာသည် အံ့သြသွားလေ၏။

သူညာက

" ဒါဆိုရင် ကျုပ်က ဉာဏ်ကို အသုံးချပြီး တိုးတက်အောင် လုပ်လို့ရတယ်ပေါ့ "

ဟု ပြောလေရာ ဦးချိန်တီက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဉာဏ်ကို အသုံးပြုပြီးတော့ ကိုယ့်ဘဝကို တိုးတက်ကောင်းမွန်အောင် ဘယ်လိုလှုကျင့်ရမလဲဆိုတာ မင်းကို ငါ လက်တွေ့ပြပေးမယ်၊ တကယ်တော့ ဘဝမှာ ဉာဏ်ဆိုတာ အလွန် အရေးပါပါတယ်၊ ဉာဏ်ကို အသုံးပြုပြီး လောကမှာ ခက်ခဲတဲ့အရာ မှန်သမျှ ရအောင်ယူလို့ရတယ်၊ သတ္တဝါတွေထဲမှာ လူဟာ အသိဉာဏ်အရှိဆုံး သတ္တဝါဖြစ်တဲ့အတွက် ကိုယ့်ထက် ခွန်အားကြီးမားတဲ့ ဆင်လို သတ္တဝါကြီးတွေကိုတောင် အောင်နိုင်ခဲ့ တာပဲ "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးချိန်တီ၏စကားကို သုညက စိတ်ဝင်စားစွာ ဆက်လက်နားထောင်နေလေ၏။

ဦးချိန်တီက

" ငါတို့ လူ့လောကကြီးမှာဖြစ်ပေါ်နေတဲ့ ပြုပြင်ပြောင်းလဲမှုကြီးတွေ၊ တိုးတက်မှုကြီးတွေအားလုံး ဉာဏ်ကို အခြေခံပြီးဖြစ်ပေါ်လာတာပဲ၊ ကျောက်ခေတ်ကစပြီး လူတွေဟာ ဉာဏ်ဖွံ့ဖြိုးလာမှုကြောင့် ယဉ်ကျေးမှုအဆင့်အတန်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာခဲ့ရတယ်၊ အသိဉာဏ်ပညာ ဖွံ့ဖြိုးမှုကြောင့် စက်မှုသိပ္ပံပညာတွေ တိုးတက်လာရတယ်၊ လူတွေရဲ့ အသိဉာဏ်ပညာကြောင့် ကမ္ဘာလောကကြီး တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ပြောင်းလဲလာရတယ်၊ လောကမှာ ဉာဏ်ကို အသုံးချနိုင်ရင် ဘယ်အရာမဆို ရအောင်ယူနိုင်တယ်ကွ၊ တကယ်တော့ ဉာဏ်ဟာ အကြီးမားဆုံး တန်ခိုးရှင်ကြီးပါပဲကွာ၊ လူတွေဟာ ကိုယ့်မှာ ပိုင်ဆိုင်ခွင့်ရှိတဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ခိုးစွမ်းအင်ကြီးကို အသုံးမချကြဘူး၊ ဒီစွမ်းအင်ကြီးဟာ မွေးကတည်းက လူနဲ့အတူ ပါလာခဲ့တာကွ၊ လူတွေဟာ ဉာဏ်ပညာကို အသုံးချရကောင်းမှန်း မသိကြဘူး၊ ကလေးအရွယ် လူငယ်တွေ





ကို ပညာသင်ကြားတယ်ဆိုတာ ဉာဏ်ရည်အဆင့်အတန်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားစေဖို့ပဲကွ၊ နောက်ပြီးတော့ လူရဲ့ဉာဏ်ရည်ဟာ ထူးခြားမှုတစ်ခုရှိတယ်၊ ဉာဏ်ရည်ကို အသုံးမပြုဘဲ နှစ်တွေ၊ လတွေကြာညောင်းခဲ့ရင် ဉာဏ်ဟာ တုံးသွားပြီးတော့ ဉာဏ်ရည်ဉာဏ်သွေး ထက်ထက်မြက်မြက် မရှိတော့ဘူး၊ ဒါကြောင့် ဉာဏ်ကို အလေ့အကျင့်လုပ်ပြီး အမြဲတမ်း အသုံးပြုနေသင့်တယ် "

ဟု ပြောလေ၏။

တရုတ်ကြီး ဦးချိန်တီ၏စကားများသည် သုညအတွက် အလွန်အရေးပါသော စကားများဖြစ်နေ၏။

သုညက

" ကျုပ်ဘဝမှာ ဉာဏ်ကို အသုံးချမှု အလွန်နည်းပါးခဲ့ပါတယ် "

ဟု ပြောလေရာ ဦးချိန်တီက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဒီလိုနည်းပါးလို့လည်း မင်းဟာ သူများရဲ့ နိုင်းဖတ် ဖြစ်နေရတာပေါ့၊ မင်းမှာ ဉာဏ်ရှိရင် အခုလောက်ဆိုရင် အများကြီး တိုးတက်နေလောက်ပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ သူညက

" ကျုပ် ဉာဏ်ကို အသုံးချချင်တယ်၊ ဘယ်လိုနည်းနဲ့ အသုံးချရမလဲ၊ နည်းလမ်းပေးပါဦး "

ဟု ပြောလေ၏။

ထိုအခါ တရုတ်ကြီး ဦးချိန်တီက

" ဘုန်းကြီးကျောင်းနောက်က တဲလေးမှာ မင်းတစ်ယောက်တည်းနေမဲ့အစား မင်း ငါနဲ့လာပြီး ကူဖော်လောင်ဖက်လုပ်ပါလား၊ မင်းကို ဉာဏ်ရဲ့အစွမ်း အသုံးချပုံကို လက်တွေ့ကသင်ပြပေးချင်လို့"

ဟု ပြောလေ၏။

ထိုအခါ သူညသည် ဘုန်းကြီးကျောင်းအနောက်တွင်ရှိသော တဲအိမ်လေးတွင်မနေတော့ဘဲ ဦးချိန်တီ၏နေအိမ်သို့ ပြောင်းလဲနေထိုင်ခဲ့လေ၏။

ဦးချိန်တီသည် တရုတ်မိသားစုရှိရာ ခြံဝန်းကြီး အနောက်ဖက်ရှိ အိမ်ငယ်လေး၌ တစ်ကိုယ်တည်းနေထိုင်လေ၏။

ထိုနေ့နံနက်သို့ရောက်သောအခါ ဦးချိန်တီသည် သူညအား





ခြံတွင်းသန့်ရှင်းရေးကို လုပ်ကိုင်ခိုင်းလေ၏။

သူညသည် ခြံထဲရှိ အမှိုက်သရိုက်များကို လှည်းကျင်းရင်း၊ အမှိုက်များကို မီးရှို့လေ၏။

ခြံရှိ အမှိုက်များရှင်းလင်းသွားသောအခါ ဦးချိန်တီက

" ဟေ့ကောင်၊ မင်း ငါနဲ့လိုက်ခဲ့ရမယ် "

ဟု ဆိုကာ ခြံထဲမှထွက်ခဲ့ကြလေ၏။ မြို့တစ်နေရာသို့ရောက်သောအခါ

" ဟိုမှာ ဒေါ်အေးမြ မုန့်ဟင်းခါးဆိုင်တွေ့တယ်မဟုတ်လား၊ ဒီဆိုင်မှာ ငါတို့ မုန့်ဟင်းခါးစားမယ် "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဦးချိန်တီနှင့် သူညသည် မုန့်ဟင်းခါး တစ်ပွဲစီမှာ၍ စားသောက်ကြလေ၏။

သူညသည် မိမိရှေ့သို့ မုန့်ဟင်းခါး ပန်းကန်ရောက်သောအခါ စားပွဲခုံပေါ်တွင် အသင့်ချပေးသော ငံပြာရည်ပုလင်းထဲမှ ငံပြာရည်အနည်းငယ်ထည့်၏။

အသင့်လှီးထားသောရှောက်သီးစိပ်ကလေးကိုလည်း ယူ၍



www.burmeseclassic.com

www.burmeseclassic.com



ညှစ်၏။

ဦးချိန့်တီကမူ မုန့်ဟင်းခါးကို ဖွန်းဖြင့် မြည်းစမ်းပြီးနောက် ငံပြာရည်နှင့်ရောက်သီး ညှစ်ခြင်းမရှိဘဲ ပုံမှန်အတိုင်းပင် စားလေ၏။

စားသောက်ပြီးနောက် မုန့်ဟင်းခါးဆိုင်မှ ထွက်ခဲ့ကြလေ၏။ လမ်းသို့ရောက်သောအခါ သုညက

" ကျုပ်ကို ဉာဏ်အသုံးချဖို့ သင်ကြားပေးမယ်ဆို၊ ဘယ်လို သင်မှာလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးချိန့်တီက

" မင်းကို စောစောတုန်းက မုန့်ဟင်းခါးဆိုင်ကိုခေါ်သွားတာ အကြောင်းမဲ့မဟုတ်ဘူးကွ၊ လောကမှာ အသေးအဖွဲကိစ္စလေးတွေမှာ ဉာဏ်ကို အသုံးပြုလို့ရတယ်ဆိုတာ လက်တွေ့ပြချင်လို့ပဲ၊ မုန့်ဟင်းခါးဆိုင်ကိုရောက်တော့ စားပွဲပေါ်မှာတင်ထားတဲ့ ငံပြာရည်ပုလင်းနဲ့ ရောက်သီးစိပ်လေးတွေကို မင်း သတိရသလား "

ဟု မေးမြန်းလေ၏။

ထိုအခါ သုညက





" သတိရပါတယ်ဗျာ၊ ကျုပ်ကိုယ်တိုင်တောင်မှ ဖန်းကန်ထဲကို ငံပြာရည်ထည့်ပြီး ရောက်သီးစိပ်ညှစ်ထည့်ခဲ့တာပဲ "

ဟု ပြောလေရာ ဦးချိန့်တီက ခေါင်းတဆတ်ဆတ်ညိတ်၍

" မင်းရဲ့အပြုအမူကို လက်တွေ့သုံးသပ်ပြရရင် မင်းဟာ ဆိုင်မှာ အလကားပေးထားတဲ့ ငံပြာရည်နဲ့ ရောက်သီးစိပ်ကို မုန့်ဟင်းခါး စားရင် ထည့်ရမယ်ဆိုတဲ့အသိစိတ်နဲ့ ငံပြာရည်နဲ့ရောက်သီးစိပ်ကို ထည့်လိုက်တယ်ကွ၊ တကယ်တော့ မင်းလုပ်သင့်တာက မုန့်ဟင်းခါးကို အရင်ဆုံးမြည်းကြည့်သင့်တယ်၊ မုန့်ဟင်းခါးဟာ အတော်ကြီးငန်နေတဲ့အတွက် ငံပြာရည် ထည့်စရာမလိုဘူး၊ နောက်ပြီးတော့ မုန့်ဟင်းခါးလာမချမီ ဆိုင်ရှင်မိန်းမကြီးက ဟင်းရည်ထဲကို ရောက်သီးညှစ်ပြီးသားကွ၊ ဒါကြောင့် မုန့်ဟင်းခါးမှာ အချဉ်ဓာတ်ရှိပြီးသား၊ ရောက်သီးလည်း ညှစ်စရာမလိုဘူး "

ဟု ပြောလေရာ သုညက ခေါင်းညိတ်၍

" အဟုတ်ပဲဗျာ၊ ကျုပ် မုန့်ဟင်းခါးက နဂိုကတည်းက ငန်ပြီးသားကို ငံပြာရည်တွေ သွားထည့်တော့ ပိုပြီးငန်လာတယ်၊ နောက်ပြီးတော့ မုန့်ဟင်းခါးမှာ အချဉ်ဓါတ်ပါပြီးသားကို ရောက်သီး

www.burmeseclassic.com



ထပ်ပြီးညစ်တော့ ပိုပြီးချဉ်လာတယ်၊ ဘယ်လိုမှ အရသာမရှိဘူး"

ဟု ပြောလေ၏။

ထိုအခါ ဦးချိန့်တီက

" မင်းကို ဘာမဟုတ်တဲ့ အသေးအဖွဲကိစ္စတွေမှာ ဉာဏ်ကို အသုံးပြုလို့ရတယ်လို့ ငါပြောခဲ့တယ်၊ မင်းဟာ မုန့်ဟင်းခါးစားတဲ့ နေရာမှာတော့ ဉာဏ်ကို အသုံးမပြုခဲ့တဲ့အတွက် ကောင်းမွန်ပြီး အရသာရှိတဲ့ မုန့်ဟင်းခါးဟာ စားခွင့်မကြုံခဲ့ဘူး၊ ဒါကြောင့် အသေးအဖွဲကိစ္စလေးမှာ ဉာဏ်ကိုအသုံးပြုခြင်းဖြင့် မင်းရဲ့ဉာဏ်ရည် ဉာဏ်သွေးဟာ တဖြည်းဖြည်း မြင့်တက်လာလိမ့်မယ်၊ မင်းကို ငါ လက်တွေ့ကျတဲ့ ဥပမာလေးတွေ သင်ပြပေးမယ်၊ နောက်ကျရင် မင်း တဖြည်းဖြည်း တိုးတက်လာလိမ့်မယ် "

ဟု ပြောလေ၏။

ထို့နောက် ဦးချိန့်တီက သုညအား မြို့ပေါ်ရှိ အမြင့်ဆုံး ရွှေယင်းမာတောင်ပေါ်သို့ ခေါ်ဆောင်သွားလေ၏။

၎င်းတို့နှစ်ဦးသည် တောင်ပေါ်သို့ တရွေ့ရွေ့တက်ပြီး တောင်ပေါ်မှ မြို့တစ်မြို့လုံးကို စီး၍ မြင်ရလေ၏။





ထို့နောက် ဦးချိန့်တီက တောင်ပေါ်မှနေ၍ မြို့ကို လက်ညှိုး ညွှန်ပြလိုက်ပြီး

" သုည တောင်ပေါ်ကနေ မြို့ကြီးတစ်မြို့လုံးကို စီးပြီး မြင်နေရတယ်၊ မြို့လယ်ခေါင်ကနာရီစင်ကြီးကို မြင်ရလား "

ဟု မေးမြန်းလေ၏။

ထိုအခါ သုညက

" မြင်ရပါတယ်၊ မြို့လယ်ခေါင် နာရီစင်ကြီးဟာ မြို့မှာ အမြင့်ဆုံးဆိုတော့ ထင်းနေတာပဲ "

ဟု ပြောလေ၏။

ထိုအခါ တရုတ်ကြီး ဦးချိန့်တီက

" အဲဒီနာရီစင်ကြီးကိုရောက်အောင်သွားဖို့အတွက် လမ်းသွယ်လေးတွေ အများကြီးရှိတယ်၊ မင်း သေသေချာချာကြည့်စမ်း"

ဟု ပြောလေ၏။

ထိုအခါ သုညက နာရီစင်ကြီးကို သေချာစွာ ကြည့်ရှုသော အခါ နာရီစင်သို့ရောက်အောင်သွားနိုင်သော လမ်းသွယ်များကို မြင်တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးချိန်တီက

" လူ့ဘဝအောင်မြင်မှုဆိုတာ နာရီစင်ကြီးတစ်ခုလိုပဲ၊ နာရီစင်
ကြီးကိုရောက်အောင်သွားနိုင်တဲ့ လမ်းတွေအများကြီးပဲ၊ ဒီလိုပဲ
ဘဝမှာ အောင်မြင်မှုရဖို့အတွက် တစ်လမ်းမဟုတ် တစ်လမ်းက
ဖွင့်ပြီးသွားတတ်ရတယ်၊ ဒီလမ်းကနေမရောက်ရင် နောက်တစ်လမ်း
ပြောင်းပြီးသွားရတယ်၊ လမ်းတစ်လမ်းမရောက်ရင် နောက်တစ်လမ်း
ပေါ့ကွာ၊ အောင်မြင်မှုတစ်ခုရဖို့အတွက် နည်းလမ်းတစ်ခုတည်း
ရှိတယ်ဆိုတာ ဘယ်တော့မှမဟုတ်နိုင်ဘူး၊ လူတွေဟာ အလုပ်တစ်
ကိုလုပ်လို့ အောင်မြင်မှုမရဘူးဆိုရင် စိတ်ပျက်ပြီးတော့ နော
ကြောင်း ပြန်လှည့်သွားတာများတယ်၊ တကယ်တော့ အောင်မြင်
တစ်ခုရဖို့အတွက် နောက်ထပ်လမ်းတွေ အများကြီးရှိတယ်၊ လ
တစ်ခုဟာ ဘယ်တော့မှ ပြီးဆုံးမသွားဘူး၊ နောက်ထပ်ထွက်ပေါ
မဲ့လမ်းတွေကို ရှာဖွေ တတ်ဖို့လိုတယ်၊ ဘဝဆိုတာ အကြီးမား
ရင်ဆိုင်တိုက်ပွဲကြီးပဲ၊ ဘဝမှာ အသက်ရှင်နေထိုင်သရွေ့ လျှောက်
လမ်းတွေ အများကြီးရှိတယ်၊ လမ်းတစ်လမ်းတည်းရှိတယ်ဆို
လက်လျှော့ပြန်ဖို့ မဖြစ်နိုင်ဘူး "





ဟုပြောလေ၏။

ထိုအခါ သူညက ခေါင်းညိတ်ပြီး

" ဦးချိန်တီပြောတာ သိပ်ပြီးတော့ သဘာဝကျတယ်၊ စိတ်
ာက်ကြွဖို့လည်း အလွန်ကောင်းတယ်၊ ဒါကြောင့် ကျုပ်ရင်ထဲ
ွဲထင်သွားအောင် မှတ်သားထားပါ့မယ် "

ဟုပြောလေ၏။

ဦးချိန်တီက ဆက်လက်၍

" အောင်မြင်မှုတစ်ခုရဖို့အတွက် ဉာဏ်ရည်ဉာဏ်သွေး
အသုံးချရမယ်လို့ မင်းကို ငါပြောခဲ့တယ်၊ တကယ်တော့
မြင်မှုကိုရဖို့ ရွှေဉာဏ်ရှင်ကြီးတွေမှ ဖြစ်နိုင်တဲ့ကိစ္စ မဟုတ်
ဘာမဟုတ်တဲ့ အသေးအဖွဲ့ကိစ္စလေးတွေမှာ ဉာဏ်ကို
သုံးတဲ့ အကျင့်ရအောင် မွေးမြူထားပါ၊ ဟောဒီ ရွှေယင်းမာ
ကြီးပေါ်တက်ဖို့ လမ်းသုံးလမ်းရှိတယ် ဆိုပါစို့၊ လမ်းသုံးသွယ်
လမ်းသွယ်နှစ်ခုကတော့ ခရီးလမ်းကြမ်းတမ်းပြီးတော့
တဲ့ တောင်ကုန်းတွေရှိတယ်၊ တတိယလမ်းသွယ်
ခရီးလမ်းပြေပြစ်ပြီးတော့ တောင်တက်ရတာလည်း



www.burmeseclassic.com

www.burmeseclassic.com



လွယ်ကူတယ်၊ ဒီလို လမ်းသုံးသွယ်ရှိတဲ့အထဲက တောင်ပေါ်
တက်မယ်ဆိုရင် ဘယ်လမ်းကိုရွေးမလဲ"

ဟု မေးမြန်းလေရာ သူညက

" အကောင်းဆုံးလမ်းကနေ ရွေးတက်သင့်တာပေါ့ဗျာ

ဟုပြောလေ၏။

ထိုအခါ ဦးချိန်တီက

" ဒီအဖြေရဖို့အတွက် လွယ်လွယ်လေးပဲ စဉ်းစားလို့ရတ
ဒါပေမဲ့ လူတွေဟာ ရွှေယင်းမာတောင်ပေါ်ကို ကြမ်းတမ်းတဲ့
နှစ်သွယ်ကနေ တက်ကြတယ်၊ သူတို့ဟာ အကောင်းဆုံး
တစ်လမ်းရှိတယ်ဆိုတာ သိရဲ့သားနဲ့ လမ်းကြမ်းတွေကပဲ တက်
ရှိတယ်၊ မြို့ပေါ်မှာ မုန့်ဟင်းခါးဆိုင်နှစ်ဆိုင်ရှိတယ်၊ နှစ်ဆိုင်ထဲ
ဒေါ်ဥက်ထော်ကြီးရဲ့ဆိုင်က အလွန်ညံ့တယ်၊ ဒါပေမဲ့ လူတွေ
ဒေါ်ဥက်ထော်ကြီးရဲ့ မုန့်ဟင်းခါးဝယ်ပြီး စားနေကြတုန်းပဲ၊ ကော
တဲ့ဆိုင်မှာ ရွေးပြီးစားရမယ်ဆိုတာ မစဉ်းစားမိကြဘူး၊ လော
ရှိတဲ့ လူတွေဟာ အကောင်းနဲ့အဆိုး ခွဲခြားပြီး သိမြင်နိုင်စွမ်း
ဉာဏ်လေးကိုတောင် အသုံးမချချင်ကြဘူး၊ ဒါကြောင့်





ာတမှာ ခပ်ညံ့ညံ့လူတွေ ဆက်ပြီးတော့ အသက်ရှင်နေတာပေါ့၊
ရာသီ ပွဲအိုက်တဲ့အခါ ထူထူထဲထဲ အဝတ်အစားတွေ ဝတ်တာ
ာ်ပါးလျတဲ့ အဝတ်အစားတွေဝတ်တာ ပိုပြီးတော့ နေသာ
ိုင်သာ ရှိတယ်၊ သက်သောင့်သက်သာ လည်းဖြစ်တယ်၊ ဒါပေမဲ့
ူတွေဟာ မစဉ်းစားမဆင်ခြင်ဘဲ ထူထဲတဲ့ အဝတ်အစားတွေကို
ာ်ပြီး ပွဲအိုက်တယ်လို့ ညည်းညူကြတယ်၊ နေပူကြီးထဲက
ြန်လာပြီး ချက်ချင်း ရေချိုးရင် အပူရှပ်ပြီး ဖျားတတ်တယ်၊ ဒါပေမဲ့
ူတွေဟာ နေပူထဲက ပြန်လာတဲ့အခါတိုင်း မကြောက်မရွံ့
ရေချိုးလေ့ရှိတဲ့ သူတွေရှိတယ် "

ဟုပြောလေရာ သူညက ဦးချိန်တီကို နားမလည်ဟန်ဖြင့်
ကြည့်၍

" ဦးချိန်တီပြောတဲ့အရာတွေအားလုံး ကျုပ်သိပြီးသားတွေပဲ၊
ဉာဏ်ကို အသုံးပြုပြီး ကြီးပွားအောင်မြင်အောင် လုပ်မယ်ဆိုတာ
ဘယ်လိုအကြောင်းအရာတွေလဲ "

ဟုမေးမြန်းလေရာ ဦးချိန်တီက ရယ်မော၍

" မင်းက အဝေးကြီးကိုလျှောက်ပြီး စဉ်းစားနေတာပဲ၊

www.burmeseclassic.com



ဉာဏ်ကို အသုံးပြုပြီး ကြီးပွားအောင်မြင်အောင် လုပ်မယ်ဆိုတာ ငါပြောတဲ့ အသေးအဖွဲလေးတွေက စတာပဲကွ၊ လူ့ဘဝမှာရှိတဲ့ အကြီးမားဆုံး တီထွင်မှုကြီးတွေဟာ တီထွင်မှု အသေးလေးတွေ က စရတယ်၊ ကျောက်ခေတ်မှာတုန်းက လူသားတွေ အသားကို လှီးဖို့ဖြတ်ဖို့ လိုအပ်တဲ့အခါမှာ ကျောက်တုံးတွေနဲ့ ထိုးပြီး လှီးဖြတ် လေ့ရှိတယ်၊ ဒီလိုလှီးဖြတ်ရင်း ချွန်ထက်တဲ့ ကျောက်တုံးတွေနဲ့ လှီးဖြတ်ရတာ ပိုပြီးလွယ်ကူတာကို သိရတယ်၊ ဒါကြောင့် ချွန်ထက် တဲ့ ကျောက်တုံးတွေထဲက လက်ကိုင်တွေပါရင် ပိုပြီးတော့ လှီးဖြတ်ရ တာ လွယ်ကူကြောင်း တွေ့ရတယ်၊ ဒီအချိန်ကစပြီး ကျောက်ဓား တွေ၊ ကျောက်ပုဆိန်တွေ ဖြစ်ပေါ်လာတယ်၊ လူဟာ စဉ်းစား တွေးခေါ်ရင်းနဲ့ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာတာ ဒီနေ့ခေတ် လူသားတွေ ဘဝကိုရတဲ့အထိပဲ၊ မင်းဒီနေ့ကစပြီး အရာရာကို စဉ်းစားဆင်ခြင်တဲ့ အလေ့အကျင့်ရအောင် မွေးမြူထားပါ၊ မင်းဘဝ မှာ အရေးအကြီးဆုံးမှတ်ရမှာက ကြီးပွားအောင်မြင်မှုအတွက် အဓိကအရေးအပါဆုံးကတော့ ဉာဏ်ပါပဲ၊ ကမ္ဘာလောကကြီး တစ်ခုလုံး ဉာဏ်ကြီးတဲ့သူတွေဟာ ဦးဆောင်သွားကြတယ် ''





ဟုပြောလေ၏။

ထိုအခါ သူညက

'' ဒါဆိုရင် ကျုပ်ဘဝမှာ ဉာဏ်ကိုအမြဲတမ်း အသုံးချရမယ် ပေါ့ ''

ဟုပြောလေရာ တရုတ်ကြီး ဦးချိန်တီက ခေါင်းညိတ်၍

'' ဟုတ်တယ်ကွ၊ မင်းဘဝမှာ ဉာဏ်သာလျှင် အရေး အပါဆုံးပဲ၊ ဘာကိစ္စပဲလုပ်လုပ် ဉာဏ်နဲ့ စဉ်းစားဆင်ခြင်တဲ့ အလေ့အကျင့်ကို လုပ်ပါ၊ ဉာဏ်မပါရင် ဘယ်တော့မှ ရှေ့ကို ရောက်ဘူး၊ ဈေးထဲက ကူလီတွေ တစ်သက်လုံး ပင်ပန်းဆင်းရဲ နဲ့ ကူလီထမ်းကြတယ်၊ သူတို့ဘဝဆုံးတဲ့အထိ ဒီလိုပဲ ဆင်းရဲ နွမ်းပါးတဲ့ဘဝနဲ့ အချိန်တွေကုန်လွန်ခဲ့ကြတယ်၊ သူတို့ဟာ ဉာဏ် ပါတဲ့အလုပ်ကိုမှ မလုပ်တာ၊ ခွန်အားဗလကို အသုံးချတဲ့အလုပ်ကို အမြဲထာဝရ လုပ်ကိုင်နေတဲ့အတွက် အောင်မြင်မှုကို မရခဲ့တာပဲ၊ ခွန်အားဗလကို အသုံးပြုပြီးထိုးရတဲ့ လက်ဝှေ့ပွဲတွေမှာတောင် ဉာဏ်ပါဖို့ လိုတယ်၊ ဉာဏ်မပါတဲ့လူဟာ အောင်မြင်မှုမရနိုင်ဘူး၊ ခင်း မနက်ဖြန် တောင်ပေါ်မှာသွားပြီး တစ်နာရီတိတိ ရှုခင်းဆိုရ



www.burmeseclassic.com

**မှဲ့ ဂါထာအသစ်တစ်ပုဒ်ပေးလိုက်မယ်၊ အဲဒါကတော့ စွဲမြဲရ မယ်ဆိုတာပဲ** ”

ဟုပြောလေရာ သုညက ဦးချိန့်တီကို ကြည့်၍ သက်ပြင်းချ လိုက်ပြီး

“ ဦးချိန့်တီရဲ့ကြီးပွားအောင်မြင်ရေး ဂါထာတွေက တစ်ပုဒ် ပြီးတစ်ပုဒ်ပါလားဗျ၊ ဒီတစ်ခါ စွဲမြဲရမယ် ဟုတ်လား ”

ဟုပြောလေရာ ဦးချိန့်တီက သုည၏ပခုံးကို ပုတ်၍

“ ဟေ့ကောင့် မင်းကိုငါ **ကြီးပွားအောင်မြင်မှုအတွက် ပေးမဲ့ဂါထာက ဉာဏ်ရှိရမယ်ဆိုတာနဲ့ စွဲမြဲရမယ်** ဆိုတာ နှစ်ပုဒ်ပဲ ရှိတယ်၊ ဒီနှစ်ပုဒ်ထဲကို အသုံးပြုပြီး မင်းဟာ လောကကြီးမှာ ဘာမဆိုရအောင်ယူနိုင်တော့မှာ ”

ဟုပြောလေ၏။

ထိုအခါ သုညက

“ **ဉာဏ်ရှိရမယ်၊ စွဲမြဲရမယ်** ဟုတ်လား၊ ဒီနှစ်ခုထဲကို အသုံးပြုပြီး ကျုပ်ဘဝမှာ လိုချင်တာကို ရအောင်ယူရမယ်တဲ့၊ ဦးချိန့်တီရယ်၊ စွဲမြဲရမယ်ဆိုတာ ကျုပ်နားလည်အောင် ရှင်းပြပါဦး ”





ဟုပြောလေ၏။

ထိုအခါ တရုတ်ကြီး ဦးချိန့်တီက

“ **အချို့သောလူတွေဟာ ပညာဉာဏ်နဲ့ ပြည့်စုံကြတယ် ဗျ၊ လောကမှာ အတော်လည်း လိမ်လိမ်မာမာ ပါးပါးနပ်နပ်ရှိ ကြတယ်၊ လည်လည်ဝယ်ဝယ်လည်း ရှိတယ်၊ သူတို့ဟာ ဉာဏ် ပညာနဲ့ ပြည့်စုံပေမဲ့အလုပ်တစ်ခုကိုတော့ စွဲစွဲမြဲမြဲမလုပ်ကိုင်ကြဘူး၊ စွဲမြဲရမယ်ဆိုတာ ဘဝမှာကြုံတွေ့ရတဲ့ အခက်အခဲတွေအတွက် စွဲစွဲမြဲမြဲနဲ့ စူးစူးနစ်နစ်ရှိရမယ်ဆိုတာပဲ၊ အချို့သော ဉာဏ်ရှိတဲ့ လူတွေဟာ ဘယ်အလုပ်ကိုမှ စွဲစွဲမြဲမြဲမလုပ်ဘူး၊ ဒါကြောင့် သူတို့ က အောင်မြင်မှုပန်းတိုင်ကို မရောက်နိုင်ဘူး၊ သိပ္ပံပညာရှင်ကြီး အယ်ဒီဆင်က မီးလုံးရဲ့အလင်းရောင်ကို ရဖို့အတွက် အကြိမ်ပေါင်း များစွာ စမ်းသပ်ခဲ့ကြတယ်၊ ဒါဟာ လူသားအားလုံးကို အကျိုးဖြစ်စေ မဲ့ စိတ်ထားကြောင့် ဉာဏ်ကို အသုံးချပြီး စွဲစွဲမြဲမြဲလုပ်ရာကရတဲ့ ရလာဒ်ပဲ၊ အချို့သော ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ ဉာဏ်ကို အားကိုးပြီး ဘယ်အလုပ်ကိုမှ စွဲစွဲမြဲမြဲမလုပ်ချင်ကြဘူး၊ အလွယ်ဆုံး ဥပမာနဲ့ပေးရရင် ကျောင်းဆရာတွေရဲ့ ပြောစကားရှိတယ်၊**



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ရှိတဲ့ကလေးဟာ စာကို မကျက်ဘူးတဲ့၊ သူတို့က ဉာဏ်ကောင်းတာကို အခွင့်ကောင်းယူပြီးတော့ စာကို လုံ့လဝီရိယနဲ့ စွဲစွဲမြဲမြဲ မကျက်ချင်ကြဘူး၊ ဒါကြောင့် သူတို့ရဲ့အမှတ်စဉ်တွေဟာ နိမ့်ပါးနေတယ်၊ အချို့သော ကျောင်းသားတွေဟာ သူတို့ရဲ့ ဉာဏ်ရည်ဉာဏ်သွေး နိမ့်ပါးပေမဲ့ စွဲ၊ လုံ့လ၊ ဝီရိယအပြည့်နဲ့ ကြိုးကြိုးစားစား သင်ယူကျက်မှတ်လေ့ရှိတယ်၊ ဒါကြောင့် စာမေးပွဲမှာ အောင်မြင်မှုရကြတယ်၊ ဉာဏ်ရှိတဲ့သူတွေကတော့ ဉာဏ်ကို အားကိုးပြီး စွဲစွဲမြဲမြဲမလုပ်တဲ့အတွက် အရှုံးနဲ့ရင်ဆိုင်ရတတ်တယ်၊ လူဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုလွန်ကဲလာရင် အလုပ်ကို စွဲစွဲမြဲမြဲ မလုပ်ချင်ကြတော့ဘူး၊ ဒါကြောင့် အောင်မြင်မှုနဲ့ဝေးရတတ်တယ်၊ အောင်မြင်မှုနဲ့ပတ်သက်ပြီး ငါ ဒီလိုတောင်ရေးပြချင်တယ်''

ဟု ဆိုကာ စာရွက်အလွတ်တစ်ရွက်ပေါ်တွင်

'' ဉာဏ်+စွဲမြဲခြင်း = ချမ်းသာကြွယ်ဝမှု၊ အောင်မြင်မှု''

ဟု ရေးသားထားလေ၏။

ဦးချိန်တီက ဆက်လက်၍

'' ဒီညီမျှခြင်းကိုကြည့်ရင် အောင်မြင်ခြင်း၊ ချမ်းသာကြွယ်ဝ





ခြင်းတွေကို လိုချင်ရင် ဉာဏ်နဲ့စွဲမြဲမှုကို ပေါင်းစပ်ပြီးလုပ်ရမယ်၊ ဉာဏ်ရှိတယ်ဆိုပြီး အေးအေးဆေးဆေး ငြိမ်နေလို့လည်းမရဘူး၊ ဘဝအောင်မြင်မှုအတွက် စွဲစွဲမြဲမြဲ ရူးရူးနှစ်နှစ်ကို လုပ်ကိုင်ရမယ်၊ ကမ္ဘာကျော်သိပ္ပံ ပညာရှင်ကြီးတွေ အလွန်ထူးချွန်ထက်မြက်ကြတယ်၊ ဒါ့ဘာကြောင့်လည်း သူတို့ဟာ ဘဝတစ်ခုလုံး သူတို့ရှာဖွေနေတဲ့ သိပ္ပံအကြောင်းအရာထဲမှာပဲ နစ်မြုပ်ထားကြတယ်၊ သူတို့ဟာ ဉာဏ်ရည်ဉာဏ်သွေးကို အပြည့်အဝသုံးပြီး စွဲစွဲမြဲမြဲလုပ်ကိုင်ကြတယ်၊ ဒါကြောင့် အောင်မြင်မှုကြီးတွေ ရရှိခဲ့တာပဲ၊ ဒီလို ထင်ရှားကျော်ကြားတဲ့ စာရေးဆရာကြီးတွေ အနုပညာသမားတွေဟာ ဉာဏ်ရည်ဉာဏ်သွေးကို အသုံးချပြီး သူတို့အလုပ်ကို စွဲစွဲမြဲမြဲ လုပ်ကြတယ်၊ တိုတိုပြောရရင်တော့ ဉာဏ်ရှိတယ်ဆိုပြီး ပေါ့ဆနေလို့ မရဘူး၊ အလုပ်ထဲမှာလည်း ဘဝတစ်ခုလုံးကို မြှုပ်နှံပြီး လုပ်ကိုင်ရတယ်၊ ကြိုးကြိုးစားစား လုပ်ကိုင်တယ်လို့လည်း ခေါ်လို့ရတယ်''

ဟု ပြောလေရာ သူညက

'' ဒါဆို ကျုပ်သိပြီ၊ ဦးချိန်တီဆိုလိုချင်တာက ချမ်းသာချင်ရင် ဉာဏ်ကိုသုံးပြီးတော့ အလုပ်ထဲမှာ ကြိုးကြိုးစားစားလုပ်၊



www.burmeseclassic.com

www.burmeseclassic.com



မရပ်မနား ရှန်းကန်၊ အလုပ်ထဲမှာစူးနစ်၊ ဒါဆိုရင် ချမ်းသာကြွယ်ဝမယ်ပေါ့ "

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးချိန်တီက ခေါင်းညိတ်၍

" ဒါဟာ ပြည့်စုံကြွယ်ဝတဲ့ချမ်းသာခြင်းပဲကွ၊ ချမ်းသာချင်ရင် ဉာဏ်ကို အသုံးချရမယ်၊ ဒါပေမဲ့ လွယ်လွယ်အသုံးချလို့မရဘူး၊ အလုပ်ထဲမှာ စိတ်ကိုနှစ်ပြီးတော့ စွဲစွဲမြဲမြဲလုပ်ရမယ်၊ ဒါဆိုရင်တော့ မင်းတို့လိုချင်တာကိုရပြီး ဘဝမှာ အောင်မြင်မှုတွေနဲ့ ကြုံတွေ့ရမယ်၊ ဒါကြောင့် မနက်ဖြန်ကစပြီး စွဲမြဲရမယ်ဆိုတဲ့ဂါထာကို တောင်ပေါ်မှာသွားပြီး တစ်နာရီရွတ်ပါကွာ၊ ဒီလို ရွတ်ရင်နဲ့ (၁၀) ရက်ပြည့်တဲ့နေ့မှာ မင်းကို ငါ သင်ပေးစရာမရှိတော့ဘူး၊ လောကကြီးမှာ မင်းအတွက်လည်း ဘာမှမလိုတော့ဘူး၊ မင်းဟာ ဘယ်လိုအန္တရာယ်မျိုးကိုမဆို ရင်ဆိုင်ဝံ့တဲ့လူသားတစ်ယောက် ဖြစ်သွားပြီ၊ စွဲမြဲရမယ်၊ ဉာဏ်အသုံးချရမယ်ဆိုတဲ့ စကားနှစ်လုံးကို ရင်ဝယ်ပိုက်ထားရင် မင်းဟာ သူဌေးသူကြွယ်ကြီးဖြစ်ပြီလို့ စိတ်ထဲက မှတ်လိုက်ပေတော့ "





ဟု ပြောလေ၏။

ထိုအခါ သုညသည် အလွန်ဝမ်းသာသွားပြီး

" ဒါဆိုရင်တော့ ဦးချိန်တီကို သိပ်ကျေးဇူးတင်သွားပြီ၊ ကျုပ် မနက်ဖြန်ကစပြီး တောင်ပေါ်ကိုတက်ပြီး ရွှေစေတီမှာ စွဲမြဲရမယ်၊ စွဲမြဲရမယ်ဆိုပြီးတော့ နေ့စဉ် တစ်နာရီရွတ်မယ် "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ သုညသည် ဦးချိန်တီအား ကတိပေးထားသည့်အတိုင်း ရွှေစေတီသို့သွားကာ နေ့စဉ်စွဲမြဲရမည်ဟူသော ဂါထာကို ရွတ်ဆို၍ နေလေ၏။

ထိုသို့ရွတ်ဆိုရင်း (၁၀) ရက်ပြည့်သောအခါ ဦးချိန်တီက ရပ်နားခိုင်းလိုက်ပြီး

" မင်းက ချမ်းသာကြွယ်ဝချင်တယ်ဆိုလို့ ငါ့ဆီမှာလာပြီး တောင်းဆိုတယ်၊ ငါက မင်းကို ချမ်းသာကြွယ်ဝခြင်းနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်လေး (၂) ချက်ကိုပဲ သင်ကြားပေးခဲ့တယ်၊ ဒါကတော့ ဉာဏ်ရှိဖို့ရယ်နဲ့ စွဲစွဲမြဲမြဲလုပ်ဖို့ရယ်ပဲ မင်းကိုသင်ပေးနိုင်တာ၊ ဒါ အကုန်ပဲ၊ မင်းမှာ ချမ်းသာကြွယ်ဝချင်တဲ့စိတ်ဓာတ်ရှိရင် ဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရာလေးနှစ်ခုကိုပဲ မလိုက်နာနိုင်ဘူးလား ”

ဟု မေးမြန်းလေ၏။

ထိုအခါ သုညက

“ လိုက်နာနိုင်တာပေါ့ ဦးချိန့်တီရယ်၊ ဒါ ဘာခက်လို့လဲ၊ မြင်းမိုရ်တောင်ကို ဒူးနဲ့တိုက်ခိုင်းတာမှမဟုတ်တာ ”

ဟု ပြောလေ၏။

“ ဒါဆိုရင်တော့ ဒီနေ့ကစပြီး ငါသင်ပေးတဲ့ အကြောင်းအချက်နှစ်ခုကို မင်း အတိအကျလိုက်နာပြီး မင်းဘဝကြီးပွားချမ်းသာအောင် ကြိုးစားပေတော့ ”

ဟု ဆိုကာ သုညအား သူ၏အိမ်ကလေးတွင် ခေါ်ထားခြင်းမရှိတော့ဘဲ ၄င်းနေထိုင်ရာ ဘုန်းကြီးကျောင်းအနောက်ရှိ တဲအိမ်လေးသို့ ပြန်လွှတ်လိုက်လေ၏။

သုညသည် ဦးချိန့်တီအိမ်မှပြန်လာသောအခါ ရင်ထဲတွင်လွတ်လပ်ပေါ့ပါးသွားပြီး မကြာမီ သူဌေးကြီးတစ်ဦးဖြစ်တော့မည်ဟု ယုံကြည်နေမိလေ၏။

သုညသည် ထိုအချိန်မှစ၍ နေ့စဉ်ကြုံတွေ့ရသော အဖြစ်



အပျက်ကလေးများကို ဉာဏ်ကိုအသုံးပြု၍ ဖြေရှင်းလေ၏။

ထိုအခါ သူ၏ဉာဏ်ကိုအသုံးပြုသောအကျင့်မှာ ပိုမို၍ တိုးတက်သထက် တိုးတက်လာလေ၏။

သုညသည် ယခင်ကကဲ့သို့ တောက်တိုမယ်ရအလုပ်များကို လုပ်ကိုင်နေဆဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ သုညသည် အိမ်ကြီးတစ်အိမ်ကို ကူညီ၍ ပြင်ဆင်နေရင်း အိမ်ရှင်ကျွေးသောထမင်းကိုစားကာ သစ်ပင်ကြီးအောက်တွင် သွား၍ထိုင်မိလေ၏။

ထိုသို့ထိုင်နေရင်း နေပူထဲတွင် အလုပ်လုပ်နေသော လက်သမားများကိုကြည့်ရှုလိုက်ပြီး

“ ဒီလူတွေဟာ လက်ရုံးအားကိုး လှေထိုး၊ လှတိုက်ဆိုတဲ့ လူတွေပဲ၊ ဒီလူတွေရဲ့ဆရာကတော့ သူတို့လောက် ပင်ပန်းနွမ်းနယ်မှု မရှိဘူး၊ နေရိပ်ထဲမှာ အေးအေးဆေးဆေးကြည့်နေတယ် ”

ဟု တွေးမိလေ၏။





ထိုနေ့ညနေစောင်းသောအခါ ထိုနေရာသို့ ရထားလုံးတစ်စီး ဆိုက်ကပ်လာပြီး ရထားလုံးပေါ်မှ ရှိုးကျကျလူတစ်ဦးဆင်းသက်လာ၏။

ထိုသူသည် လက်သမားဆရာအား သူ၏လျှို့ဝှက်ချက်များကို ပြောဆိုပြီး လိုအပ်သောငွေကြေးကိုလည်း ထုတ်ပေးလေ၏။ လက်သမားဆရာက ရှိုးကျကျဝတ်ဆင်ထားသူကို အထင်ကြီးဟန်ဖြင့် ကြည့်၍

“ ကျုပ်ကို ဒီအိမ်ပြီးရင် ဘယ်အိမ်ကို ဆက်ပြီးလုပ်ရမှာလဲ”

ဟု ပြောလေရာ ရှိုးကျကျဝတ်ဆင်ထားသူက လက်ကာပြ၍

“ ဒီအတွက် မင်းတို့မပူနဲ့၊ အလုပ်ရဖို့တာဝန်က ကျုပ်တာဝန် အား၊ အလုပ်လုပ်ဖို့တာဝန်က ခင်ဗျားတို့တာဝန်၊ အလုပ်ခွင်မှာ ခိုမကပ်နဲ့၊ မညည်းမညူနဲ့ အိမ်ရှင်တွေနဲ့ ဆက်ဆံရေးကောင်းအောင် ကြိုးစား၊ အိမ်ရှင်ဟာ ခင်ဗျားတို့နဲ့ ဆက်ဆံရေးကောင်းမွန်သွားမယ် ဆိုရင် နောက်အမြဲတမ်း သူတို့လိုအပ်တဲ့အခါ ခင်ဗျားတို့ကို ပြန်ခေါ်ပြီး သုံးလိမ့်မယ်၊ အိမ်ရှင်က တစ်ခါတည်းနဲ့ ခင်ဗျားတို့ကို လန့်သွား

www.burmeseclassic.com



အောင် မလုပ်သင့်ဘူး၊ ဒါဟာ အလွန်အရေးကြီးတဲ့စည်းကမ်းပဲ"

ဟု ဆူပူကြိမ်းမောင်းနေလေ၏။

ထိုသူထွက်ခွာသွားသောအခါ သုညက အနီးအနားရှိ လက်သမား လူငယ်တစ်ဦးအား မေးမြန်းကြည့်လေရာ ထိုလူငယ်က

" ကျုပ်တို့ရဲ့ဆရာ ကန်ထရိုက်ဗျ၊ ဒီလူက ကျုပ်တို့ဆရာအတွက် အလုပ်တွေလိုက်ရှာပြီး လက်ခံပေးတယ်၊ သူ့ဆီက အလုပ်ရမှ ကျုပ်တို့ ဝမ်းဝပြီး ထမင်းနပ်မှန်မှာဗျ၊ ဒါကြောင့် သူက ကျုပ်တို့ရဲ့ ကျေးဇူးရှင်ကန်ထရိုက်ပေါ့ဗျာ "

ဟု အားပါးတရ ပြောလေ၏။

သုသည် မှီးကျကျဝတ်ဆင်ထားသူကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" ဒီလူဟာ လက်သမားတွေထက်စာရင် ဉာဏ်ရည်ဉာဏ်သွေး အသုံးချနေတဲ့လူပဲ၊ ဒါကြောင့် လက်သမားတွေကို ခေါင်းပုံဖြတ်ပြီပေါ့၊ ပိုင်ရှင်တွေဆီက အခကြေးငွေတွေ အများကြီးတောင်းမယ်၊ ပြီးတော့ လက်သမားတွေကို ထိုက်သင့်သလောက်ခွဲဝေပေးပြီး ကျန်တာအားလုံး သူ့အိတ်ထဲထည့်လိုက်မှာပဲ၊ ဦးချိန်တိ





ဒါကိုသင်ပြပေးသမျှ စကားတွေဟာ အလွန်မှန်တာပဲ၊ လောကမှာ လူရိုးဟာ သန်ချိုင်းကုန်းမှာပဲရှိတယ်တဲ့၊ ကန်ထရိုက်ဆိုတဲ့လူဟာ ဉာဏ်ကိုအသုံးချပြီးတော့ ခေါင်းပုံဖြတ်အမြတ်ထုတ် စားသောက်နေတဲ့သူပဲ၊ ဉာဏ်ကို အသုံးမချဘဲ လက်ရုံးအားကိုးနေတဲ့ လက်သမားတွေကတော့ ဆင်းရဲနွမ်းပါးကြတယ် "

ဟု ပြောလေ၏။

သုညသည် ရောက်လေရာနေရာ၌ အမှုမဲ့ အမှတ်မဲ့မထားတော့ဘဲ ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုလေ၏။

ထိုသို့ လေ့လာသောအခါမှပင် နေရာတိုင်း၌ ဉာဏ်ကိုအသုံးချ၍ ကြီးပွားချမ်းသာနေသူများကို တွေ့ရလေ၏။

သူသည် ယခင်က တစ်မြို့လုံး၏နိုင်းဖတ်တစ်ယောက်ဖြစ်သဖြင့် သူတစ်ပါးက ခိုင်းစေလာလျှင် အလုပ်ဘာဝန်ကို ကျေပွန်အောင်သာ ကြိုးစားသည်။

ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာခြင်းမရှိဘဲ အမှုမဲ့အမှတ်မဲ့သာ ရှ၏။ ယခု ပတ်ဝန်းကျင်ကို သတိပြုမိသောအခါ နေရာတိုင်း၌ သူတစ်ပါးထက် လျှင်မြန်ဖျတ်လတ်ရန် လိုအပ်ကြောင်း သတိပြုမိ



www.burmeseclassic.com

www.burmeseclassic.com



လာ၏။

သုညသည် ပတ်ဝန်းကျင်နှင့်ပတ်သက်သော အကြောင်းအရာများကို သူ၏ဆရာ ဦးချိန်တီအား ပြန်လည်၍ပြောပြလေ၏။

ထိုအခါ ဦးချိန်တီက

" ရှေးတုန်းက ပညာရှိကြီးတွေဟာ လူတွေကို သဘာဝလောကကြီးထဲမှာ သင်ယူပါလို့ အမြဲတမ်းဆုံးမစကားပြောတယ်၊ တကယ်တော့ သဘာဝလောကကြီးဟာ သင်ယူလို့မဆုံးနိုင်တဲ့ အကြီးကျယ်ဆုံး ကျောင်းကြီးတစ်ကျောင်းပါပဲ၊ ယောဒီမြို့လေးဟာ ကျဉ်းကျဉ်းလေးပါကွာ၊ မင်း ဒီမြို့လေးမှာပဲကြီးပြင်းခဲ့တယ်၊ ဒါပေမဲ့ မြို့လေးပေါ်မှာ သင်ယူစရာတွေကို မင်း ဘယ်လောက်များသင်ယူပြီးပြီလဲ "

ဟု ပြောလေရာ သုညက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဦးချိန်တီပြောတော့မှပဲ ဒီမြို့နဲ့ပတ်သက်တဲ့ လေ့လာစရာတွေ ကျွန်တော့်မှာ အများကြီးရှိတယ်ဆိုတာ ရိပ်စားမိသွားတယ် "

ဟု ပြောလေ၏။





သုညသည် မြို့ထဲတွင် တွေ့မြင်သမျှကို ယခင်ကကဲ့သို့ အမှုမဲ့ အမှတ်မဲ့မထားတော့ဘဲ သတိပြု၍ မှတ်သားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ သုညသည် မြို့တစ်နေရာရှိ အကြော်ဆိုင် တစ်ဆိုင်သို့ ဝင်ရောက်အကြော်စားလေ၏။ ထိုအကြော်ဆိုင်သည် လမ်းထောင့်တစ်နေရာတွင်ရှိပြီး ကားလမ်းမနှင့် နီးကပ်စွာရှိ၏။

အကြော်ဆိုင်သို့ထိုင်လိုက်သောအခါ အကြော်သည်မိန်းမကြီး က သုညကိုဂရုမစိုက်ဘဲ လမ်းတစ်နေရာသို့ ငေးမောကြည့်နေ လေ၏။ သုညက

" ဘူးသီးကြော်ပေးပါ "

ဟု ပြောသောအခါမှပင် ဘူးသီးကြော်တစ်ခုကို ပန်းကန်ပြား ထဲသို့ထည့်၍ စားပွဲခုံပေါ်သို့ ဆောင့်ဆောင့်အောင့်အောင့် လာချပေး ၏။





သုညသည် စားပွဲခုံပေါ်သို့ ကြည့်လိုက်သောအခါ ညစ်ပတ် ပေကျံနေသော လက်သုတ်ပဝါနှင့် ရေနွေးကြမ်းကို တွေ့ရ၏။ ရေနွေးကြမ်း ပန်းကန်လုံးများမှာလည်း နှုတ်ခမ်းများ ပဲ့ကြွေနေပြီး ချေးအထပ်ထပ် တက်နေ၏။

စားပွဲခုံတစ်လုံးမှာလည်း သန့်စင်ခြင်းမရှိသဖြင့် ညစ်ပတ် ပေကျံနေ၏။

သုညက

" ရေနွေးကြမ်းပေးပါဦး " ဟုလိုက်သောအခါ

ဟု တောင်းဆိုလိုက်ရာ မိန်းမကြီးက မျက်ချွတ်ထားကြောင်း ၏။

ထိုအခါ သုညက ဒုတိယအကြိမ်ထပ်မံ၍ ရေက်သုပ်ပုဝါ တောင်းသောအခါ

" ထင်းကုန်နေလို့၊ ရေနွေးမတည်နိုင်ဘူး၊ ရေနွေးမရှိတော့ ဘူး "

ဟု ဘုဆတ်ဆတ်ပြောလေ၏။

ထိုအခါ သုညသည် မိန်းမကြီးထံမှ ရေနွေးကြမ်း မတောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝဲတော့ဘဲ အေးစက်နေသော ဘူးသီးကြော်ကို အချဥ်ရည်ထဲသို့နှစ်၍ စားရလေ၏။

ထိုအခါ အကြော်ဆိုင်ရှိအချဥ်မှာ အရသာလုံးဝမရှိဘဲ ရေထဲသို့နှစ်၍ စားရသကဲ့သို့ ဖြစ်နေလေ၏။ အချဥ်ရည်ထည့်သော ခွက်မှာလည်း ညစ်ပတ်ပေကျံနေပြီး ရက်ပေါင်းများစွာ ဆေးကြော ခြင်းရှိပုံမရချေ။

ထိုကဲ့သို့ အဖက်ဖက်မှညံ့ဖျင်းသော အကြော်ဆိုင်မျိုးကို တစ်ဆိုင်သူ...ကို မဝင်လိုတော့ချေ။ သူညသည် ဦးချိန်ကိုထိ... လမ်းထောင့်တ...ငသောနည်းလမ်းကို ရရှိပြီးနောက် ရှေးယခင်က

အခ... အမှတ်မဲ့မနေတော့ဘဲ အရာရာကို မှတ်မှတ်သားသား က သူ...

သူသည် ရက်ပိုင်းအတွင်း မြို့စွန်ရှိ အကြော်ဆိုင်တစ်ဆိုင်သို့ ရောက်ရှိသွားလေ၏။

ထိုအကြော်ဆိုင်ကြီး၌ လွန်ခဲ့သောရက်က အကြော်ဆိုင်တွင် လူများခြောက်ကပ်မနေဘဲ အကြော်စားလိုသူများနှင့် ကြိတ်ကြိတ်တိုး နေကြောင်း တွေ့ရ၏။





အကြော်ဆိုင်သည် အရိပ်ကောင်းစွာရရှိသော ညောင်ပင်ကြီး အောက်၌ တည်ရှိ၏။ အကြော်ဆိုင်၏ပတ်ဝန်းကျင်ကို အမှိုက်များမရှိ အောင် လှဲကျင်းထားသဖြင့် သန့်ရှင်းသပ်ရပ်နေ၏။

အကြော်ဆိုင်သို့ရောက်သောအခါ အကြော်ဆိုင်ရှင် အမျိုးသမီး ကြီးက ဖော်ရွေစွာပြုံးပြ၍

" လာ မောင်လေးထိုင်၊ ဘာအကြော်စားမလဲ "

ဟု ဖိတ်ခေါ်လေ၏။

သူညသည် စားပွဲလွတ်တစ်လုံး၌ ဝင်ထိုင်လိုက်သောအခါ စားပွဲတစ်ခုလုံး သန့်ရှင်းသပ်ရပ်အောင် တိုက်ချွတ်ထားကြောင်း တွေ့ရ၏။

စားပွဲပေါ်တွင် သေသပ်စွာခေါက်ထားသော လက်သုတ်ပုဝါ တစ်ထည်ကို မြင်ရ၏။

စားပွဲပေါ်ရှိ ရေနွေးကြမ်းအိုးနှင့် ပန်းကန်လုံးများကို ပြောင် လက်နေအောင် တိုက်ချွတ်ထား၏။

သူညသည် ဘူးသီးကြော်တစ်ခုမှာလိုက်ရာ ခဏကြာသော် ဆိုင်ရှိမိန်းကလေးတစ်ဦးက ရိုသေသောအမူအရာဖြင့် ဘူးသီးကြော်...



www.burmeseclassic.com

www.burmeseclassic.com



ချပေးလေ၏။

ဘူးသီးကြော်နှင့်အတူ အချဉ်ခွက်၊ ဆလပ်ရွက် စသည်တို့ ပါရှိ၏။ ဆလပ်ရွက်မှာလည်း ရေစင်အောင်ဆေးထားပြီး စိမ်းစို လန်းဆန်းနေ၏။

ဘူးသီးကြော်ထည့်ထားသော ပန်းကန်မှာ သန့်ရှင်းသပ်ရပ်ပြီး အချဉ်ရည်ထည့်ထားသောခွက်မှာလည်း ထို့နည်းတူပင် ဖြစ်၏။

• သူညသည် ဘူးသီးကြော်ကို အချဉ်ထဲသို့နှစ်၍ တစ်ကိုက် ကိုက်ကြည့်သောအခါ အချဉ်မှာ အလွန်အရသာထူးပြီး ဘူးသီး ကြော်မှာလည်း အပြစ်ပြောစရာမရှိအောင် ကောင်းမွန်ကြောင်း တွေ့ရ၏။

သူည ဘူးသီးကြော်စားနေစဉ် ဆိုင်ရှိမိန်းကလေးများ ရေနွေးအိုးထဲတွင် ရေနွေးရှိမရှိ သေချာစွာ လာရောက်ကြည့် လေ၏။

ထို့အပြင် ဖော်ရွေသောအမူအရာဖြင့်

" လိုအပ်တာရှိရင်ပြောပါ အစ်ကို "

ဟုလည်း လောကဝတ်ပြု၏။





သူညသည် ထိုဘူးသီးကြော်ဆိုင်အား နောက်တစ်ကြိမ် ထပ်မံ၍ စားချင်စိတ်များ ဖြစ်ပေါ်လာ၏။

လွန်ခဲ့သောရက်က ဝင်ရောက်ခဲ့သော ဘူးသီးကြော်ဆိုင်ကိုမူ မည်သည့်အခါမျှ ဝင်ရောက်စားသောက်ခြင်းမပြုတော့ဟု ဆုံးဖြတ် ထား၏။

သူညသည် သူ၏ဆရာ ဦးချိန့်တီသင်ပြပေးသည့်အတိုင်း ဉာဏ်ကို အသုံးချ၍ မြင်တွေ့သမျှ လုပ်ငန်းများ၏ အကျိုးအပြစ်များ ကို လေ့လာမှတ်သား၏။

ထိုအခါ သူ၏အသိဉာဏ်ထဲတွင် စီးပွားရေးလုပ်ငန်းများနှင့် ဆက်သက်၍ အကောင်းအကျိုး၊ အဆိုးအပြစ်များကို မှတ်သားမိလာ ၏။

ထိုအခါ မည်သည့်လုပ်ငန်းကိုမဆို လက်တွေ့လုပ်ကိုင်ဝံ့သော အသိများ ဝင်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ သုညသည် ဦးချိန်တီ နေထိုင်ရာ တရုတ်မိသားစုအိမ်ကြီးသို့ ထွက်ခဲ့လေ၏။

ထိုအခါ အိမ်၏အနောက်ဖက်ရှိ စားဖိုဆောင်တွင် ထမင်းဟင်းများ ချက်ပြုတ်နေသော ဦးချိန်တီကို တွေ့ရ၏။

သုညက ဦးချိန်တီကို ကူညီရန် ဝင်ရောက်သွားပြီး

" ဦးချိန်တီ ဘာတွေလုပ်နေတာလဲ "

ဟု မေးမြန်းလိုက်၏။

ထိုအခါ ဦးချိန်တီက

" ဘာမှမဟုတ်ပါဘူးကွာ၊ အိမ်မှာ ထမင်းချက်တဲ့မိန်းမကြီး နေမကောင်းတဲ့အတွက် ငါ့အိမ်လေးမှာ အနားပေးထားပြီးတော့ သူ့အစား ထမင်းဝင်ချက်ပေးနေတာပါ "





ဟု ပြောလေ၏။

ထိုအခါ သုညက

" ဦးချိန်တီက ထမင်းချက်တတ်လို့လား "

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးချိန်တီက

" ဟိုးအရင်တုန်းက ဟိုတယ်ကြီးတစ်ခုမှာ စားဖိုမှူးအလုပ်ကို ငါလုပ်ခဲ့ဖူးတယ်ကွ၊ ဘယ်လုပ်ငန်းမဆို ဉာဏ်ရည်ဉာဏ်သွေးကို အသုံးချပြီး တိုးတက်အောင်လုပ်ရမဲ့အပိုင်းတွေအများကြီးရှိတယ်၊ ထမင်းချက်တဲ့မိန်းမတွေထဲမှာ အချို့မိန်းမတွေက ဟင်းချက်ကောင်းတယ်၊ အချို့မိန်းမတွေရဲ့ဟင်းချက်လက်ရာက ချာတူးလန်အောင် ညံ့ဖျင်းတယ်၊ ဒါဟာ ဘာဖြစ်လို့လဲ၊ ထမင်းဟင်းချက်တဲ့အခါမှာ ဉာဏ်မပါလို့ကွ၊ တကယ်တော့ ဘယ်အလုပ်မျိုးမဆို ဉာဏ်မပါဘဲ ထိပ်တန်းကို မရောက်နိုင်ဘူး၊ ထိပ်တန်းကိုရောက်တဲ့လူတွေဟာ ဉာဏ်ကို အများဆုံး အသုံးချတဲ့သူတွေချည်းပဲ၊ ဒီအိမ်မှာရှိတဲ့ ထမင်းချက်မိန်းမကြီးဟာ ကြက်ဥလေးတစ်လုံးကို အကာကျက်ပြုတ်နိုင်းရင်တောင် ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေအောင် မပြုတ်နိုင်ဘူး၊ သူပြုတ်တဲ့ကြက်ဥဟာ အကာတွေ မကျက်ဘဲနဲ့ အစိမ်းအတိုင်းဖြစ်ရင် ဖြစ်နေတတ်တယ်၊ ဒါမှမဟုတ် အကျက်လွန်ပြီးတော့ အကာရော၊ အနှစ်ရောကျက်ရင် ကျက်သွားတတ်တယ်၊ တကယ်တော့ ကြက်ဥပြုတ်တစ်လုံး အကာကျက်ဖို့အတွက် ပွက်ပွက်ဆူနေတဲ့ရေထဲမှာ (၃)မိနစ်ခွဲလောက်ထည့်လိုက်ရင် အနေတော်ပဲဆိုတာ သူမသိဘူး၊ ဒီလိုသိအောင်လည်း သင်ယူဖို့ မကြိုးစားဘူး၊ ဒီမိန်းမကြီးချက်တဲ့ ဆိတ်သားဟင်းဆိုရင် အလွန်ညှီတယ်၊ ဘာကြောင့်လဲဆိုတော့ ဆိတ်သားလို အညှီခါတ်ပါတဲ့ဟင်းမျိုးကို ငံပြာရည်နဲ့ ထည့်ချက်တယ်၊ ငံပြာရည်မှာလည်း အညှီခါတ်ပါတယ်၊ အညှီခါတ်အချင်းချင်း ပေါင်းစပ်တဲ့အခါ ပိုပြီးတော့အညှီခါတ်ပြင်းသွားတာပေါ့ကွာ၊ တကယ်တော့ ဆိတ်သားဟင်းကို ဆားနဲ့ပဲချက်ရတယ်ကွ၊ အမဲသားလို အညှီခါတ်ပါတဲ့ဟင်းမျိုးကိုလည်း မန်ကျည်းရည်နဲ့နှစ်ပြီးတော့ ချက်ရတယ်၊ ဒီမိန်းမကြီးချက်တဲ့အမဲသားက အရမ်းညှီတယ်၊ ဟင်းခတ် အမွှေးအကြိုင်တွေလည်း ကောင်းကောင်းမသုံးဘူး၊ နောက်ပြီးတော့ အသားတစ်မျိုးနဲ့တစ်မျိုးဟာ အလေးအပေါ့ အရသာချင်းမတူဘူး၊ အသားတွေရဲ့





ချဲ့စည်းပုံအရ နူးညံ့မှုနဲ့ မာကျောမှုကလည်း မတူညီကြဘူး၊ ဒီသဘောကို ဟင်းချက်တဲ့သူက ကြိုတင်ပြီး ရိပ်စားမိရတယ်၊ အမဲသားလိုဟင်းမျိုးဟာ အသားရဲ့အရသာကိုက လေးပင်တယ်၊ ဒါကြောင့် ဆားထည့်တဲ့အခါ သတိထားပြီး ထည့်ရတယ်၊ ဟင်းချက်တဲ့အခါ ဟင်းတစ်ပွဲဖြစ်ရင်ပြီးရောဆိုပြီး မျက်လုံးမှိတ်ပြီး ချက်လို့မရဘူးကွ၊ ဟင်းပွဲမှာပါတဲ့ ကုန်ကြမ်းတွေရဲ့ အရည်အသွေးကိုလည်း အမြဲ သတိထားနေရတယ်၊ အလွန်လွယ်ကူတဲ့ ဘဲဥကို ရမ်းချဉ်သီးနဲ့မွှေတဲ့ ဟင်းမျိုးမှာတော့ ခရမ်းချဉ် သီးရဲ့ အရည်အသွေးမျိုးကို ဂရုစိုက်ရတယ်၊ ခရမ်းချဉ်သီးဟာ ရိုးရိုးအသီးလား၊ ဟိုင်းသီးလားဆိုတာ ခွဲခြားပြီး သိနားလည်ထားရတယ်၊ ဒါမှ ချက်တဲ့ဟင်းရဲ့အရသာ ဘယ်လိုမျိုးဖြစ်မယ်ဆိုတာ ကြိုတင်ပြီး သိနိုင်မယ်၊ အိမ်ရှင်မတွေ နေ့စဉ်ချက်တဲ့ဟင်းလေးတွေမှာတော့ ဟင်းချည်ဥာဏ်သွေးကို အသုံးချရတဲ့အကွက်တွေ အများကြီးရှိတယ်၊ ဟင်းချက်တဲ့အခါမှာ ဥာဏ်ရည်ဥာဏ်သွေးကို အသုံးချပြီး ချက်တဲ့ မိန်းမတွေရဲ့ လက်ရာဟာကောင်းတယ်၊ အချို့သောမိန်းမတွေကတော့ ဘယ်လိုဟင်းမျိုးပဲချက်ချက် အရသာမရှိဘူး၊ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



ဟင်းချက်ခြင်းနဲ့ ပတ်သက်ပြီး ဉာဏ်ရည်ဉာဏ်သွေးကို အသုံးမပြုဘဲ ထင်ရာမြင်ရာ ဟင်းဖြစ်ရင်ပြီးရော ချက်နေကြလို့ပဲ ”

ဟု ရှင်းပြလေ၏။

ထိုအခါ သူညက

“ ဦးချိန်တီ ပြောမှပဲ ဘယ်အရာမဆို ဉာဏ်မပါရင် ဘာမှမဖြစ်ဘူးဆိုတာ ပိုပြီးထင်ရှားလာတော့တယ်၊ ဉာဏ်ဟာ ဘာဖြစ်လို့ ဒီလောက်တောင် အရေးပါရတာလဲ ”

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးချိန်တီက

“ လူတွေဟာ ဘယ်အလုပ်ကိုပဲလုပ်လုပ် ဉာဏ်ကိုအသုံးချပြီး လုပ်မယ်ဆိုရင် လုပ်ငန်းတိုးတက်မှုတွေဖြစ်လာတယ်၊ ဒီလို တိုးတက်ပြီး ရတဲ့နည်းလမ်းတွေဟာ နည်းပညာတွေပဲပေါ့၊ ဒီနေ့ခေတ် သိပ္ပံပညာမှာ နည်းပညာ ဘယ်လောက်အရေးပါတယ်ဆိုတာ မင်းသိမှာပါ၊ နည်းပညာမြင့်ရင် မြင့်သလို လူတွေရဲ့ဘဝ တိုးတက်ပြောင်းလဲဖို့ ဖြစ်လာတယ်၊ တကယ်တော့ နည်းပညာရဲ့ အစဟာ ဉာဏ်ရည်ဉာဏ်သွေးကို အသုံးချခြင်းပါပဲ၊ လူဟာ





ဉာဏ်ရည်ဉာဏ်သွေးကို အသုံးချပြီး ကျောက်ခေတ်ကစလို့ ဆင့်ကဲပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတယ်၊ နည်းပညာကြောင့်ပဲ ယဉ်ကျေးမှုအဆင့်အတန်းတွေ မြင့်မားလာတယ်၊ အတွေးအခေါ်အသစ်တွေ ပေါ်ထွန်းလာတယ်၊ ဟိုးတစ်ခါက မင်း ငါ့ကို မေးခွန်းတစ်ခုမေးဖူးတယ်၊ တစ်နေကုန် ဆိပ်ကမ်းမှာကုန်ထမ်းနေတဲ့ အလုပ်သမားတစ်ယောက်ဟာ အလုပ်ကို မနားမနေ လုပ်ကိုင်ရတာပဲ၊ သူ ဘာလို့ ချမ်းသာသလဲတဲ့၊ သူ ဘာလို့မချမ်းသာလဲဆိုတဲ့အဖြေကို မင်း အခုသိပြီပေါ့၊ ဉာဏ်မပါတဲ့လူဟာ ဘယ်လိုလုပ် ကြီးပွားတိုးတက်နိုင်မှာလဲ၊ နေ့စဉ် ကုန်းပေါ်က ဆန်အိတ်တွေ လှေတွေ၊ သမ္ဗာန်ကြီးတွေပေါ် တင်ပေးရုံနဲ့ ဒီလူဟာ ဘယ်လိုလုပ် ကြီးပွားတိုးတက်တဲ့သူဖြစ်မှာလဲ၊ ဒါကြောင့် မင်းကို ကြီးပွားတိုးတက်ဖို့အတွက် နည်းလမ်းနှစ်ခုပဲရှိတယ်လို့ ငါပြောခဲ့တယ်၊ အလုပ်တစ်ခုမှာ ဉာဏ်ရည်ဉာဏ်သွေးတစ်ခုတည်းကို အသုံးချပြီးလည်း ထိပ်တန်းမရောက်နိုင်ဘူး၊ ကြိုးစားရုန်းကန်မှုရှိရတယ်၊ ဒါမှသာလျှင် အောင်မြင်ကိုနိုင်တယ် ”

ဟု ပြောလေရာ သူညက စိတ်အားတက်ကြွစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ဘာပဲဖြစ်ဖြစ် ကြီးပွားချမ်းသာမဲ့နည်းလမ်းကို ကျုပ်ရသွားပြီ၊ လုံးဝသေချာတဲ့ ချမ်းသာနည်းကိုရသွားပြီလို့ ကျုပ်ယုံတယ် ကျုပ် ချမ်းသာဖို့အတွက် ဘာလုပ်လုပ် ဉာဏ်ကို အသုံးချတော့မယ် စဉ်းစား ပြီးတော့ သေသေချာချာလုပ်မယ်၊ ဘယ်လုပ်ငန်းမဆို လက်လွှတ်စပယ် ဘယ်တော့မှမလုပ်တော့ဘူး၊ စဉ်းစားပြီးလုပ်မယ် စဉ်းစားပြီးလုပ်ရင်လည်း ကျုပ်ရဲ့လုပ်ငန်းတွေ သူများထက်ပိုပြီး တိုးတက်လာမယ်၊ ပိုပြီးတိုးတက်မဲ့နည်းလမ်းတွေကိုလည်း စဉ်းစား ပြီးရှာမယ်၊ နောက်ပြီးတော့ ဒီလုပ်ငန်းကို စွဲစွဲမြဲမြဲလုပ်မယ် ကြိုးကြိုးစားစားလုပ်မယ်၊ ဒါဆိုရင် ကျုပ် ချမ်းသာပြီပေါ့ "

ဟု ပြောလေရာ တရုတ်ကြီး ဦးချိန်တီက သူညာ၏ပခုံးကို ပုတ်၍

" သိပ်ဟုတ်တာပေါ့ ကောင်လေးရာ၊ ဒါဟာ ချမ်းသာနည်း အစစ်အမှန်ပါပဲ၊ လူတွေဟာ ချမ်းသာချင်တယ်လို့သာပြောတယ် ဒီအကြောင်းအချက်လေးနစ်ခုကိုတောင်မှ ဖြစ်အောင်မလုပ်ချင်ဘူး ဘာလုပ်လုပ် စဉ်းစားဉာဏ်ကို သုံးမယ်ကွာ၊ စွဲစွဲမြဲမြဲလုပ်မယ်ကွာ ဒါဆိုရင် ချမ်းသာပြီကွ၊ နေရာတိုင်းမှာ စဉ်းစားဉာဏ်သုံးပြီး အလုပ်လုပ်ဖို့တော့လိုတယ်၊ ကိုယ့်ရဲ့လုပ်ငန်းကို ဘယ်လိုတိုးတက်အောင် လုပ်မလဲ အမြဲစဉ်းစားနေရမယ်၊ အမြဲ ကြံစည်နေရမယ်၊ အမြဲ ပိုအပ်ချက်တွေကို ရှာဖွေနေရမယ်၊ ဒီလိုအမြဲလုပ်နေတယ်ဆိုတာကို က စွဲစွဲမြဲမြဲ လုပ်ခြင်းပဲ "





ဟု ပြောလေရာ သူညာက ခေါင်းတဆတ်ဆတ်ညိတ်၍

" ဟုတ်တယ် ဦးချိန်တီ၊ အရင်တုန်းကတော့ စွဲမြဲအောင် လုပ်ရမယ်ဆိုတာ ကျုပ် သေသေချာချာ သဘောမပေါက်သလိုဘဲ၊ အခုကတော့မှ ရိပ်စားမိလာတယ်၊ စဉ်းစားဉာဏ်သုံးပြီး အမြဲရှာဖွေနေရမယ်၊ အမြဲကြံစည်နေရမယ်၊ အမြဲတိုးတက်နေအောင် လုပ်ရမယ် ဆိုတာ စွဲစွဲမြဲမြဲလုပ်ခြင်းပဲ၊ ခေါင်းထဲမှာ ကြီးပွားချမ်းသာမဲ့နည်းလမ်း တွေ ကိုယ့်အလုပ်တိုးတက်မဲ့ဖြစ်စဉ်တွေကို အစဉ်တစိုက် ထည့်ထား ရမယ်ဆိုတဲ့ သဘောပဲ "

ဟု ပြောလေရာ ဦးချိန်တီက ဝမ်းသာအားရဖြင့် သူညာ၏ပခုံး ကို ပုတ်လိုက်ပြီး

" သိပ်ဟုတ်တာပေါ့ ကောင်လေးရာ၊ မင်းဟာ ချမ်းသာ နည်း အစစ်အမှန်ကို တကယ်ကိုတွေ့သွားပြီကွ၊ မင်း တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကြီးပွားချမ်းသာမှာ သေချာတယ်၊ ဒါကြောင့် မင်းကို ဒီနေ့ကစပြီး ငါ နာမည်တစ်ခုပေးမယ်၊ မင်းရဲ့လုပ်ငန်းတွေ အောင်မြင်တဲ့အခါ အဲဒီနာမည်နဲ့ပဲအလုပ်လုပ်ပါ ''

ဟု ပြောလေရာ သုညက ဝမ်းသာအားရဖြင့်

'' ပေးပါ ဦးချိန်တီ၊ ဦးချိန်တီပေးမဲ့နာမည်ကို ကျုပ် တရိုတသေ မှတ်သားထားပါ့မယ် ''

ဟု ပြောလေ၏။

ထိုအခါ ဦးချိန်တီ

'' မင်း ဘာလုပ်ငန်းလုပ်လုပ် စဉ်းစားဉာဏ်ကို အသုံးပြုပြီး တော့ တိုးတက်အောင်လုပ်မဲ့ကောင်ဆိုတော့ မင်းကို ရွှေဉာဏ်ရှင် လို့ နာမည်ပေးရမယ်၊ မင်းရဲ့အလုပ်တွေကို ဒီနေ့ကစပြီး ရွှေဉာဏ်ရှင် ဆိုတဲ့နာမည်နဲ့ လုပ်ပေတော့ ''

ဟု ပြောလေရာ သုညက သဘောကျဟန်ဖြင့်

'' ရွှေဉာဏ်ရှင်၊ ရွှေဉာဏ်ရှင် သိပ်ကောင်းတဲ့နာမည်လေး ကျုပ်တို့လုပ်တဲ့ စီမံကိန်းနဲ့လည်း ကွက်တိဖြစ်နေတယ်၊ သိပ်ဟု တယ်၊ ကမ္ဘာလောကကြီးက ရွှေဉာဏ်ရှင်တို့ရဲ့ ကမ္ဘာကြီးပါ





ဟု အားပါးတရ ပြောလိုက်လေတော့၏။

သုညသည် ထိုနေ့ညသို့ရောက်သောအခါ သူ၏ဘဝကို အကြိမ်ကြိမ် အဖန်ဖန်စဉ်းစားဆင်ခြင်ပြီး ရှေ့ဆက်ရမည့်ခရီးအတွက် နည်းလမ်းတစ်ခုကို သွား၍တွေ့၏။

ထို့ကြောင့် နောက်တစ်နေ့နံနက်တွင် ဦးချိန်တီရှိရာသို့ လျှောက် သွားပြီး

'' ဦးချိန်တီ ကျုပ်ဘဝနဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်အသစ် တစ်ခုချမှတ်လိုက်ပြီ ''

ဟု ပြောလေရာ ဦးချိန်တီက

'' ပြောပါဦးကွာ၊ မင်းဘဝမှာ ထူးခြားမှုတစ်ခုဖြစ်တော့မယ်နဲ့ တူတယ် ''

ဟု ပြောလေ၏။

ထိုအခါ သုညက ခေါင်းညိတ်၍

'' ဟုတ်တယ် ဦးချိန်တီ၊ ကျုပ် ဒီမြို့မှာ သူတစ်ပါးရဲ့ ငြင်းဘတ်ဘဝနဲ့ အချိန်ကုန်လွန်နေလို့တော့ ဘယ်တော့မှတိုးတက်မှာ မဟုတ်တော့ဘူး၊ သူတစ်ပါးပေးတာ ကျွေးတာကိုစားပြီး ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ် လူချမ်းသာဖြစ်အောင် လုပ်တော့မှာလဲ၊ ဒါကြောင့် ကျုပ်ဘဝကို ပြောင်းလဲမှုတစ်ခုဖြစ်အောင်လို့ ဒီမြို့ကနေ ထွက်ခွာသွားတော့မယ် ''

ဟု ပြောလေရာ ဦးချိန့်တီက ခေါင်းညိတ်၍

'' မင်း ဒီမြို့မှာနေပြီး ကြီးပွားတိုးတက်အောင်လုပ်ရင်လည်း ရပါတယ်ကွာ၊ ဒါပေမဲ့ ဒီမြို့မှာ မင်းက သူတစ်ပါးရဲ့ နိုင်းဖတ်ဘဝနဲ့ နှစ်ပေါင်းများစွာနေလာခဲ့တယ်ဆိုတော့ လူတွေနဲ့တွေ့ရင် မင်းကိုယ်မင်း သိမ်ငယ်စိတ်ဝင်နေနိုင်တယ်၊ ဒါကြောင့် သူတစ်ပါးရဲ့ ရပ်ရွာမှာသွားပြီး စီးပွားရှာမယ်ဆိုရင် ကိုယ့်ကိုယ်ကို ယုံကြည်မှု ပိုပြီးရလာနိုင်ပါတယ်၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားလည်းရှိတယ်လေ ''

ဟု ပြောလေ၏။

ထိုအခါ သုညက ခေါင်းညိတ်၍

'' သေချင်တဲ့ကျား တောပြောင်းဆိုတဲ့စကားပုံကို ဘယ်မှာ သွားထားမလဲ ဦးလေးရဲ့ ''

ဟု ပြောလေရ ဦးချိန့်တီက တဟားဟားရယ်မော၍





'' ဟား... ဟား... ဟား... မင်းက သေချင်တဲ့ကျားမှ မဟုတ်တာ၊ မင်းက ကြီးပွားတိုးတက်ချင်နေတဲ့ကောင်ပဲ၊ မင်းကို နောက်ဆုံးအနေနဲ့ ငါ စကားလက်ဆောင်ပေးလိုက်မယ်၊ လောက ကြီးမှာ အောင်မြင်ဖို့ ကြိုးစားတဲ့အခါ ဘယ်တော့မှ လွယ်လွယ် ကူကူနဲ့မရဘူး၊ ကံကြမ္မာအခွင့်အလမ်းကောင်းလို့ လူတစ်ထောင် မှာတစ်ယောက် လွယ်လွယ်ကူကူအောင်မြင်တာကို သွားပြီး အားမကျလိုက်နဲ့၊ ကိုယ် တကယ်ကြိုးစားတဲ့အခါ အခက်အခဲတွေ အတားအဆီးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာ အမှန်ပဲ၊ မင်းကို သိ သတိပေးချင်တာက ဒီလိုအခက်အခဲတွေနဲ့ တွေ့တဲ့အခါ ဘယ်တော့မှ စိတ်ဓာတ်မကျနဲ့၊ အောင်မြင်သူတွေဟာ အခက်အခဲတွေကို အတွေ့အကြုံအဖြစ်ယူပြီး ဘဝကို ကြီးပွားသထက် ကြီးပွားအောင် လုပ်သွားကြတယ်၊ ရှုံးတဲ့သူတွေက အခက်အခဲကို စိတ်ပျက် အား လျှော့ပြီး နောက်ကြောင်းပြန်လာလေ့ရှိတယ်၊ ဘယ်တော့မှ စိတ်ဓာတ်မကျပါနဲ့၊ အကြိမ်ကြိမ်အဖန်ဖန်လုပ်ဖို့ ကြိုးစားပါ၊ တစ်ကြိမ်မဟုတ်ရင် နောက်တစ်ကြိမ်ထပ်လုပ်ပါ၊ အောင်မြင်မှုဆိုတာ အသေအချာ ရလာပါလိမ့်မယ်၊ ဒီဘက်မှာ မအောင်မြင်ရင် ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com



မှာ အောင်မြင်ရမှာပေါ့၊ ကျောက်တုံးကြီးတစ်တုံးကို တူနဲ့ အကြိမ်တစ်ရာထုစဉ်ကာလ်က ကျောက်တုံးကမကွဲဘူး၊ တစ်ရာ့တစ်ကြိမ်မြောက်ခွဲတဲ့အခါ ကျောက်တုံးကြီးကွဲသွားတယ်၊ ဒီလိုကွဲသွားတာဟာ တစ်ရာ့တစ်ကြိမ်မြောက် ခွဲလိုက်တဲ့တူချက်ကြောင့်မဟုတ်ဘူး၊ ဟိုး အရင် အကြိမ်တစ်ရာခွဲကတည်းက ကျောက်တုံးကြီးဟာ ကွဲဖို့အတွက် အက်ကွဲမှုအစပြုနေပြီး၊ တစ်ရာ့တစ်ကြိမ်မြောက်မှာ ရှေးကခွဲခဲ့တဲ့အရှိန်နဲ့ ကွဲသွားတာပဲ၊ ဒါကြောင့် အကြိမ်နှစ်ရာလုပ်ပြီးလည်း လက်လျှော့ဖို့ မကြိုးစားပါနဲ့၊ အက်ဒီဆင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ ငါတို့သုံးနေတဲ့ မီးလုံးကို အလင်းရောင်ရဖို့အတွက် အကြိမ်တစ်သောင်းကျော် စမ်းသပ်မှု လုပ်ခဲ့တယ်လို့ကြားဖူးတယ်၊ အက်ဒီဆင်သာ စိတ်ပျက်အားလျှော့သွားမယ်ဆိုရင် ငါတို့တွေ အခုလို အလင်းရောင်နဲ့နေရမှာမဟုတ်ဘူး၊ ကမ္ဘာပေါ်မှာရှိတဲ့ တိုးတက်ပြောင်းလဲမှုကြီးတွေကလည်း လွယ်လွယ်ကူကူ စိတ်မာတ်မကျဘဲ အဆုံးထိရောက်အောင်လျှောက်တဲ့သူတွေကြောင့် ဖြစ်ပေါ်လာတာပဲ၊ ဥပမာ - လေယာဉ်ပျံတွေ၊ တယ်လီဖုန်း တွေ မီးသဘောင်္တွေဟာ စိတ်လျှော့တတ်သူတွေ တီထွင်ထားတဲ့ပစ္စည်း





မဟုတ်ဘူး၊ ဘဝအောင်မြင်မှုရဖို့အတွက် အကြိမ်ကြိမ်အဖန်ဖန် ကြိုးစားရုန်းကန်တဲ့သူတွေရဲ့ အသီးအပွင့်တွေကွ၊ ဒါကြောင့် လောကဓံတွေနဲ့ ကြုံတွေ့တဲ့အခါ ဘယ်တော့မှစိတ်ဓာတ်မကျနဲ့၊ ဘုရားတောင် အခက်အခဲ အတားအဆီးတွေနဲ့ ကြုံတွေ့ရတာပဲ၊ ငါလည်း လောကဓံတရားရဲ့ ရိုက်ပုတ်မှုတွေကို ခံရမှာပဲဆိုတဲ့ စိတ်ဓာတ်နဲ့ ကြံ့ကြံ့ခံကြိုးစားပါ၊ မင်းကို ဘာလို့ အကြိမ်ကြိမ် အထပ်ထပ်မှာနေရလဲဆိုတော့ အောင်မြင်မှုရဖို့အတွက် ရှေ့ဆုံးက အတားအဆီးဟာ အခက်အခဲပဲ၊ ကြီးမွားအောင်မြင်မှုဆိုတာ အခက်အခဲလွန်မြောက်ပြီးမှ စတင်တယ်လို့တောင် ဆိုချင်တယ်၊ အောင်မြင်မှုတွေရဲ့အစမှာ သေးငယ်ချင်သေးငယ်ပါစေ၊ ဘယ်တော့မှ စိတ်မလျှော့လိုက်ပါနဲ့၊ အောင်မြင်မှုသေးသေးလေးတွေကနေ အကြီးကြီးတွေဖြစ်အောင် စုဆောင်းရမှာပဲ၊ ဟိုးမှာမြင်နေရတဲ့ တိုက်ကြီးကိုကြည့်စမ်း၊ ဒီတိုက်ကြီးဟာ အလွန်ကြီးမားတယ်၊ ဒါပေမဲ့ ဒီတိုက်ကြီးကို ပထမဆုံး အုတ်မြစ်ချခဲ့စဉ်က အုတ်ကလေး တစ်လုံးကစခဲ့တာကွ၊ အသေးလေးတွေကနေ အကြီးကြီးဖြစ်အောင် ဇွဲလုံ့လဉာဏ်သွေးကို အသုံးချပြီး စွဲစွဲမြဲမြဲလုပ်၊ မင်း ကြီးမွား



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာလိမ့်မယ်၊ မင်း တစ်နေ့ကြီးပွားချမ်းသာခဲ့ရင် ကိုယ်တစ်ယောက်တည်းကောင်းစားဖို့တော့ ဘယ်တော့မှမလုပ်ပါနဲ့ကွာ။ ဒါမှာ လူညံ့တွေရဲ့အလုပ်ကွ၊ အများအတွက်လည်း စဉ်းစားပေးပါ၊ ကမ္ဘာပေါ်မှာ ဆင်းရဲနွမ်းပါးပြီး ဘေးဒုက္ခရောက်နေတဲ့လူတွေအများကြီးပါ၊ ငါ တစ်ယောက်တည်းအတွက်ဆိုရင်တော့ မင်းဟာအတ္တအလွန်ကြီးတဲ့လူဖြစ်မှာပဲ၊ တချို့သော လူ့ယုတ်မာ သူဌေးသူကြွယ်တွေဟာ ကို တစ်ယောက်တည်း ကောင်းစားဖို့အတွက်ပဲကြိုးစားပြီးလုပ်ကိုင်တတ်တယ်၊ သူတို့ရဲ့ စည်းစိမ်ဥစ္စာတွေသာတဖြည်းဖြည်းတိုးပွားလာတယ်၊ သူတို့ဟာ ပျော်ရွှင်မှုအစစ်အမှန်ကိုမရကြဘူး၊ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်းရဲ့ အစစ်အမှန်ဟာ ရယူခြင်းတစ်ခုတည်းမဟုတ်ဘူး၊ ပေးဆပ်ခြင်းလည်း ပါဝင်တယ်၊ အမြဲတမ်းကိုယ်ရဖို့ပဲတွေးနေရင်တော့ အဲဒီလူဟာ ပျော်ရွှင်ခြင်းနဲ့ ဆုံတွေ့ခွင့်ရမှာမဟုတ်ဘူး၊ အလိုလောဘကြီးခြင်း၊ မကျေနပ်ခြင်း၊ ရောင့်ရဲတင်းတိမ်မှုမရှိခြင်း၊ ဒေါသကြီးခြင်း စတဲ့ ဝေဒနာအမျိုးမျိုးနဲ့ရင်ဆိုင်ကြုံတွေ့ရမှာပဲ"

ဟု လေးနက်စွာ မှာကြားလေ၏။





ထိုသို့ မှာကြားပြီးနောက် သုညက

" ဦးချိန်တီပြောတဲ့စကားတွေကို ကျုပ် မမေ့ဝယ်မကျနားထောင်ပါ့မယ်၊ ကျုပ် သူဌေးကြီးဖြစ်တဲ့အခါ ဦး ချိန်တီဆီ ပြန်လာခဲ့မယ် "

ဟု ပြောလေ၏။ ထိုအခါ ဦးချိန်တီက တဟားဟားရယ်မော၍

" မင်းသူဌေးကြီးဖြစ်တဲ့အခါ ငါ ကမ္ဘာမြေကြီးပေါ်မှာရှိမှရှိပါ့မလားကွာ၊ ငါ့ရဲ့အသက်ကကြီးပြီကွ၊ ဘာပဲဖြစ်ဖြစ်မြန်မာလူငယ်လေး တစ်ယောက် ကြီးပွားချမ်းသာသွားတာကိုဘရုတ်အဖိုးကြီး တစ်ယောက်က မုဒိတာစိတ်အပြည့်နဲ့ ကြည့်ချင်၊ မြင်ချင်ပါသေးတယ်ကွာ "

ဟု ပြောလိုက်လေတော့၏။

ထို့နောက်တွင်မူ သုညသည် နောက်တစ်နေ့တွင် မြို့မှထွက်ခွာရန်အတွက် လိုအပ်သောပစ္စည်းများကို စုဆောင်းလေ၏။ သူသည် အဝတ်တစ်စုံနှစ်စုံနှင့် လမ်းခရီး၌ မိမိကိုယ်မိမိကာကွယ်ရန် ဓါးရင်းတုတ်၊ လေး၀ စသည့်ပစ္စည်းများကို ယူဆောင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် မိမိ၌စုဆောင်းထားသော ငွေအတော်အသင့်ရှိ၏။ သူသည် ကြီးပွားအောင်မြင်လိုစိတ်ရှိသည့်အချိန်မှစ၍ ကူလီထမ်းပြီး ရရှိသောငွေများကို စုဆောင်းထားလေ၏။

သုညသည် ခရီးထွက်ရန် ပြင်ဆင်ပြီးသောအခါ သူ၏ ကျေးဇူးရှင်အိမ်များကို လိုက်လံနှုတ်ဆက်လေ၏။

ထိုအခါ သုညအား ခင်မင်သူများက မြို့မှထွက်ခွာမည့် အကြောင်းကို မေးကြလေ၏။ သုညက မိမိကိုယ်မိမိ ယုံကြည်စွာဖြင့်

" ကျုပ် ဒီမြို့မှာနေရတာ ပျော်ဖို့ကောင်းပါတယ်၊ ကျုပ်ရဲ့ ကျေးဇူးရှင်တွေရဲ့အိမ်တွေ ကူညီလုပ်ကိုင်ပေးရတာလည်း ကျေနပ်ပါတယ်၊ ဒါပေမဲ့ လူ့ဘဝမှာ ကျုပ်ဒီအတိုင်းပဲမနေချင်ဘူး၊ ကျုပ်ဘဝကို ဒီထက်ပိုပြီး ပြောင်းလဲမှုဖြစ်ချင်တယ်၊ ရှင်းရှင်းပြောရရင်တော့ ကြီးပွားတိုးတက်တဲ့ဘဝကို ရောက်ချင်တယ်၊ ဒါကြောင့် ကျုပ် ခွန်အားရှိသမျှ ရုန်းကန်ကြည့်ဖို့အတွက် ဒီမြို့က ထွက်သွားရတာပါ "

ဟု ပြောလေ၏။

ထိုအခါ သုညလေးအား ခင်မင်သူများက ကြီးပွားချမ်း





သာရန် ဆုမွန်ကောင်းများ တောင်းပေးကြ၏။ သုညသည် မြို့သူမြို့သားများကို လိုက်လံနှုတ်ဆက်ပြီးနောက် ဦးချိန်တီထံသို့သွားရောက်၍ မြို့မှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ပြောလေ၏။

ထိုအခါ ဦးချိန်တီက

" မင်းကို ငါ အရေးကြီးတစ်ခုမှာလိုက်ဦးမယ်၊ မင်း မြို့ကို ချမ်းသာမှပြန်လာမယ်လို့ စိတ်ဆုံးဖြတ်လိုက်ရင် ချမ်းသာတဲ့အခါမှပဲ ပြန်လာပါ၊ ဟိုမရောက် ဒီမရောက်ဘဝနဲ့တော့ မြို့ကို အကြိမ်ကြိမ်အခါခါ လာပြီးမလည်ပါနဲ့ကွာ၊ ဒီလိုပြောရတာ အကြောင်းရှိတယ်ကွ၊ လူဟာ တစ်စုံတစ်ခုကိုဆုံးဖြတ်ပြီးရင် ဆုံးဖြတ်ချက် ခိုင်မာပြတ်သားဖို့ လိုတယ်၊ အလုပ်အောင်မြင်ဖို့အတွက် အရေးကြီးတာက ဆုံးဖြတ်ချက် ခိုင်မာပြတ်သားဖို့ပဲကွ၊ မင်း ဟိုမရောက် ဒီမရောက်ဘဝနဲ့ ပြန်လာတဲ့အခါ မင်းရဲ့ခိုင်မာပြတ်သားတဲ့ စိတ်ဓာတ်အားတွေ လျော့နည်းသွားလိမ့်မယ်၊ ဒါဆိုရင် ကြီးပွားချမ်းသာဖို့အတွက် ပိုပြီးအချိန်ယူရလိမ့်မယ် "

ဟု ပြောလေ၏။ ထိုအခါ သုညက ခေါင်းတဆတ်ဆတ် ညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ဦးချိန်တီရဲ့စကားကို ကျုပ် သဘောပေါက်ပါတယ်၊ ကျုပ် ဒီနေ့ကစပြီး ဒီမြို့က ထွက်ပြီးတော့ ကြီးပွားချမ်းသာအောင် လုပ်မယ်၊ ကျုပ် မချမ်းသာသရွေ့ မြို့ကိုပြန်မလာဘူး၊ ရွှေညာဏ်ရှင် ဆိုတဲ့ နာမည်နဲ့ လုပ်ငန်းကြီးတွေ တစ်ခုပြီးတစ်ခု အောင်မြင်အောင် လုပ်မယ်၊ ရည်ရွယ်ချက်အောင်မြင်လာရင် မြို့ကိုပြန်လာခဲ့မယ် "

ဟု ပြောလေရာ ဦးချိန်တီက

" မင်းပြန်လာမဲ့အချိန်ကို ငါစောင့်နေနိုင်ရင် သိပ်ကောင်းမှာပဲ "

ဟု တီးတိုးပြောလေ၏။

ပန်းအိစံ ကွန်ပျူတာ

ဆိုင်အမှတ်(၇) ကျောက်မြောင်းဈေးမျက်နှာစာတန်း။ ကျိုက္ကဆံလမ်း။ တာမွေ။





ထို့နောက်တွင်မူ သုညသည် ဦးချိန်တီအား ရိုသေစွာ ...ဘ်ဆက်၍ မြို့ပြင်ကားဂိတ်ရှိရာသို့ ထွက်ခဲ့လေ၏။

ကားဂိတ်သို့ရောက်သောအခါ ဘတ်စ်ကားကြီးတစ်စီးကို ...ွေ့ရသဖြင့် အခကြေးငွေပေးပြီး လိုက်ခဲ့လေ၏။

ဘတ်စ်ကားကြီးသည် မြို့များ တစ်မြို့ပြီးတစ်မြို့ ကျော်ဖြတ်၍ ခရီးဆက်ခဲ့လေ၏။ သုညသည် မီးရထား - ကားလမ်းဆုံရာ ...ကြီးတစ်မြို့သို့ရောက်သောအခါ

" ဒီမြို့ကြီးမှာ ကြီးပွားတိုးတက်အောင် အလုပ်လုပ်ရင် ...ာင်းမယ် "

ဟု စဉ်းစားမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘတ်စ်ကားပေါ်မှဆင်း၍ မြို့ထဲတွင် လှည့်လည်ကြည့်ရှုလေ၏။

ထိုအခါ မြို့လယ်ရှိ ဈေးကြီးတွင်လည်း အလွန်စည်ကားနေပြီး တစ်မြို့လုံး ဈေးရောင်းဈေးဝယ်သူများ၊ အစိုးရရုံးများဖြင့် စည်စည်ကားကားရှိကြောင်း တွေ့ရလေ၏။

သူညသည် ထိုမြို့၌ သူ၏ဘဝကို စတင်ရန်ဆုံးဖြတ်ချက်ချလိုက်၏။ မြို့ထဲတွင် လှည့်လည်ကြည့်ရှုလေရာ ဘူတာရုံအနီး၌ ဈေးဆိုင်တန်းများ မြောက်မြားစွာရှိကြောင်းတွေ့ရလေ၏။

ထိုဈေးဆိုင်တန်းများ၌ ဈေးရောင်းဈေးဝယ်များလည်း စည်စည်ကားကား ရှိနေလေ၏။

သူညသည် ထိုမြို့၌ စီးပွားရေးလုပ်ကိုင်လျှင် များစွာ အဆင်ပြေနိုင်ကြောင်း တွေးမိ၏။ သူသည် မြို့ပေါ်တွင် တည်းစရာတစ်ခုခုကို ဦးစွာရှာဖွေရန် ဆုံးဖြတ်လိုက်၏။

ထို့နောက် သူညသည် မြို့လယ်ကောင်ရှိ စည်ကားသော ဈေးကြီးသို့ ရောက်သွားလေ၏။ ထိုဈေးကြီး၏အပြင်ဘက်၌ ဈေးတန်းရှည်ကြီးရှိပြီး ထိုဈေးတန်းရှည်ကြီး၌ ဈေးဝယ်သူများနှင့်



စည်းကားနေလေ၏။

သူညသည် ဈေးတန်းကြီးအတွင်း တရွေ့ရွေ့သွားလာရင်း ဘစ်နေရာသို့ရောက်သောအခါ မိန်းမတစ်ယောက်သည် သူ၏ ရင်ဘတ်ကို လက်ဖြင့်ပုတ်၍

" ဟင်... ကျွန်မရဲ့ဆွဲကြိုးမရှိတော့ဘူး "

ဟု ဆိုကာ အနီးရှိ စုတ်ချာချာဝတ်ဆင်ထားသော လူဘစ်ယောက်အား လက်ညှိုးထိုး၍

" ကျွန်မဆွဲကြိုးကို ရှင်ယူတာပဲဖြစ်ရမယ်၊ ရှင်ယူတာပဲဖြစ်ရမယ် "

ဟု အော်ဟစ်ကာ

" လာကြပါဦးရှင်၊ ကျွန်မဆွဲကြိုးကို ဒီလူကြီး ယူသွားပြီ "

ဟု အော်ဟစ်လေ၏။

ထိုအခါ လူအုပ်ကြီးသည် စုတ်ချာချာလူအနီးသို့ ဝိုင်း၍သွားလေ၏။ စုတ်ချာချာလူက ကမန်းကတန်း လက်ကာ၍

" ကျုပ်ကို မတရားမစွပ်စွဲပါနဲ့ဗျာ၊ ခင်ဗျားရဲ့ဆွဲကြိုးကို ကျုပ် သိတောင်မသိပါဘူး၊ ကျုပ်ဘာသာ လမ်းလျှောက်နေတာပါ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ ဆွဲကြိုးပျောက်သော မိန်းမက စိတ်ချာသောလူကို မသင်္ကာဟန်ဖြင့် ကြည့်၍

" ဒီလူကြီး ကျွန်မနောက်က တစ်ချိန်လုံးလိုက်နေတာ သူ ကျွန်မရဲ့ဆွဲကြိုးကို လုချင်တာပဲဖြစ်မယ် "

ဟု ပြောလေ၏။ ထိုအခါ စိတ်ချာချာလူက ကမန်းကတန်း လက်ကာ၍

" ခင်ဗျားနောက်ကို ကျုပ်မလိုက်ပါဘူးဗျာ၊ ကျုပ်ရှေ့မှာ ခင်ဗျားရှိနေမှန်းတောင် သတိမပြုမိပါဘူး၊ ကျုပ်ကို ဆင်းရဲလွန်းလို့ သူခိုးတော့ မစွပ်စွဲပါနဲ့ဗျာ "

ဟု ပြောလေ၏။ ထိုအခါ ဆွဲကြိုးအလုခံရသော မိန်းမက ထိုသူအား လက်ညှိုးငေါက်ငေါက်ထိုး၍

" သူ ကျွန်မနောက်ကို တကောက်ကောက်လိုက်နေတာ ကြာပြီ၊ ကျွန်မရဲ့ဆွဲကြိုးကို သူယူတာပဲဖြစ်မယ်၊ သူ့ကိုယ်မှာ ရှာကြည့်ပါ"

ဟု အော်ဟစ်ပြောဆိုလေ၏။





ထိုအခါ လူအုပ်ကြီးသည် စိတ်ချာချာလူအား အထင်သေး ဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုပြီး လူတစ်ဦးက ရှေ့သို့ထွက်ကာ

" ဟော့လူ၊ ခင်ဗျားရဲ့ကိုယ်မှာ ရှာကြည့်မယ်၊ ဆွဲကြိုးတွေ့ရင် တော့ အသေပဲ "

ဟု ကြုံးဝါးကာ ထိုသူ၏ထံတွင် ဝိုင်းဝန်းရှာဖွေရန် ကြိုးပမ်း ကြလေ၏။

သုညသည် ဆွဲကြိုးပျောက်သောမိန်းမကိုကြည့်၍ မကြာမီ အချိန်က အပေါင်ဆိုင်ထဲမှထွက်လာကြောင်း သတိပြုမိ၏။

ထိုမိန်းမသည် အပေါင်ဆိုင်၌ သူမ၏ရွှေဆွဲကြိုးကို အပြီးအပိုင် ရောင်းချလာဟန်ရှိ၏။ ထိုသို့ရောင်းချပြီး သူမယောက်ျားနှင့် ပြဿနာဖြစ်မှာစိုးသောကြောင့် စိတ်ချာချာလူအား အပြစ်ပုံချခြင်း ဖြစ်နိုင်၏။

ထိုအခိုက်မှာပင် လူအုပ်အတွင်းသို့ ထိုမိန်းမ၏ယောက်ျား ဟန်တူသူသည် ရောက်ရှိလာပြီး အကျိုးအကြောင်းကို မေးမြန်း လေ၏။

ထိုအခါ ဆွဲကြိုးပျောက်သောမိန်းမက



www.burmeseclassic.com

www.burmeseclassic.com



" ဈေးထဲမှာ ကျွန်မရဲ့ဆွဲကြိုးကို ဒီလူ လုသွားတယ် "

ဟု ပြောလေ၏။

ထိုအခါ ယောကျ်ားဖြစ်သူသည် စုတ်ချာချာလူအား ထိုးမယ် ကြိတ်မယ် တကဲကဲ ဖြစ်နေလေ၏။ စုတ်ချာချာလူအား ဝိုင်းဝန်း ရှာဖွေကြည့်ပြီး ဆွဲကြိုးကိုမတွေ့ရသဖြင့် လူအုပ်ထဲရှိ မိုက်ကန်းကန်း လူတစ်ဦးက

" မင်းကိုယ်ပေါ်မှာ ဆွဲကြိုးမတွေ့ဘူး၊ မင်း ဘယ်မှာသွားပြီး ဝှက်ထားသလဲ "

ဟု အော်ဟစ်မေးမြန်းလေ၏။ ထိုအခါ စုတ်ချာချာလူက မန်းကတန်း လက်ကာ၍

" ကျုပ်မှာ ဘာဆွဲကြိုးမှမရှိပါဘူးဗျာ၊ ကျုပ် ဒီမိန်းမရဲ့ဆွဲကြိုး ကိုလည်း မယူပါဘူး "

ဟု တောင်းပန်လေ၏။ ထိုအခါ မိုက်ကန်းကန်းလူက စုတ်ချာသောလူအား လက်သီးဖြင့်ထိုးရန် ရွယ်လိုက်၏။

ထိုအခိုက်မှာပင် သုညသည် လူအုပ်အတွင်းသို့ တိုးဝင်သွားပြီး

" ဟေ့လူ... ရပ်လိုက်၊ မတရားမလုပ်နဲ့ "





ဟု အော်ဟစ်လိုက်လေ၏။

ထိုအခါ မိုက်ကန်းကန်းလူသည် သုညဘက်သို့လှည့်၍

" ဟေ့ကောင် မင်း ဘယ်ကအကောင်လဲ၊ ငါ့ကို ဘာလို့ လာ တားရတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ သုညက

" ဟောဒီမိန်းမ ဒီလူကို ဆင်းရဲတယ်ဆိုပြီး မတရားစွပ်စွဲတာ ဖြစ်မယ်၊ ဘာကြောင့်လဲဆိုတော့ စောစောတုန်းက ဒီမိန်းမကို အပေါင်ဆိုင်ထဲကထွက်လာတာ ကျုပ်ကိုယ်တိုင်မြင်လိုက်တယ်ဗျ၊ ဒီမိန်းမဟာ အပေါင်ဆိုင်မှာ ရွှေဆွဲကြိုးကိုရောင်းပြီးတော့ သူ့ ယောကျ်ားသိမှာစိုးလို့ ဆင်းရဲတဲ့လူကို စွပ်စွဲတာဖြစ်လိမ့်မယ်၊ ခင်ဗျား တို့မယုံရင် အပေါင်ဆိုင်မှာ သွားပြီးစုံစမ်းကြည့် "

ဟု ပြောလေရာ ဆွဲကြိုးပျောက်သောမိန်းမသည် သုညကို ဒေါသတကြီး ဆဲဆို၍

" နင် ဘာတွေမဟုတ်တာ လာပြောနေတာလဲ၊ ငါ အပေါင် ဆိုင်ကို လုံးဝမသွားဘူး "

ဟု ငြင်းဆန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူညသည် ထိုမိန်းမအား မြို့ထဲတွင် ပျော်လည်ကြည့်ရှုစဉ် အပေါင်ဆိုင်၌ မြင်တွေ့ခဲ့ရသဖြင့် သူမ၏လိမ်ညာမှုကို ပိုမို၍ပေါ်လွင်လာ၏။

ထို့ကြောင့် ဒေါသူပုန်ထနေသော သူမယောက်ျားအား အပေါင်ဆိုင်သို့ ခေါ်သွားလေ၏။ ၄င်းတို့နောက်မှ စပ်စုတတ်သော လူအုပ်ကြီးသည် တကောက်ကောက်လိုက်လာလေ၏။

အပေါင်ဆိုင်သို့ရောက်သောအခါ တရုတ်ထံတွင်စုံစမ်းပြီး ထိုမိန်းမဆွဲကြိုးရောင်းချကြောင်း ပေါ်လွင်သွားသောအခါ ဒေါသကြီးသော ယောက်ျားသည် မိန်းမ၏ပါးကို ဖြန်းခနဲချ၍

" ငါ့ကို အရှက်ခွဲတဲ့ကောင်မ၊ နင်နဲ့ငါ ဒီနေ့ကစပြီး ပြတ်ပြီ"

ဟု ဆိုကာ လူအုပ်ထဲမှ ထွက်ခွာသွားလေ၏။

ထိုအခါမှပင် စိတ်ချာသောယောက်ျားသည် သူညရှိရာသို့ ရောက်လာပြီး

" အခုလို အစ်ကို့ကို လူအုပ်ထဲကနေ ရဲရဲဝံ့ဝံ့ ကယ်တင်ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ငါ့ညီက အစ်ကိုရဲ့အသက်သခင် ကျေးဇူးရှင်ပါပဲ၊ အစ်ကိုသာ ဒီမိန်းမရဲ့ဆွဲကြိုးကိုလုတယ်ဆိုရင်





မြို့ပေါ်ကလူတွေ ဝိုင်းပြီးထိုးကြိတ်ကြမှာ သေချာတယ် "

ဟု ပြောလေ၏။ ထိုအခါ သူညက စိတ်ချာချာလူကို ကြည့်၍

" အစ်ကိုက ဒီမြို့ကမဟုတ်ဘူးလား "

ဟု မေးမြန်းလေ၏။

စိတ်ချာချာလူက ခေါင်းခါယမ်း၍

" အစ်ကို ဒီမြို့သားမဟုတ်ပါဘူးကွာ၊ ဒီမြို့ကို ဒီနေ့မနက်ပဲ ရောက်ပါတယ်၊ မြို့ကကြီးကျယ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းနေတာနဲ့ မြို့ပေါ်မှာ ဆင်းနေလိုက်တာပါ၊ အခုလို အစ်ကို့အတွက် အဆိုး မိုးမှောင်ကျမယ်မှန်းသိခဲ့ရင် ဒီမြို့ကိုမဆင်းပါဘူးကွာ၊ ဒါနဲ့ ငါ့ညီကရော ဒီမြို့သားလား "

ဟု ပြောလေ၏။

ထိုအခါ သူညက မိမိနှင့်ထိုသူမှာ ဘဝတူ ဖြစ်ကြောင်း ပြောလေ၏။

ထိုသူက

" အစ်ကို့ဘဝနောက်ကြောင်းကိုတော့ ပြန်မပြောချင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ အစ်ကို့ဘဝမှာ စိတ်ဆင်းရဲစရာတွေ သိပ်များနေတယ်၊ တကယ်တော့ အစ်ကို့ရဲ့အလုပ်ဟာ လူတွေကို ရယ်ရွှင်အောင်ဖြေဖျော်တဲ့အလုပ်ပါ၊ ဒါပေမဲ့ အစ်ကို့ရင်ထဲမှာ အသည်းတွေကွဲကြေနေတဲ့အတွက် လူတွေကို ဖြေဖျော်တဲ့အလုပ်လည်း မလုပ်ချင်တော့ပါဘူးကွာ၊ အစ်ကိုဟာ မန္တလေးမြို့မှာ နာမည်ကြီးတဲ့ ဇာတ်ကြီးတစ်ဇာတ်ရဲ့ ထိပ်တန်းလူရွှင်တော်တစ်ယောက်ပါ၊ ငါ့ညီက ဇာတ်တွေမကြည့်ဖူးဘူးနဲ့တူတယ်၊ ကြည့်ဖူးရင်တော့ အစ်ကို့ကို သိကြမှာပါ၊ အစ်ကိုက ဇာတ်ထဲက ယိမ်းသမလေးတစ်ယောက်နဲ့ ချစ်ကျွမ်းဝင်ခဲ့တယ်၊ အစ်ကိုနဲ့ အစ်ကို့ချစ်သူဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်တဲ့အတွက် လက်ထပ်ဖို့ ငွေကြေးစုဆောင်းခဲ့ကြတယ်၊ ဒီလိုစုဆောင်းနေတုန်းမှာပဲ သစ္စာဖောက်တဲ့ အစ်ကို့ချစ်သူ ယိမ်းသမဟာ ဇာတ်ဆရာရဲ့သားနဲ့ ခိုးရာလိုက်ပြေးသွားခဲ့တယ်၊ ဒီအချိန်ကစပြီး အစ်ကို့အသည်းတွေ ကွဲကြေပြီး မြန်မာပြည်အနှံ့ လျှောက်သွားနေခဲ့တာပဲ "

ဟု ဆိုကာ သုညအား ထိုမြို့မှ ထွက်ခွာတော့မည် ဖြစ်ကြောင်း ပြောလေ၏။

သုညသည် ထိုသူအား ကားဂိတ်ရှိရာသို့ လိုက်လံပို့ဆောင်ပေးလေ၏။

ထိုအခါ စုတ်ချာချာလူက

" ငါ့ညီနဲ့အစ်ကို ကံမကုန်သေးရင်တော့ ပြန်ကြုံကြဦးမှာပါ၊ ဒီအခါကျရင် ငါ့ညီရဲ့ကျေးဇူးကို အစ်ကိုဆပ်နိုင်ဖို့ ကြိုးစားပါ့မယ် "

ဟု ပြောလေ၏။

သုညသည် မြို့ထဲတွင် လှည့်လည်ကြည့်ရှုပြီး ညနေစောင်းသောအခါ ...သဖြင့် မြို့တစ်နေရာရှိ ကျယ်ဝန်းသော ဘုန်းကြီးကျောင်းကြီးသို့ ...ကာ ယနေ့ည တည်းခိုခွင့်တောင်းလေ၏။

သုညသည် နောက်တစ်နေ့နံနက်သို့ရောက်သောအခါ အလုပ်...ရန် ကျောင်းမှ စောစောထွက်ခဲ့လေ၏။ သူသည် မြို့စွန်တစ်နေရာ...ရေကန်ကြီးသို့ ရောက်သွားလေ၏။

ရေကန်ကြီး၏အနီးတွင် ကျယ်ဝန်းသော ဥယျာဉ်ကြီးရှိပြီး ...ဥယျာဉ်အတွင်း၌ သရက်ပင်များစွာရှိလေ၏။

သုညသည် ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုနေခိုက် ...ဘက်သို့ ထိုးကျနေသော သရက်ကိုင်းကြီးတစ်ခုပေါ်တွင်







www.burmeseclassic.com

သရက်သီးခူးဆွတ်ရန် ကြိုးပမ်းနေသောကလေးငယ်တစ်ဦးကို မြင်တွေ့ရပြီး အောက်၌ ကလေးနှစ်ဦးက စောင့်ကြိုနေလေ၏။

ကလေးငယ်သည် သရက်ကိုင်းတစ်လျှောက် ကိုယ်ကို ယိမ်းနွဲ့၍ မှည့်ဝင်းသော သရက်သီးကြီးကိုခူးဆွတ်ရန် ကြံနေ၏။

ထိုအခိုက်မှာပင် ကလေးငယ်သည် သစ်ကိုင်းပေါ်မှ ခြေချော်ပြီး ရေကန်ထဲသို့ ဝုန်းခနဲ ပြုတ်ကျသွားလေ၏။ ရေကန်အတွင်း ရေသည် လူတစ်ရပ်ခန့်နက်ဟန်ရှိပြီး ကလေးငယ်သည် ရေကူးတတ်ဟန် မရှိချေ။

ကလေးငယ်သည် ရေထဲတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေပြီး အဖော်ပါသောကလေးငယ်တစ်ဦးမှာ အထိတ်တလန့်ဖြင့် အော်ဟစ်နေကြ၏။

သူညသည် ကလေးငယ်အား ရေထဲမှကယ်တင်ရန် ဆုံးဖြတ်လိုက်ပြီး ရေထဲသို့ခုန်ချကာ ကလေးငယ်အား ကုန်းပေါ်သို့ဆွဲတင်လေ၏။

ထိုအခါမှပင် ကလေးငယ်သည် ရေထဲမှ ယက်ကန်ယက်ကန်ဖြင့် ကုန်းပေါ်သို့ ပါလာလေ၏။ သူညက ထိတ်လန့်နေသော





ကလေးငယ်အား အားပေးစကားပြောပြီး

" သရက်ပင်ပေါ်မတက်နဲ့ကွ၊ အန္တရာယ်ရှိတယ် ရေထဲကို ပြုတ်ကျသွားရင်လည်း အခုလိုရေနစ်နိုင်တယ်၊ မြေပေါ်ပြုတ်ကျရင်လည်း ခြေကျိုးလက်ကျိုးဖြစ်နိုင်တယ်၊ ကံဆိုးရင် မင်းအသက်ပါ သေသွားဦးမယ် "

ဟု ပြောလေ၏။

ထိုအခါ ရေထဲသို့ကျသောကလေးငယ်သည် သူညအား

" ဦးလေးကို သိပ်ကျေးဇူးတင်တယ်၊ ဦးလေးဟာ ကျုပ်ရဲ့ အသက်သခင်ပဲ "

ဟု ပြောကာ ကလေးငယ်နှစ်ဦးနှင့်အတူ သရက်ခြံကြီးထဲမှ အပြေးအလွှား ထွက်ခွာသွားကြလေ၏။

သူညသည် ဤမြို့သို့ရောက်ရှိပြီး မျှားမကြာမီ လူနှစ်ဦး၏ အသက်ကို ကယ်တင်ခဲ့လေ၏။

တစ်ဦးမှာ လွန်ခဲ့သောနေ့က ဆဲ့ကြိုးလုသည်ဟု စွပ်စွဲခံရသော ကျော်ချာချာလူဖြစ်၏။ ကျန်တစ်ဦးမှာ ယနေ့နံနက် ရေထဲသို့ သရက်သီးခူးရင်း ပြုတ်ကျသော ကလေးငယ်ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူညသည် ထူးခြားသော တိုက်ဆိုင်မှုအတွက် မိမိဘဝကို အကောင်းမြင်ဝါဒဖြင့် ကြည့်ရှုနေမိ၏။

" ငါ ဒီမြို့ကိုရောက်တာ နှစ်ရက်ပဲရှိသေးတယ်၊ နှစ်ရက်အတွင်း ငါ့ကို ကျေးဇူးရှင်ဆိုပြီးတော့ ရိုသေလေးစားတဲ့သူ နှစ်ယောက်ရှိသွားပြီ၊ ဒါဟာ ဒီမြို့မှာငါ့အတွက် အကျိုးပေးတဲ့သဘောပဲ "

ဟု တွေးကာ မြို့ထဲတွင် အလုပ်ရှာရန် ကြိုးစားလေ၏

သူသည် ရေးကကဲ့သို့ ရရာအလုပ်ကို လုပ်ကိုင်ရန်မကြိုး

တော့ဘဲ ထိုအလုပ်သည် မိမိကို အကျိုးပြုခြင်းရှိမရှိ စဉ်းစားဆင်ခြ ပြီးမှလုပ်ရန် ဆုံးဖြတ်လိုက်၏။

သူညသည် မြို့ထဲတွင် လှည့်လည်သွားလာနေခိုက်တွ သူ၏ အနီးသို့ လွန်စွာခန့်ညားသော ရထားလုံးကြီးတစ် ထိုးဆိုက်လာပြီး ရထားလုံးပေါ်မှ ကလေးငယ်တစ်ဦးဆင်းလာ

ကြည့်လိုက်သောအခါ မနက်က ရေနစ်နေစဉ် ကယ်တင်ခဲ့သော ကလေးငယ်ဖြစ်နေလေ၏။

ကလေးငယ်၏အနောက်မှ လူကုံထံ အမျိုးသမီးကြီးတ





ဆင်းလာပြီး

" မောင်ရင် ခဏနေပါဦး၊ မနက်က အဒေါ်ရဲ့သားကို ရေထဲက ကယ်တင်ပေးခဲ့တယ်ဆိုတာ မောင်ရင်လား "

ဟု မေးမြန်းလေ၏။

ထိုအခါ သူညက ခေါင်းညိတ်၍

" ဟုတ်ပါတယ် အဒေါ်ရယ်၊ ကလေးတွေကို လူကြီးတွေ လွှတ်မထားပါနဲ့၊ သူတို့သုံးယောက်စလုံး ရေကူးတတ်ပုံမရ ဘူး၊ အဲဒီတုန်းက ကျုပ်သာမရှိရင်တော့ ကောင်လေးရဲ့ဘဝ တွေးဝံ့ ရာတောင် မရှိဘူး "

ဟု ပြောလေရာ အမျိုးသမီးကြီးက သူညကို အလွန် ကျေးဇူးတင်ဟန်ဖြင့် ကြည့်၍

" အဒေါ်တို့လည်း ကလေးတွေကို ဂရုစိုက်ပါတယ်ကွယ်၊ နက်က အဒေါ်ရဲ့မိတ်ဆွေတစ်ယောက်အလှူအိမ်ကို သွားနေတဲ့ အတွက် ကလေးကို ဂရုမစိုက်နိုင်လိုက်တာပါ၊ ကလေးရေတွေစို့ရွှဲပြီး ပြန်လာတော့ အကျိုးအကြောင်းကိုသိရပြီး အလွန်စိုးရိမ်သွားတယ်၊ ကလေးကိုကယ်တင်ခဲ့တဲ့မောင်ရင့်ကို သိပ်ပြီးတော့ ကျေးဇူးတင်တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဒါကြောင့် ကျေးဇူးရှင်ရဲ့မျက်နှာကို မြင်ဖူးအောင်လို့ မြို့ထဲမှာ လှည့်ပြီးတော့ရှာနေတာပါ၊ အဒေါ်တို့ရဲ့အိမ်ကို ခဏလောက် လိုက်ခဲ့ပါလား"

ဟု တောင်းပန်လေ၏။

သူညသည် အမျိုးသမီးကြီးနောက်သို့လိုက်လျှင် အရှုံးမရှိနိုင်ဟု ယူဆသဖြင့် ရထားလုံးဖြင့် လိုက်ခဲ့လေ၏။ အမျိုးသမီးကြီးသည် မြို့လယ်ကောင်ရှိ နှစ်ထပ်တိုက်ကြီးရှေ့သို့ရောက်သောအခါ ရထားလုံးကို ရပ်စေ၏။

ထိုအခါ နှစ်ထပ်တိုက်၏ထိပ်တွင် လွှန်းစွာကြီးမားသော နဂါးသုံးကောင် ဆေးလိပ်ခုံဟူသောအမည်ကို တွေ့ရလေ၏။

BURMESE CLASSIC .com

သူညသည် အမျိုးသမီးကြီး၏အလုပ်အကိုင်မှာ ဆေးလိပ်ခုံပိုင်ရှင်ဖြစ်ကြောင်း ရိပ်စားမိသွားလေ၏။ အမျိုးသမီးကြီးသည် သူညအား သူ၏အိမ်အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေ၏။

သူညသည် အိမ်အောက်ထပ်သို့ဖြတ်သန်းစဉ် မိန်းကလေးများ ဆေးလိပ်လိပ်နေကြောင်း တွေ့ရလေ၏။ သူသည် ကြီးပွားချမ်းသာလိုသူတစ်ဦးဖြစ်သဖြင့် ဆေးလိပ်ခုံလုပ်ငန်းကို စိတ်ဝင်တစား





လေ၏။

အမျိုးသမီးကြီးသည် အိမ်ကြီး၏အပေါ်ထပ်သို့ သူညအား ခေါ်ဆောင်သွားလေ၏။ အိမ်ကြီး၏အပေါ်ထပ်တွင် ပိုမိုခန့်ညားပြီး ကြမ်းများအားလုံး အရောင်တဖိတ်ဖိတ်တောက်အောင်တိုက်ထားလေ၏။

အမျိုးသမီးကြီးသည် သူညအား အိမ်ကြီး၏ ဧည့်ခန်းကြီး၌ ထိုင်ခိုင်းလိုက်ပြီး ထိုးမုန့်၊ ကရေကရာ စသော မုန့်မျိုးစုံဖြင့် ဧည့်ခံလေ၏။

ထိုသို့ ဧည့်ခံပြီးနောက် အမျိုးသမီးကြီးက သူညကိုကြည့်၍

" မောင်ရင့်ကို ဒီမြို့ကမဟုတ်မှန်းတော့သိပါတယ်၊ စပ်စုယ်လို့ မထင်ပါနဲ့၊ ဘယ်ကိုခရီးဆက်မှာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ သူညက င်

" ကျုပ်ရဲ့ခရီးက ရေရေရာရာမရှိသေးပါဘူး အဒေါ်ရယ်၊ ပ် မြို့တကာလှည့်ပြီး အလုပ်တစ်ခုခုရလိုရငြား ရှာဖွေနေတာပါ၊ တွေလည်း မရှိတော့ဘူးဆိုတော့ ကျုပ်က တစ်ကိုယ်တော် နေတယ်လေ၊ ဒါကြောင့် ဇာတိမြို့ကထွက်ခွာပြီး အလုပ်လိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



နေတော်ပါ "

ဟု ပြောလေ၏။ သူညာ၏စကားကြောင့် ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးက

" သြော် မောင်ရင် အလုပ်လိုက်ရှာနေတာကိုး၊ ဒီလိုဆိုရင် အတော်ပဲ၊ မောင်ရင်က အဒေါ်သားလေးအတွက် အသက်သခင် ကျေးဇူးရှင်ဖြစ်နေတဲ့အတွက် အဒေါ်တို့ ဆေးလိပ်ခုံမှာ အလုပ်ပေးချင် တယ် "

ဟု ပြောလေ၏။

သူညာက အမျိုးသမီးကြီးကိုကြည့်၍

" ဆေးလိပ်ခုံမှာ အလုပ်မလိုအပ်ဘဲ ကျုပ်ကို မလုပ်မနေ ါနဲ့ဗျာ၊ ကျေးဇူးရှင်ဆိုပြီး အားနာပါးနာနဲ့ အလုပ်ပေးတာ ပိုမ်ကောင်းဘူး ထင်ပါတယ် "

ဟု ပြောလေ၏။ ထိုအခါ အမျိုးသမီးကြီးက ခေါင်း သမ်း၍

" အဒေါ်ရဲ့ဆေးလိပ်ခုံမှာ တကယ်ပဲ အလုပ်လုပ်ဖို့ လူလို လို့ပါ၊ အဒေါ်မှာ ဆေးလိပ်ခုံနှစ်ခုံရှိတယ်၊ နောက်တစ်ခုံ





ဒီးအနားမြို့မှာရှိတယ်၊ အဒေါ်ဟာ ဆေးလိပ်ခုံနှစ်ခုစလုံးကို ကြီးကြပ်ဖို့မလွယ်ဘူး၊ အဒေါ်ရဲ့ အခြားမြို့က ဆေးလိပ်ခုံကို ကြီးကြပ်ဖို့အတွက် လူတစ်ယောက်လိုအပ်နေတာ အမှန်ပဲ၊ ရင်တုန်းကတော့ ဆေးလိပ်ခုံကို ကြီးကြပ်ဖို့အလုပ်ကို အမျိုးသမီး တစ်ယောက်ကို ငှားရမ်းမလို့ပဲ၊ ဒါပေမဲ့ မောင်ရင့်ကို အဒေါ်ရဲ့ ကျေးဇူးရှင်အနေနဲ့ အလုပ်ပေးချင်တဲ့အတွက် အဒေါ်ရဲ့ဆေးလိပ်ခုံကို ကြီးကြပ်တဲ့အလုပ်ကိုလုပ်ပေးဖို့ တောင်းဆိုချင်ပါတယ် "

ဟု ပြောလေ၏။

သူညာက ဆေးလိပ်ခုံတွင်ကြီးကြပ်သောအလုပ်ကို လုပ်ကိုင်ရ ည်ဆိုသဖြင့် သူ၏အလုပ်သည် အကျိုးရှိမရှိ စဉ်းစားဆင်ခြင် ကြည့်၏။

ထိုအခါ ဆေးလိပ်ခုံတွင်ကြီးကြပ်သောအလုပ်ကို လုပ်ကိုင် ရင်း ဆေးလိပ်ခုံလုပ်ငန်းကို ကျွမ်းကျင်တတ်မြောက်နိုင်သည်ဟု တွေးမိပြီး ထိုအလုပ်ကို လက်ခံရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် အမျိုးသမီးကြီးကိုကြည့်၍

" အဒေါ်ရဲ့အလုပ်ကို ကျွန်တော်လုပ်ချင်ပါတယ်၊ ဒီဆေးပင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကို ကျုပ်အနေနဲ့ လောလောဆယ်မှာ အကျွမ်းတဝင်မရှိပေမဲ့
တဖြည်းဖြည်း ရင်းနှီးကျွမ်းဝင်အောင်ကြိုးစားပါ့မယ်၊ ဆေးလိပ်ခုံရဲ့
သဘောသဘာဝကို ကျုပ်နားလည်အောင်သာ အခေါ် ရှင်းလင်းပြ
ပေးပါ ''

ဟု ပြောလေ၏။ ထိုအခါ ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီး
ကြီးက

'' ဒီအတွက် မစိုးရိမ်ပါနဲ့၊ အလုပ်ကသင်သွားမှာပါ၊ အခေါ်
လိုအပ်တာ သစ္စာရှိတဲ့ လူယုံတစ်ယောက်ပဲ၊ ဆေးလိပ်ခုံမှာ အခေါ်
မကြီးကြပ်နိုင်တဲ့အတွက် ငွေယိုပေါက်တွေ အများကြီးဖြစ်နိုင်တယ်
ဒါထက်ပိုပြီးဆိုးတာက အခေါ်ရဲ့ နဂါးသုံးကောင်ဆေးလိပ် အရည်
အသွေး ညံ့ဖျင်းသွားနိုင်တယ်၊ အရည်အသွေးညံ့ဖျင်းသွားရင် အခေါ်
လုပ်ငန်းကြီး ကျဆုံးသွားနိုင်တယ် ''

ဟု ဆိုကာ အမျိုးသမီးကြီးသည် သုညအား ဆေးလိပ်ခုံနှင့်
ပတ်သက်သော အကြောင်းအရာများကို သင်ပြပေးလေ၏။

ဆေးလိပ်ခုံသို့လည်း ကိုယ်တိုင်ခေါ်သွားပြီး လေ့လာစေ၏
ထိုအခါ ဆေးလိပ်ခုံ၌ အမျိုးသမီးများစွာရှိသဖြင့် သုညသည် အမျိုး





သမီးတို့အလယ်တွင် တစ်ကိုယ်တည်း ထီးထီးကြီးဖြစ်နေလေ၏။

သုညသည် အမျိုးသမီးများအား ကြီးကြပ်ရန် အတော်ပင်
ခက်ခဲမည်ဖြစ်ကြောင်း ရိပ်မိခဲ့၏။

သို့သော် အမျိုးသမီးကြီးက မိမိကို ယုံကြည်စွာပေးအပ်သော
တာဝန်ဖြစ်သဖြင့် အောင်မြင်အောင် ထမ်းဆောင်ရန် ဆုံးဖြတ်ထား
၏။

အမျိုးသမီးကြီးက သုညအား ၎င်းတို့ဆေးလိပ်ခုံ၏ လျှို့ဝှက်
ချက် ဆေးစပ်ပုံကိုပြသပေး၏။ ဆေးစပ်တစ်တင်းလျှင် ဆေးလိပ်
[illegible]ထောင်ထွက်ကြောင်း ရှင်းလင်းပြ၏။ ထို့အပြင် ဆေးစပ်တစ်တင်း
[illegible] ဆေးလိပ်လိပ်ရန်အတွက် ဖက်လေးပိဿာမျှ ကုန်ကျကြောင်း
[illegible]ထိတွေ့ပြသ၏။

ထို့အပြင် အစီခံပြုလုပ်ပုံ အဆင့်ဆင့်ကိုလည်း ပြသပေး၏။
အစီခံအတွက် လိုအပ်သောကုန်ကြမ်း ဆေးစပ်ဖက်တို့ဝယ်ယူရန်
[illegible]ည်း ပြသပေး၏။

ဆေးလိပ်ခုံနှင့်ပတ်သက်၍ အရေးအကြီးဆုံးမှာ မိန်းကလေး
များကို အုပ်ချုပ်ရခြင်းဖြစ်ကြောင်း အမျိုးသမီးကြီးက သင်ပြပေး၏။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးက

“ ဆေးလိပ်ခုံမှာလုပ်တဲ့ မိန်းကလေးတွေက မတစ်ရာသမီး တွေကွယ်၊ သူတို့ကိုနိုင်နင်းအောင် အုပ်ချုပ်ဖို့က အတော်ခက်ခဲတယ်၊ မောင်ရင်ဟာ ယောကျာ်းလေးတစ်ယောက်ဖြစ်နေတဲ့အတွက် မိန်း ကလေးတွေဟာ ပညာစမ်းမှာ သေချာတယ်၊ သူတို့ကို တည်တည် ကြည်ကြည် ဖေးဖေးမမနဲ့ အုပ်ချုပ်နိုင်ရမယ်၊ ဒီလိုမဟုတ်ဘူးဆိုရင် တော့ မောင်ရင့်ကို မိန်းကလေးတွေ လေးစားကြမှာမဟုတ်ဘူး ”

ဟု ပြောလေ၏။

သုညသည် အမျိုးသမီးကြီးပြောသော အဓိပ္ပါယ်ကို နားလည်၍ ခေါင်းညိတ်လိုက်ပြီး

“ ကျုပ်နားလည်ပါတယ် အဒေါ်၊ မိန်းကလေးတွေနဲ့ ကျုပ် လိုတာထက်ပိုပြီး အရောမဝင်ပါဘူး၊ သူတို့ကို အုပ်ချုပ်ရမှာဖြစ်တဲ့ အတွက် ကျုပ်ကို ရိုသေလေးစားနေဖို့ လိုပါတယ်၊ သူတို့ အကြည်ညိုပျက်အောင်မနေဖို့လည်း အရေးကြီးမှာပါ ”

ဟု ပြောလေရာ ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးက

“ မောင်ရင်ဟာ အဒေါ်ထင်တာထက်တောင် ပိုပြီးတော့





မြော်အမြင်ရှိသေးတယ်၊ မောင်ရင့်ကို အဒေါ်စိတ်ချသွားပြီ ”

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးက သုည အား ဆေးလိပ်သမများအလယ်သို့ ခေါ်ဆောင်သွားပြီး

“ မင်းတို့အားလုံး မှတ်ထားကြ၊ သူ့နာမည်ကို ကိုသုညလို့ ခေါ်တယ်၊ သူဟာ ငါမရှိတဲ့အချိန်တွေမှာ ဒီဆေးလိပ်ခုံကို ငါ့ ကိုယ်စား အုပ်ချုပ်လိမ့်မယ်၊ မင်းတို့က သူ့စကားကို မြေဝယ်မကျ စေအောင်ကြပါ၊ ကလန်ကဆန်လုပ်ဖို့ မကြိုးစားပါနဲ့ ”

ဟု ပြောလိုက်ရာ ဆေးလိပ်ခုံရှိ မိန်းကလေးများသည် ချောမွှယ်သော သုည၏ပုံသဏ္ဌာန်ကိုကြည့်၍ အထင်ကြီးဟန်မရှိဘဲ ...မှုမဆိုသော မိန်းမကြီးတစ်ယောက်က

“ ဒီကောင်လေး ငါတို့မိန်းမတွေအလယ်မှာ ဘယ်လောက် ...ထိ ထိုင်မသာဖြစ်ပြီး အခံရခက်မယ်ဆိုတာ ကြိုတင်ပြီး ...ဆောင်သေးတယ်ဟော့၊ ဆေးလိပ်ခုံကို အမျိုးသားအုပ်ချုပ်တာ ... အမျိုးသမီး အုပ်ချုပ်တာက ပိုကောင်းတယ်ဆိုတာ ပိုင်ရှင် ...င်ကြူကြီး မသိဘူးလား မသိဘူး၊ ဒေါ်ခင်ကြူက အတွေ့



www.burmeseclassic.com

www.burmeseclassic.com



အကြံရှိတဲ့ ဆေးလိပ်ခုံပိုင်ရှင်ကြီးပါ၊ သူဟာ ဒီနေရာဟာ ယောက်ျ လေးတစ်ယောက်ကို ခန့်ဖို့ထက် အသက်ကြီးတဲ့ အမျိုးသ တစ်ဦးကို ခန့်ဖို့ပိုသင့်တော်တယ်၊ ဒီသုညဆိုတဲ့ ကောင်လေး မိန်းကလေးတွေနဲ့ ရောရောနှောနှော နေတတ်တယ်ဆိုရင် ဆေးလိပ်ခုံမှာ တဝါးဝါး တဟားဟား ပွဲကျနေလိမ့်မယ်၊ ဒီထ ပိုဆိုးလာရင် နောက်ပိုးရှူးလုပ်ပြီးတော့ မိန်းကလေးတွေ မျက်နှာသာပေးတော့မယ်၊ ဒါဆိုရင်တော့ သူ ဘယ်လိုမှ ဆေးလိ သမတွေကို အုပ်ချုပ်လို့ မရတော့ဘူး ”

ဟု ပြောလေ၏။

ထိုအချိန်မှစ၍ သုညသည် အဒေါ်ကြီး၏ နဂါးသုံးကော ဆေးလိပ်ခုံအား ကြီးကြပ်သူအဖြစ် လုပ်ကိုင်ပေးရလေ၏။

မိန်းကလေးများသည် ၄င်းတို့၏အလယ်တွင် တစ်ကို တည်း ရှိနေသဖြင့် သုညအား နောက်ပြောင်ကျီစယ်ရန် ကြိုးပမ်း သို့သော် သုညက မိန်းကလေးများကို တည်ကြည်စွာဆက်ဆံ အုပ်ချုပ်သဖြင့် နောက်ပြောင်ကျီစယ်ဝံ့သူမရှိတဲ့ဖြစ်လေ၏။

သုညသည် ဆေးလိပ်ခုံ၏ပြဿနာများကို သေချာ





ဆင်ခြင်ပြီး ဖြေရှင်းပေး၏။

ထိုသို့ဖြေရှင်းပေးရင်း ဆေးလိပ်လုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံများ တိုးပွားလာလေ၏။

ထိုအခါ ဆေးလိပ်လုပ်ငန်းသည် အောင်မြင်လျှင် အလွန် အမြတ်အစွန်းရရှိနိုင်သောလုပ်ငန်းဖြစ်ကြောင်း ရိပ်စားမိလာ၏။

ဆေးလိပ်ကို မြန်မာပြည်ရှိ လူဦးရေ (၉၀) ရာခိုင်နှုန်းမျှ သောက်သုံးကြ၏။ ဆေးလိပ်တံဆိပ်ပတ်တစ်ခုနာမည်ကြီးပြီဆိုလျှင် တောရော မြို့ပါသောက်ကြ၏။

ထိုအခါ ဆေးလိပ်ခုံပိုင်ရှင်သည် လက်ဖျားငွေသီးလို့သာနေ တော့၏။

သုညသည် ဆေးလိပ်ခုံလုပ်ငန်းကို တဖြည်းဖြည်း အတွင်း ကျကျ လေ့လာပြီးနောက် ကိုယ်ပိုင် ဆေးလိပ်ခုံထောင်ချင်စိတ်များ ဖြစ်ပေါ်လာ၏။

ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးသည် သုည၏လုပ်ရည် ကိုင်ရည်ကို မကြာခဏ လာရောက်၍ အကဲခတ်လေ၏။ ထိုအခါ သုညသည် သူ၏ဆေးလိပ်ခုံကို ကောင်းမွန်စွာထိန်းသိမ်းနိုင်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။

ဆေးလိပ်ခုံရှိ အလုပ်သမများသည် ယခင်က လက်သွက်သော သူဆိုလျှင် တစ်နေ့လျှင် ဆေးလိပ်လိပ်ခ ငါးမူးမျှထိရ၏။ လက်ဖျင်းသောသူမှာ တစ်နေ့လျှင် ဆေးလိပ်လိပ်ခ တစ်မတ်ခန့် ရ၏။

နောက်ပိုင်းတွင် ဆေးလိပ်လိပ်ရာတွင် လျှင်မြန်သော ဆေးလိပ်သမများပင် တစ်နေ့လျှင် တစ်မတ်မျှ အနိုင်နိုင်ဖြစ်လာ၏။ သူညသည် ဆေးလိပ်ခုံကို မိမိအုပ်ချုပ်ရသောအခါ ဆေးလိပ် အရေအတွက် ကျဆင်းရခြင်းအကြောင်းကို သိလာ၏။

ထိုအခါ ဆေးလိပ်သမများသည် နေ့စဉ် (၃၆)ကောင် လောင်းကြေးထိုးရန်သာ စိတ်ဝင်စားပြီး အပြန်အလှန်တွက်ချက်နေကြောင်း တွေ့ရ၏။

ထိုခေတ်က တရုတ်အမျိုးသားများ ဖွင့်လှစ်လေ့ရှိသော (၃၆) ကောင်ထီကို လောင်းကြေးထိုးသူ အလွန်များ၏။ (၃၆) ကောင် လောင်းကစားခြင်းသည် တစ်ကောင်လျှင် တစ်ပြားထိ ထိုးခွင့်ရှိသဖြင့် ဆင်းရဲသားများကို များစွာ ဒုက္ခပေးနေသော လောင်းကစား





နည်းဖြစ်၏။

ဆေးလိပ်ခုံရှိ အမျိုးသမီးများသည် နေ့စဉ် (၃၆) ကောင် ထီထိုးရန် အတိတ်များကို တွက်ချက်နေသဖြင့် ဆေးလိပ်အရေ အတွက် ကျဆင်းသွားခြင်း ဖြစ်၏။

သူညသည် ထိုအခြင်းအရာကို သိသွားသောအခါ (၃၆) ကောင်လောင်းကစားခြင်းကို ဝါသနာအလွန်ကြီးသော ဆေးလိပ် သမများအား ခေါ်ယူ၍ (၃၆) ကောင်မထိုးရန် နားချလေ၏။

သူညက

" ခင်ဗျားတို့ သေသေချာချာ စဉ်းစားကြည့်စမ်းပါဦး၊ (၃၆) ကောင် ကစားနည်းက ခင်ဗျားတို့ရဲ့ ချွေးနည်းစာတွေကို အိတ်ထဲက အမြဲနှိုက်ယူနေတာပေါ့၊ (၃၆) ကောင်ထိုးမယ့်အစား ခင်ဗျားတို့အိမ်က သားသမီးတွေ၊ ညီအစ်ကိုမောင်နှမတွေ၊ မိဘ တွေကို ဝဝလင်လင် ဝယ်ကျွေးဖို့ ကြိုးစားစမ်းပါ၊ (၃၆) ကောင် ဒိုင်ဟာ ဘယ်လောက်တရားမျှတမှုရှိ၊ မရှိ စဉ်းစားကြည့်စမ်း၊ အကောင် (၃၆) ကောင်ရှိတယ်၊ ခင်ဗျားတို့က တစ်ပြားဖိုးထိုးလို့ ပေါက်မယ်ဆိုရင် (၂၄) ပြားပဲ လျော်တယ်၊ (၁၂) ပြားကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့က စားတယ်၊ ဒီတော့ ဒိုင်ဘက်က အရှုံးဆိုတာ မရှိတော့ဘူး၊ (၃၆) ပြားဖိုးရောင်းရင် ခင်ဗျားတို့ကို (၂၄) ပြား လျော်မှာဖြစ်တယ်၊ ကျန်တဲ့ (၁၂) ပြားကို သူတို့စားလိမ့်မယ်၊ နောက်ပြီးတော့ (၃၆) ကောင် ထီမှာပေးတဲ့အတိတ်တွေဟာ ဘယ်လိုမှ မမှန်နိုင်ပါဘူး၊ ဒိုင်တွေပေးတဲ့ အတိတ်တွေကိုကြည့်ပြီး ခင်ဗျားတို့ ထိုးမယ်ဆိုရင် ပေါက်ပြီးမှ ပြန်ပြီးတော့ အဓိပ္ပာယ်ဖော်လို့ရလိမ့်မယ်၊ ဘာကြောင့် လဲဆိုတော့ ဒိုင်တွေဟာ အတိတ်တွေကို သူတို့လိုသလို အမြဲတမ်း ဆွဲဆွဲပြီး ယူတတ်လို့ပါ၊ တကယ်တော့ အလျော်ရ အနည်းဆုံးဖြစ်မဲ့ အကောင်ကို ဒိုင်က အိတ်ထဲမှာ ထည့်ထားပြီးတော့ သူတို့ပေးချင်တဲ့ အတိတ်ကို ပေးပြီးတော့ ခင်ဗျားတို့ကို စည်းစားခိုင်းထားတယ် ခင်ဗျားတို့ ဆေးလိပ်သမတွေကတော့ ကိုယ့်အလုပ်ကို လုပ်မလုပ်ဘဲ တစ်နေ့ကုန် ပင်ပင်ပန်းပန်း တွေးပြီးတော့ အဖြေရှာနေရတယ် (၃၆) ကောင် အလောင်းအစားသမားဟာ ဇာတ်ကြီး (၁၀) ဖွဲ့ထဲက ဇာတ်တွေကို တစ်ဇာတ်ဆီယူပြီးတော့ ခင်ဗျားတို့ကို နေ့တိုင်း ပေါက်ကရ အတိတ်တွေပေးတာ အဟုတ်ကြီးမှတ်မနေနဲ့၊ ခင်ဗျား တို့ဟာ အဲဒီအတိတ်တွေကို တစ်နေ့လုံးရှုတ်တတ်တယ်၊ ပေါ





ကောင်ဖွင့်တော့ တလွဲတွေဖြစ်နေတတ်တယ်၊ တကယ်တော့ အတိတ်ဆိုတာ ဒိုင်တွေ ကောက်ချင်ရာကောက်ပြီးတော့ ပြောချင်ရာ ပြောတဲ့အရာတွေပါ၊ ခင်ဗျားတို့ အတိတ်တွေယုံပြီး လိုက်ထိုးနေရင် ရှိသမျှ ကုန်လိမ့်မယ်၊ ဆေးလိပ်သမတွေ အလုပ်မလုပ်ဘဲ (၃၆)ကောင်ပဲ ထိုးနေရင် ဆေးလိပ်ခုံအတွက်လည်း အရေအတွက် တွေ ကျဆင်းပြီး အများကြီးနစ်နာတယ်၊ ခင်ဗျားတို့ ဆေးလိပ်ခုံမှာ တတ်နိုင်ရင် (၃၆)ကောင် ထီအကြောင်းမပြောဖို့ မေတ္တာရပ်ခံချင် တယ် ''

ဟု မှာကြားကာ မိမိကိုယ်တိုင်လည်း ဆေးလိပ်သမများ အုပ်စုဖွဲ့နေလျှင် မကြာခဏသွားရောက်ပြီး စစ်ဆေးကြည့်ရှုပေးလေ၏။

ဤသို့ဖြင့် ဆေးလိပ်ခုံ၌ (၃၆)ကောင်ထိုးသော ဆေးလိပ်သမ များ တဖြည်းဖြည်း နည်းပါးသွားလေ၏။ ဆေးလိပ်ခုံရှိ ဆေးလိပ် သမများသည် နေ့လယ်ပိုင်း အားလပ်သောအချိန်များ၌ စုဝေးပြီး အတင်းအဖျင်းမျိုးစုံကို ပြောလေ့ရှိ၏။

ထိုသို့ အတင်းပြောရင်း အပြောခံရသူနှင့် မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ရန်ပွဲများ ဖြစ်ပွားလေ့ရှိ၏။ သုညသည် ဆေးလိပ်သမများအား အတင်းအဖျင်းကို ပြောဆိုရန်ထက် အကျိုးရှိသောအလုပ်ကို လုပ်ကိုင်စေလို၏။

ထို့ကြောင့် ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးနှင့် တိုင်ပင်ပြီး ရန်ကုန်မြို့တော်သို့တက်ကာ ကုမ္ပဏီမှ ဓာတ်စက်တစ်လုံးကို ဝယ်ယူလေ၏။

ဓာတ်စက်ရသောအခါ သီချင်းများ၊ ဓာတ်များကိုဖွင့်ပြထားသဖြင့် ဆေးလိပ်သမများသည် အတင်းအဖျင်းပြောရန်ထက် သီချင်းများကို လိုက်လံသီဆိုခြင်း၊ ဓာတ်များကို နားထောင်ခြင်းနှင့် အချိန်ကုန်လွန်လေတော့၏။

ထိုအခါ ဆေးလိပ်သမအချင်းချင်း အတင်းပြောမှုများ နည်းပါးသွားပြီး လုပ်ငန်းလည်း ပိုမိုတွင်ကျယ်လာကြောင်းတွေ့ရ၏။ သုညသည် ဆေးလိပ်ခုံတွင်လုပ်ကိုင်ရင်း သူ၏ဘဝတိုးတက်ရန် နည်းလမ်းကို ရှာကြံစဉ်းစားနေလေ၏။

သူသည် တရုတ်ကြီး ဦးချိန့်တီ သင်ကြားပေးသော ဉာဏ်ကို အသုံးပြုရမည်ဟူသော စကားအတိုင်း ဆေးလိပ်ခုံတွင်နေထိုင်ခိုက်





ဉာဏ်ကိုသုံး၍ ဆေးလိပ်ခုံတိုးတက်ရန်နည်းလမ်းများကို ရှာကြံစဉ်းစားမိလေ၏။

ထိုသို့ရှာကြံပြီး ရရှိသောအကြံဉာဏ်များကို ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးအား ပေးလေ၏။

သို့သော် ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီး၌ မည်သည့်အလုပ်ကိုမျှ မည်မည်ရရမလုပ်သော တူတော်မောင်တစ်ဦးရှိ၏။ ထိုသူသည် သုညအား အသားလွတ် မနာလိုဝန်တိုစိတ်ဝင်နေသူဖြစ်၏။

ထိုသူသည် သုည အလုပ်လုပ်သော ဆေးလိပ်ခုံသို့ မကြာ ာ လာရောက်ပြီး ချောမောလှပသော ဆေးလိပ်သမလေးများကို ကပါး ရိကပါးပြောဆိုလေ့ရှိ၏။

သုညသည် ဆေးလိပ်ခုံကို မိမိအုပ်ချုပ်နေခိုက်တွင် စည်း မ်းစနစ်ကြီးစွာ ထား၏။

ထို့ကြောင့် ဆေးလိပ်ခုံပိုင်ရှင်၏တူအား မိန်းကလေးများနှင့် အထိုင်ဆင်ခြင်ရန် သတိပေးလေ၏။ ထိုအခါ ဆေးလိပ်ခုံ င်၏တူက မျက်မှောင်ကြုတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာဟော့ကောင်၊ မင်းဟာ ငါ့အဒေါ်ခန့်ထားတဲ့လူပါ၊ ဆေးလိပ်သမတွေကို မင်းအမိန့်ပေးလို့ရမယ်၊ ငါ့ကိုတော့ မင်း အမိန့်ပေးလို့မရဘူး။ ငါဘာသာ ငါ့အဒေါ်ရဲ့ဆေးလိပ်ခုံမှာ လုပ်ချင်ရာလုပ်မယ်၊ နေချင်သလိုနေမယ်၊ မင်း ပါးစပ်ပိတ်ထား"

ဟု ပြောလေ၏။

ထိုအခါ သူညက ခေါင်းခါယမ်း၍

" ကျုပ် ပါးစပ်မပိတ်နိုင်ဘူး၊ ဒီဆေးလိပ်ခုံကို စည်းကမ်းကျနအောင် ကြီးကြပ်ဖို့ ခင်ဗျားအဒေါ်က ကျုပ်ကို တာဝန်ပေးထားတယ်၊ ဒါကြောင့် ဆေးလိပ်ခုံထဲက ခင်ဗျား ချက်ချင်းထွက်သွားပါ "

ဟု မောင်းနှင်ထုတ်လေ၏။ ထိုအခါ ဆေးလိပ်ခုံပိုင်ရှင်၏တူက

" ဟော့ကောင်… ငါ့အဒေါ်ပိုင်တဲ့ဆေးလိပ်ခုံကတော့ ငါ ထွက်မသွားနိုင်ဘူး၊ မင်း ဘာလုပ်ချင်လဲ "

ဟု ပြန်လည်ပြောဆိုလေ၏။

ထိုအခါ သူညက ၎င်းအား နှုတ်ဖြင့်မပြောတော့ဘဲ ဆေးလိပ်ခုံထဲမှ ဆွဲထုတ်လေ၏။ ထိုသူသည် ဆေးလိပ်သမများ ဝိုင်းဝန်းကြည့်ရှုနေသဖြင့် ရှက်ရမ်းရမ်းပြီး သူညအား ထိုးကြိတ်ရန် ကြိုးစားလေ၏။

သူညသည် ငယ်စဉ်ကပင် တစ်မြို့လုံး၌ နိုင်းဖတ်ဘဝနှင့် ကျင်လည်ခဲ့သဖြင့် ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းသူဖြစ်၏။ ထို့ကြောင့် သူ၏ရန်သူအား မြေပေါ်သို့လဲအောင် ထိုးကြိတ်နိုင်၏။

ဆေးလိပ်ခုံပိုင်ရှင်၏တူသည် နှုတ်ခမ်းမှကျလာသော သွေးစက်များကို လက်ခုံဖြင့်သုတ်၍

" မင်း တစ်နေ့ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"

ဟု ပြောကာ ထိုနေရာမှ ထွက်သွားလေ၏။

ထိုကိစ္စနှင့်ပတ်သက်၍ ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးသည် သူညအား အပြစ်ပြောဆိုခြင်း မရှိချေ။







www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ သုညသည် ဆေးလိပ်ခုံအတွက် လိုအပ်သော ဆေးရွက်များကို အနီးအနားရွာများမှ နွားလှည်းဖြင့် သွားရောက် သယ်ဆောင်လေ၏။

ထိုသို့သယ်ဆောင်ရင်း လမ်းတစ်နေရာသို့ရောက်သောအခါ ၄င်းတို့၏လှည်းရှေ့တွင် ဂျစ်ကားတစ်စီး ပိတ်ရပ်လိုက်ကြောင်း တွေ့ရ လေ၏။

ဂျစ်ကားပေါ်သို့ကြည့်လိုက်သောအခါ ဆေးလိပ်ခုံပိုင်ရှင်၏ တူနှင့် အပေါင်းအပါ လူသုံးယောက်ကို တွေ့ရ၏။

ထိုသူများ၏လက်ထဲတွင် ဝါးရင်းတုတ်ကိုယ်စီကိုင်ထား သဖြင့် မိမိအား ရန်ပြုရန်ရောက်လာခြင်း ဖြစ်ကြောင်း ရိပ်စားမိ





သုညသည် နွားလှည်းပေါ်တွင်ရှိသော လှည်းထောက်ကိုကိုင် ၍ ၄င်းတို့အား ပြန်လည်ခုခံရန် အသင့်ပြင်ထား၏။ ဆေးလိပ်ခုံ ပိုင်ရှင်၏ တူက

"ဟေ့ကောင်... မင်း ငါ့ကို ဆေးလိပ်သမတွေရဲ့ရှေ့မှာ ဆေးလိပ်ခုံထဲက ခွေးမောင်းမောင်းခဲ့တာ မှတ်မိသလား"

ဟု ကြုံးဝါးလေ၏။

ထိုအခါ သုညက တဟားဟားရယ်မော၍

"မှတ်မိတာပေါ့ကွာ၊ မင်းလိုကောင်ကို အကျင့်မကောင်းလို့ ဆေးလိပ်ခုံထဲက ခွေးလိုဆွဲထုတ်ခဲ့တာကွ၊ တကယ်တော့ မင်းလို ကောင်က ဆွဲထုတ်ဖို့မကောင်းဘူး၊ ခွေးလိုကန်ထုတ်ဖို့ပဲ ကောင်း တယ်"

ဟု ပြောလေရာ ဆေးလိပ်ခုံပိုင်ရှင်၏တူသည် ဒေါသကို မထိန်းနိုင်တော့ဘဲ သုညအား ဝိုင်းဝန်းရိုက်နှက်ရန် သူ၏အပေါင်း အဖော်များအား အချက်ပြလိုက်၏။

ထိုအခါ ဆေးလိပ်ခုံပိုင်ရှင်၏တူနှင့် အပေါင်းအဖော်များသည် သုညအား ဝိုင်းဝန်းရိုက်နှက်ကြလေ၏။ သုညသည် သူ၏လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဆောင်ယူထားသော လှည်းဒေါက်ဖြင့် ပြန်လည်ခုခံလေ၏။

သုညသည် ငယ်စဉ်ကပင် ကြမ်းတမ်းစွာနေထိုင်ရပြီး ရန်ပွဲ အမျိုးမျိုးကို ရင်ဆိုင်ခဲ့ဖူး၏။ ထို့ကြောင့် တိုက်ပွဲအတွေ့အကြုံကြွယ်ဝ နေပြီး ဆေးလိပ်ခုံပိုင်ရှင်၏တူနှင့် အပေါင်းအပါများအား ကောင်းစွာ ဒုက္ခပေးနိုင်၏။

နောက်ဆုံးတွင် ထိုသူများသာ ထိခိုက်ဒဏ်ရာမျိုးစုံရရှိပြီး ဂျစ်ကားပေါ်သို့တက်၍ သေပြေးရှင်ပြေး ထွက်ခွာသွားလေ၏။

သုညက သူရဲဘောကြောင်သောလူများကိုကြည့်၍

" ဟေ့ကောင်တွေ သတ္တိရှိရင် နောက်တစ်ကြိမ်လာပြီး ယှဉ်ပြိုင်ဦး "

ဟု အော်ဟစ်ကြိုးဝါးပြီး ကျန်ရစ်ခဲ့လေ၏။

ထိုအချိန်မှစ၍ ဆေးလိပ်ခုံပိုင်ရှင်၏တူသည် သုညအား ကောင်းစွာ ရန်ငြိုးဖွဲ့ခဲ့လေ၏။ ၎င်းသည် သုညအား ဒုက္ခပေးနိုင်မည့် နည်းလမ်းများကိုသာ အစဉ်သဖြင့် စဉ်းစားဆင်ခြင်နေလေ၏။

ထိုသို့စဉ်းစားရင်း ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးက သုည အား အထင်လွဲစေမည့် နည်းလမ်းတစ်ခုကို သွားတွေ့လေ၏။





ထိုနည်းလမ်းမှာ ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးအား သုည သည် တစ်လလျှင်နှစ်ကြိမ် ရောင်းရငွေများကို ပြန်လည်အပ်နှံရ၏။

ထိုသို့မအပ်နှံမီ ဆေးလိပ်ခုံနောက်ရှိ သုညနေထိုင်သော အခန်း လေးတွင် လုံခြုံစွာ သိမ်းဆည်းထား၏။ ပိုက်ဆံများ သိမ်းဆည်း ထားသော ဗီရိုကို လုံခြုံသောသော့ဖြင့်ခတ်၍ သုညကိုယ်တိုင် သော့ကို ကိုယ်နှင့်မကွာ ထားရှိ၏။

ဆေးလိပ်ခုံပိုင်ရှင်၏တူသည် ဆေးလိပ်ခုံ၌ သူလျှိုများထား ပြီး သုညအား အကောက်ကြံစေမည့်နည်းလမ်းများကို ရှာကြံ၏။

ဆေးလိပ်ခုံ၌ မတင်စိန်ဆိုသောမိန်းမသည် အကျင့်စာရိတ္တ ပျက်ပြားပြီး မကြာခဏ ပြဿနာပေါ်တတ်၏။ သုညသည် မတင်စိန် အား မကြာခဏ ဆူပူကြိမ်းမောင်းလေ့ရှိ၏။

မတင်စိန်သည် သုညအား နောက်မှပေါက်သည့်ရှေ့ကြာပင် သဘောထားကာ မနာလိုခြင်း ပြင်းစွာဖြစ်ခဲ့၏။

ဆေးလိပ်ခုံပိုင်ရှင်၏တူသည် သုညအား အကောက်ကြံရန် အတွက် မတင်စိန်နှင့် ပူးပေါင်းခဲ့လေ၏။ မတင်စိန်အား သုည၏ အိပ်ခန်းတွင် အမြဲမကွာဆောင်ထားသော သော့အား ခိုးယူခိုင်း၏။



www.burmeseclassic.com

www.burmeseclassic.com



မတင်စိန်က သုညသည် ရေချိုးသည့်အချိန်မှလွဲ၍ သော့ကို ကိုယ်နှင့်မကွာဆောင်ထားကြောင်း ပြောလေ၏။ ထိုအခါ ဆေးလိပ်ခုံပိုင်ရှင်၏တူသည် တစ်မျိုးကြံစည်ရပြန်၏။

သုညသည် သော့ကို အမြဲမပြတ် ဂရုစိုက်နေသဖြင့် သော့ပျောက်လျှင် ကောင်းစွာရိပ်စားမိသွားနိုင်၏။ ထို့ကြောင့် သုညထံမှ သော့ကို မခိုးယူတော့ဘဲ သောတုပြုလုပ်ရန်အတွက် ဆပ်ပြာတုံးဖြင့် ပုံစံလောင်းရန် ကြံစည်နိုင်း၏။

ထိုအခါ မတင်စိန်က

" သုညက ဆေးလိပ်ခုံအနောက်က အိမ်ငယ်လေးမှာ တစ်ကိုယ်တည်းနေတယ်၊ စည်းကမ်းလည်းအင်မတန်ကြီးတယ် ဆေးလိပ်ခုံက မိန်းကလေးတွေ သူနေတဲ့အိမ်နားကို ဘယ်တော့မှ မလာရဘူး၊ အကြောင်းကိစ္စရှိရင် အိမ်ငယ်လေးနဲ့ ခပ်လှမ်းလှမ်းကနေ ခေါ်နိုင်းရတယ် "

ဟု ပြောလေရာ ဆေးလိပ်ခုံပိုင်ရှင်၏တူသည် အခက်တွေ့သွားလေ၏။

ထို့နောက် ၄င်းက





" ဒါဆိုရင် သုညကို နေ့စဉ်စားသောက်ဖို့ ဘယ်သူပို့ပေးသလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ မတင်စိန်က

" အဲ... ဟုတ်ပါရဲ့၊ သုညကို နေ့စဉ် ထမင်းဟင်းပို့ပေးတဲ့ ကောင်လေးတစ်ယောက်တော့ရှိတယ်၊ ဒီကောင်လေးနာမည်က မောင်စိန်ဝင်းတဲ့၊ မောင်စိန်ဝင်းလေးဟာ မိဘမရှိဘူး၊ မြို့ထဲမှာ ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေတာကို သုညကမြင်ပြီးတော့ ဆေးလိပ်ခုံမှာ တောက်တိုမယ်ရခိုင်းဖို့ ခေါ်ထားတာပဲ "

ဟု ပြောလေရာ ဆေးလိပ်ခုံပိုင်ရှင်၏တူက

" ဟုတ်ပြီ၊ ဒါဟာ တို့အတွက် အခွင့်အရေးပဲ၊ ဒီကောင်လေးကို ရအောင်စည်းရုံးပြီး သုညရဲ့သော့နမူနာကိုယူရမယ်၊ ပြီးရင် သုညရဲ့အိမ်ကို တိတ်တဆိတ်ဖွင့်ပြီး ငွေတွေကိုယူလိုက်ရင် ငါ့ရဲ့အပေါ် ဒီကောင့်ဆီက ပိုက်ဆံယူဖို့လာတဲ့အခါ ငွေတွေမပေးနိုင်ဘဲ ဆေးလိပ်ခုံက ဒီကောင်ထွက်ပြေးရလိမ့်မယ် "

ဟု ပြောလေ၏။ ထိုအခါ သုညကို မကျေမနပ်ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



မတင်စိန်က

" ရှင့်ရဲ့အကြံ သိပ်ကောင်းတယ်၊ သူညမရှိမှ ဒီဆေးလိပ် ကြီးမှာ ကျွန်မတို့ လွှတ်လွှတ်လပ်လပ်နေရမယ်၊ ဒီကောင်ဟာ နောက်မှရောက်လာပြီး အတော်လူပါးဝတာပဲ "

ဟု မကျေမချမ်းပြောလေ၏။

ထို့နောက်တွင်မူ ဆေးလိပ်ခုံပိုင်ရှင်၏တူက မောင်စိန်ဝင်း သော ကလေးငယ်အား ၄င်းတို့ဘက်သို့ပါအောင် စည်းရုံး ကြံစည်လိုက်၏။

မောင်စိန်ဝင်းသည် မကြာခဏ ဆေးလိပ်ခုံမှထွက်၍ အ သမီးများ ဝယ်ခိုင်းသော အသုံးအဆောင်အမျိုးမျိုးကို ဝယ်ပေးရ

ထိုသို့ဝယ်ပေးလျှင် အမျိုးသမီးများက မောင်စိန်ဝင်းအ မုန့်ဖိုး၊ ပဲဖိုးပေးလေ့ရှိ၏။ ထို့ကြောင့် မောင်စိန်ဝင်းသည် ဆေးလိ အမျိုးသမီးများ စေခိုင်းသည့်အခါ ဖင်ပေါ့ပေါ့နှင့် လုပ်ကိုင်ပေး ရှိ၏။





တစ်နေ့သ၌ မတင်စိန်သည် မောင်စိန်ဝင်းအား ဈေးသို့လွှတ် ၍ ဆပ်ပြာဝယ်ခိုင်းလေ၏။ မောင်စိန်ဝင်းသည် ဈေးသို့သွား၍ ဆပ်ပြာ တစ်တုံးကိုဝယ်ကာ ပြန်လာခဲ့၏။

အပြန်လမ်း၌ အရိပ်ရသောညောင်ပင်ကြီးအောက်တွင် ိုင်နေသော ဆေးလိပ်ခုံပိုင်ရှင်၏တူနှင့် အပေါင်းအပါများကို တွေ့ရ၏။

၄င်းတို့အနီးတွင် စက်ဘီးငယ်လေးတစ်စီးကို မြင်တွေ့ရ၏။ ဆေးလိပ်ခုံပိုင်ရှင်၏တူက မောင်စိန်ဝင်းအား လက်ယပ်ခေါ်လိုက်ပြီး

" ဟေ့… ဘယ်ကလာလဲကွ "

ဟု မေးမြန်းလေရာ မောင်စိန်ဝင်းက ဈေးမှဆပ်ပြာဝယ်လာ ပြန်လာကြောင်း ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆေးလိပ်ခုံပိုင်ရှင်၏တူက

" ဟောကောင်လေး၊ ဟောဒီစက်ဘီးကို မင်း မစီးချင်ဘူး လား"

ဟု မေးလေ၏။

ထိုအခါ မောင်စိန်ဝင်းသည် ကလေးပီပီ စက်ဘီးယဉ်ကို အလွန်စီးချင်လျက်ရှိရာ

" စီးချင်တာပေါ့ဗျာ "

ဟု ပြောလေ၏။

ထိုအခါ ဆေးလိပ်ခုံပိုင်ရှင်၏တူက

" စီးချင်ရင် မင်း စက်ဘီးကိုယူပြီး ခဏစီးကြည့်၊ ငါ ညောင်ပင်အောက်မှာပဲ စောင့်နေကြမယ် "

ဟု ပြောလေ၏။

ထိုအခါ မောင်စိန်ဝင်းသည် စက်ဘီးပေါ်သို့ ဝမ်းသာအား တက်၍ အနီးအနားသို့ လှည့်ပတ်စီးလေ၏။ သူသည် ယခင် တစ်မြို့လုံး၌ ခိုင်းဖတ် ဆင်းရဲနွမ်းပါးသူဖြစ်သဖြင့် စက်ဘီး စီးဖို့ဝေး၍ အနားသို့ပင် မသီဝံ့ချေ။





ယခု စက်ဘီးအသစ်စက်စက်ကို စီးရတော့မည်ဆိုသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေ၏။

မောင်စိန်ဝင်းသည် ညောင်ပင်ကြီးအောက်သို့ စက်ဘီးကို ပြန်လည်ပေးအပ်ပြီးသည်အထိ စီး၍မဝသေးချေ။ ဤအချင်းအရာကို ရိပ်စားမိသော ဆေးလိပ်ခုံပိုင်ရှင်၏တူက

" မင်း နောက်တစ်ခါ စက်ဘီးစီးချင်သေးတယ်ဆိုရင် ငါတို့ခိုင်းတာ လုပ်ပေးရမယ်၊ လွယ်လွယ်လေးပါကွာ၊ ငှက်ပျောသီး အခွံနွာသလောက်ပါပဲ၊ သူညရေချိုးနေတဲ့အချိန်မှာ သူ့ရဲ့သော့ကို ဟောဒီက ဆပ်ပြာတုံးလေးနဲ့ဖိလိုက်၊ ဖိပြီးရင် ဆပ်ပြာတုံးကို ငါတို့ဆီကို ပြန်ယူလာခဲ့ရုံပါပဲ၊ ဒါပေမဲ့ ဒီအကြောင်းတွေကို သူည မသိစေနဲ့နော်၊ သိရင် မင်းကို အဆူခံရလိမ့်မယ် "

ဟု ပြောလေရာ လူငယ်လေးသည် မိမိအတွက် အပန်းမကြီး သော အလုပ်ဟုယူဆပြီး ဆပ်ပြာတုံးလေးတွင် သော့ကိုဖိနှိပ်ပေးရန် လက်ခံခဲ့လေ၏။

သူသည် စက်ဘီးကို အကြိမ်ကြိမ်အဖန်ဖန် စီးချင်နေသေး သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ လှငယ်လေးသည် သုည ရေချိုးချိန်၌ အနီးသို့ မယောင်မလည်ရောက်ရှိလာလေ၏။

သုညသည် သူ၏သော့ကို ရေချိုးခန်းတံခါး၀၌ချိတ်ထားပြီး ရေချိုးခန်းထဲသို့ ၀င်သွားလေ၏။

ထိုအခိုက်မှာပင် မောင်စိန်၀င်းသည် အနီးသို့ တိတ်တဆိတ် ရောက်ရှိလာပြီး သုည၏သော့အား ဆပ်ပြာတုံး၌ ဖိနှိပ်လိုက်လေ၏။

ထိုအခါ ဆပ်ပြာတုံး၌ သုည၏သော့ပုံစံ မြုပ်၀င်သွား၏။ ထိုအခါမှပင် မောင်စိန်၀င်းသည် သော့ကို မူလနေရာတွင် ပြန်ထား လိုက်ပြီး မယောင်မလည် ထွက်ခဲ့လေ၏။

သုညသည် ရေချိုးခန်းထဲမှ ပြန်လည်ထွက်ခွာလာသောအခါ ကိုယ်ကို ရေစိုအ၀တ်ဖြင့်သုတ်၍ သူ၏သော့ကို လှမ်း၍ယူလိုက်၏။

ထိုအခါ သူ၏သော့၌ ဆပ်ပြာများပေနေကြောင်း အံ့သြဖွယ် မြင်တွေ့ရ၏။ သို့သော် သုညသည် မသင်္ကာစိတ်ဖြစ်ပေါ်ခြင်းမရှိဘဲ သော့ကို ဆပ်ပြာခွက်ပေါ်သို့ တင်ထားခဲ့ခြင်းကြောင့်ဖြစ်မည်ဟူ၍သာ တွေးလိုက်၏။

ဆေးလိပ်ခုံပိုင်ရှင်၏တူသည် မောင်စိန်၀င်းထံမှ ဆပ်ပြာသော့ပုံစံရရှိသောအခါ ထိုဆပ်ပြာတုံးအား သော့တုလုပ်သူတစ်ဦးထံတွင် သွားရောက်ပြသ၍ ဈေးကြီးပေးကာ သော့တုပြုလုပ်လေ၏။





ထိုသို့ပြုလုပ်ပြီးနောက် ရရှိသော သော့တုကို မတင်စိန်လက် သို့ အပ်၍ သုည၏အခန်းမှငွေများကို ခိုးယူရန် အကြံပြု၏။

မတင်စိန်သည် သူ၏လက်ထဲသို့သော့တုရရှိသောအခါ သုည၏ အိမ်လေးကို ဖောက်ထွင်း၀င်ရောက်ရန် ကြံစည်ကြ၏။

သုညသည် တစ်ပတ်လျှင် တစ်ကြိမ်မျှ ကားဂိတ်သို့သွား၍ ဆေးလိပ်များတင်ပို့ရာသို့ လိုက်လံကြည့်ရှုတတ်၏။

ထိုအချိန်၌ သုည၏အခန်းသို့ မယောင်မလည်တိုးကပ်ကာ သော့တုနှင့်ဖွင့်၍ အခန်းတွင်းသို့ ၀င်ခဲ့၏။ အခန်းထဲသို့ရောက် သောအခါ ငွေစက္ကူထည့်သောသေတ္တာကို ရှာဖွေ၍ သေတ္တာထဲမှ ငွေစက္ကူမျိုးစုံကို လွယ်အိတ်ထဲသို့ထိုးထည့်လေ၏။

ထို့နောက် သုည၏အိမ်မှ ဟန်မပျက် ပြန်လည်ထွက်ခွာလာခဲ့ လေ၏။ ထိုအခြင်းအရာကို မည်သူမျှ မြင်တွေ့ခြင်းမရှိချေ။ ဆေးလိပ်ခုံပိုင်ရှင်၏တူသည် သူ၏အကောက်ကြံသော အကြံအစည် အောင်မြင်စေရန် မတင်စိန်အား ငွေစက္ကူများကိုရလျှင် တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တည်း သုံးချင်ရာသုံးဟု ခွင့်ပြုလိုက်၏။

မတင်စိန်သည် မမျှော်လင့်သောငွေများကို ရရှိသဖြင့် သူ့
၏ အိမ်သို့ ဝမ်းသာအားရ သွားရောက်သိမ်းဆည်းလေ၏။

တစ်ရက်နှစ်ရက်ခန့်ကြာသောအခါ ဆေးလိပ်ခုံပိုင်ရှင် အမျိုး
သမီးကြီးသည် တစ်လအတွင်း ရောင်းရငွေများကို သိမ်းဆည်းရ
သုည၏ ဆေးလိပ်ခုံသို့ရောက်ရှိလာလေ၏။

သုညက ပိုင်ရှင်အမျိုးသမီးကြီးအား ခရီးဦးကြိုပြု၍ တစ်ပတ်
အတွင်းရောင်းချရသော ဆေးလိပ်စာရင်းကို ပြသလေ၏။

ထို့နောက် အမျိုးသမီးကြီးအား ရောင်းရငွေများကို ရှင်းပေးရ
အိမ်အတွင်းသို့ ဝင်ရောက်သွားပြီး သူ၏ဗီရိုကို ဖွင့်ကြည့်လိုက်သော
အခါ ငွေစက္ကူများ တစ်ပြားတစ်ချပ်မှမရှိတော့ဘဲ ပျောက်ဆုံးနေ
ကြောင်း အံ့သြဖွယ်မြင်တွေ့ရ၏။

သုညသည် ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးအား အကျိုး
အကြောင်းပြောပြသောအခါ အမျိုးသမီးကြီးသည် သုညအား မယုံ
သင်္ကာဖြစ်သွားလေ၏။

ထိုသို့ မယုံသင်္ကာဖြစ်အောင်လည်း သူမ၏တူတော်မောင်





ချောက်တွန်းထားပြီးဖြစ်၏။

သုညသည် ဆေးလိပ်ခုံမှငွေများကို (၃၆)ကောင်ထီထိုးပြီး
ပြန်းတီးနေသည်ဟု မဟုတ်မမှန် လုပ်ကြံပြောဆိုခဲ့၏။ ထို့ကြောင့်
ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးသည် သုညကို သံသယဝင်ပြီး

" နေပါဦး၊ တစ်လစာဆေးလိပ်ဖိုးငွေတွေက ဘာဖြစ်လို့
ခြေထောက်ပေါက်ပြီး ဒီနေရာက ပျောက်သွားရတာလဲ၊ ပိုက်ဆံ
သေတ္တာကိုကိုင်တဲ့လူက မင်းတစ်ယောက်တည်း မဟုတ်လား "

ဟုပြောလေရာ သုညက ခေါင်းညိတ်၍

" ဟုတ်ပါတယ်၊ သော့ကို ကျွန်ုပ်ရဲ့ကိုယ်မှာ ကိုယ်နဲ့မကွာ
ဆောင်ထားပါတယ်၊ ဒီလို သိမ်းထားရဲ့သားနဲ့ သေတ္တာထဲကပိုက်ဆံ
တွေ ပျောက်တယ်ဆိုတာ ကျွန်ုပ်တော့ စဉ်းစားရအတော်ခက်နေပြီ"

ဟုပြောလေရာ ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးက သုညကို
သင်္ကာပြန်ဖြင့်ကြည့်၍

" ဆေးလိပ်ဖိုးငွေတွေ ပျောက်သွားပုံက အတော်ဆန်းတယ်၊
...လိပ်ကိုသာ အကြောင်းကြားမယ်ဆိုရင် မောင်ရင့်ကိုဖမ်းမှာသေချာ
တယ် "

www.burmeseclassic.com



ဟု ပြောလေရာ သုညသည် ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးကို ကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

" ကျုပ်မှာ အပြစ်မရှိဘဲ ပုလိပ်က ဘာဖြစ်လို့ဖမ်းရမှာလဲ"

ဟုဘုကျကျ ပြန်လည်ပြောဆိုလေ၏။

ထိုအခါ ဆေးလိပ်ခုံပိုင်ရှင်မိန်းမကြီးက

" မင်းဆီ[illegible]တစ်ယောက်တည်း ကိုယ်နဲ့မကွာဆောင်ထားတဲ့ သော့ကို ဘယ်လိုလူမျိုးက ယူပြီးတော့ ခိုးလို့ရမှာလဲ၊ မင်းကိုယ်တိုင် သေတ္တာထဲက ပိုက်ဆံကို ယူသုံးမှဖြစ်မှာပေါ့ "

ဟုပြောလေရာ သုညသည် ထိုအခါမှပင် ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးက မိမိကို သံသယဝင်နေကြောင်း ရိပ်စားမိသွားလေ၏။ ထို့ကြောင့်

" နေပါဦးဗျာ၊ ဒီကိစ္စကို ကျုပ်ခေါင်းအေးအေးနဲ့ စဉ်းစားပါရစေဦး၊ ကျုပ်ရဲ့အိတ်ထဲမှာ အစဉ်အမြဲ ဆောင်ထားတဲ့သော့ကို ဘယ်လိုလူမျိုးက တိတ်တဆိတ် ယူနိုင်မှာလဲ၊ အတော်စဉ်းစားရကျပ်တယ်"

ဟုပြောလိုက်ရာ ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးက





" ဘာပဲဖြစ်ဖြစ် ပျောက်ဆုံးသွားတဲ့ ပိုက်ဆံတွေကို ငါပြန်လိုချင်တယ်၊ ပိုက်ဆံတွေ မရရင်တော့ မင်းကို ငါ့ရဲ့ဆေးလိပ်ခုံမှာ ဆက်ပြီး မထားနိုင်ဘူး "

ဟုပြောလေရာ သုညသည် ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးကိုကြည့်၍ မဲ့ပြုံးပြုံးလိုက်ပြီး

" ကျုပ်ဟာ စိတ်ဓာတ်ညံ့ဖျင်းတဲ့လူမဟုတ်ဘူး၊ နဂါးသုံးကောင် ဆေးလိပ်ခုံကို ကျုပ်ပိုင်ဆိုင်တဲ့လုပ်ငန်းလို သဘောထားပြီး အားကြိုးမာန်တက် လုပ်ကိုင်ခဲ့တယ်၊ ဒီဆေးလိပ်ခုံကြီး ကြီးကျယ်သထက်ကြီးကျယ်အောင် အကြံဉာဏ်တွေပေးခဲ့တယ်၊ တစ်လစာ ဆေးလိပ်ရောင်းရတဲ့ငွေလောက်ကို ခိုးရလောက်အောင် ကျုပ်ရဲ့ စိတ်ဓာတ်တွေ မညံ့ဖျင်းဘူး၊ ကျုပ်ကို တစ်ရက်လောက်အချိန်ပေးပါ၊ ငွေတွေပျောက်ဆုံးသွားတဲ့ကိစ္စကို ကျုပ်သေသေချာချာ ပြန်ပြီးစဉ်းစားချင်လို့ပါ "

ဟုပြောလေရာ ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးက

" ကောင်းပြီ၊ ဒီကိစ္စ မရှင်းသေးသရွေ့ မြို့ကို မပြန်သေးဘူး၊ ဒီမှာပဲနေဦးမယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

သုညသည် သူ၏အကျင့်စာရိတ္တကို ထိပါးသော ကိစ္စဖြစ်သဖြင့် တဲအိမ်ကလေး၌ တစ်ကိုယ်တည်း စဉ်းစားတွေးတောရင်း အဖြေရှာ၍ နေလေ၏။

ဆေးလိပ်ခုံပိုင်ရှင် အဖိုးသမီးကြီး၏ငွေများကို မိမိ သိမ်းဆည်းထားစဉ်ကပင် ထိုသို့သော ပျောက်ရှမှုမျိုး ဖြစ်ပွားမှာကို ကြိုတင်၍ မြင်ယောင်၏။

ထို့ကြောင့် ပိုက်ဆံသေတ္တာ၏သော့ကိုမိမိတစ်ဦးတည်း ကိုယ်နှင့်မကွာ ကိုင်ဆောင်၏။

ယခု ပိုက်ဆံသေတ္တာကို မချိုးမဖျက်ဘဲ သေတ္တာထဲရှိ ပိုက်ဆံများကို ရယူသွားခဲ့၏။

ထိုအချင်းအရာကို ထောက်ရှုခြင်းအားဖြင့် ခိုးယူသူသည် သူ၏သော့ကို တစ်နည်းနည်းဖြင့် ရအောင်ယူခဲ့ခြင်းဖြစ်ပုံရ၏။

သူသည် ရေချိုးသောအခါ သော့ကို တိုင်မှာချိတ်၍ ချိုးလေ့ရှိကြောင်း တွေးတောမိ၏။

ထိုသို့ တိုင်၌ သော့ချိတ်ထားစဉ် အခန်းထဲသို့ဝင်၍ ခိုးယူရန်





ဖြစ်နိုင်ချေ။

သုညသည် ရေချိုးစဉ် သော့ချိတ်ထားခြင်း အကြောင်းကို တွေးတောရင်း လွန်ခဲ့သောရက်က သူ၏သော့တွင် ဆပ်ပြာများ ကျံနေခြင်းကို အမှတ်ရလိုက်၏။

ထို့နောက် ဆပ်ပြာတုံးကို အသုံးပြု၍ သော့တု ပြုလုပ်ပုံကို တိရသွားပြီး ကမန်းကတန်း ထိုင်ရာမှထ၍

" တောက်... အဲဒီနေ့ကတည်းက ငါသံသယဖြစ်ဖို့ ကောင်းတယ်၊ တိုင်မှာချိတ်ထားတဲ့ ငါ့ရဲ့သော့ကို ဆပ်ပြာတုံးနဲ့ ပြီး သော့တုလုပ်သွားတာပဲ၊ ဒါဟာ ဆေးလိပ်ခုံမှာရှိတဲ့ အတွင်းလူ ကပဲ၊ ဒီလူဟာ ဘယ်သူဖြစ်နိုင်မလဲ "

သုညသည် ထိုသို့ တွေးတောရင်း မိမိ ကယ်တင်ထားခဲ့သော မောင်စိန်ဝင်းကို သံသယဖြစ်သွား၏။

ထို့ကြောင့် အိမ်ကလေးထဲမှထွက်၍ ဆေးလိပ်ခုံရှိ ရှိသားသော ဆေးလိပ်သမများအား မောင်စိန်ဝင်းနှင့်ပတ်သက်၍ စုံစမ်းကြည့်လေ၏။

ထိုအခါ မောင်စိန်ဝင်းသည် ယခုရက်ပိုင်းအတွင်း ဈေးအနီးရှိ



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ကြီးအောက်တွင် ဆေးလိပ်ခုံပိုင်ရှင်၏တူနှင့်တွေ့ဆုံပြီး စက်ဘီးကို မကြာခဏ စီးနေကြောင်း သိရ၏။

ထိုအကြောင်းအရာများကို ဆက်စပ်၍ တွေးတောလိုက်ပြီး မောင်စိန်ဝင်းအား တရားခံဟု ယူဆလိုက်၏။

ထို့ကြောင့် မောင်စိန်ဝင်းအား ခေါ်၍ မေးမြန်းကြည့်သော အခါ မောင်စိန်ဝင်းသည် လိမ်ညာမထားဝံ့တော့ဘဲ အမှန်အတိုင်း ပြောဆိုလေ၏။

ထိုအခါ ဆေးလိပ်ခုံပိုင်ရှင်၏တူသည် သူည၏သော့အား ဆပ်ပြာဖြင့် ပုံလောင်းခြင်းအကြောင်းကို ပေါ်လွင်သွားလေ၏။

သူညက တောက်ခေါက်၍

" ဒီကောင်ဟာ အတော်အကျင့်စာရိတ္တညံ့ဖျင်းတဲ့ကောင်ပဲ ယောက်ျားချင်း ယှဉ်ပြိုင်တဲ့နေရာမှာ မတော်မတရားနည်းနဲ့ ယှဉ်ပြိုင် ဖို့ ကြိုးစားတယ် "

ဟုရေရွတ်ကာ ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးအားခေါ်ယူ ၍ အကျိုးအကြောင်းကို ပြောပြလိုက်၏။ ထိုအခါ ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးသည် မယုံကြည်ဟန်ဖြင့်





" ဒီမှာ နှင်နဲ့မောင်စိန်ဝင်းနဲ့ပေါင်းပြီး ငါတို့ကို လုပ်ကြံဇာတ် မ်းထွင်တာလည်း ဖြစ်နိုင်တာပဲ "

ဟုပြောလေ၏။

သူညသည် ဆေးလိပ်ခုံပိုင်ရှင်အမျိုးသမီးကြီး၏ ပြောင်းလဲ းသော အမူအရာကိုကြည့်၍ သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး

" အဒေါ်က ကျုပ်ကို ဒုစရိုက်သမားတစ်ယောက်လို့ တံဆိပ် ပ်လိုက်ပြီးပြီကိုး၊ ဒီလို တံဆိပ်ကပ်ပြီးရင် တော်တော်နဲ့ ပြန်ကွာ အောင် လုပ်လို့မရတော့ဘူး၊ ဒီတော့ ကျုပ်အတွက် တစ်နည်းပဲရှိ ာ့တယ်၊ အဲဒါကတော့ အဒေါ်ရဲ့ဆေးလိပ်ခုံမှာ ဆက်လုပ်ဖို့ ဖြစ်နိုင်တော့ဘူး "

ဟုပြောလေရာ ဆေးလိပ်ခုံပိုင်ရှင်အမျိုးသမီးကြီးက

" ဒါဆိုရင်တော့ မောင်ရင့်သဘောပဲ၊ တို့ကတော့ တစ်လစာ းလိပ်ဖိုးငွေတွေ အဆုံးရှုံးခံလိုက်ပါမယ် "

ဟုပြောလေ၏။

သူသည် ဆေးလိပ်ခုံပိုင်ရှင်အမျိုးသမီးကြီးအား မည်သည့် းကိုမျှ မဆိုတော့ဘဲ သူ၏အိမ်ကလေးထဲသို့ ဝင်ကာ လှည်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲသို့ အဝတ်အစားများကို ထည့်လေ၏။

ထို့နောက် ဆေးလိပ်ခုံကြီးမှ အပြီးအပိုင် ကျောခိုင်းထွက်ခဲ့လေတော့၏။

ဆေးလိပ်ခုံ၏ အပြင်ဘက်အခန်းသို့ရောက်သောအခါ

" ဦးလေး ဘယ်သွားမလို့လဲ "

ဟူသည့်အသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ မီးမီးရေထဲမှ ကယ်တင်ခဲ့သော ကလေးငယ်ကို မြင်တွေ့ရလေ၏။

သူညသည် ကလေးငယ်၏ အနီးတွင် ဒူးထောက်၍ထိုင်ချလိုက်ပြီး

" ဦးလေးသွားတော့မယ်၊ လိမ်လိမ်မာမာနေပြီး စာကိုကြိုးစားပါ "

ဟုပြောလေရာ လူငယ်လေးက သူညကို စိတ်မကောင်းဟန်ဖြင့်ကြည့်၍

" ဦးလေး ဘယ်မှမသွားဘဲ ကျုပ်တို့နဲ့ တစ်သက်လုံးနေပါလားဗျာ "

ဟုပြောလေ၏။





ထိုအခါ သူညက လူငယ်လေး၏ခေါင်းကိုပွတ်၍

" တစ်နေ့နေ့မှာ ငါတို့ ပြန်ပြီး ဆုံတွေ့ရမှာပါကွာ "

ဟုပြောရင်း နဂါးသုံးကောင်ဆေးလိပ်ခုံကြီးမှ အပြီးအပိုင်ထွက်ခဲ့လေတော့၏။

သူညသည် ထိုမြို့ကလေးမှ ထွက်ခွာရန် ဆုံးဖြတ်ပြီး မြို့ပြင်ရှိ ကားဂိတ်သို့ တစ်ကိုယ်တည်း လျှောက်လှမ်းခဲ့လေ၏။

သူညသည် မြို့ပြင်ရှိ ရေကန်ကြီးအနီးသို့ရောက်သောအခါ မြင်းကားတစ်စီးပေါ်တွင် ထိုင်နေသော ဆေးလိပ်ခုံပိုင်ရှင်၏တူနှင့် အပေါင်းအသင်းများကိုတွေ့ရလေ၏။

ဆေးလိပ်ခုံပိုင်ရှင်၏တူသည် လွယ်အိတ်ကိုလွယ်၍ ထွက်ခွာလာသော သူညကို မထီလေးစား အမူအယာဖြင့်ကြည့်၍ တဟားဟားရယ်မောကာ

" ဟား ဟား ဟား... နောက်ဆုံးတော့လည်း တလေကဝကောင် လမ်းပေါ်ကိုပဲ ပြန်ရောက်ရတာပဲ မဟုတ်လား "

ဟုပြောလေရာ သူညသည် စိတ်မထိန်းနိုင်တော့ဘဲ အနောက်သို့ပြန်လှည့်ပြီး ဆေးလိပ်ခုံပိုင်ရှင်၏တူကို ကားပေါ်မှ ဆွဲချကာ



www.burmeseclassic.com

www.burmeseclassic.com



လက်သီးဖြင့် တစ်ချက်ပြီးတစ်ချက် ဆင့်ကာဆင့်ကာ ထိုးလေ၏။

ဆေးလိပ်ခုံပိုင်ရှင်၏တူသည် သူည၏ လက်သီးချက်များ ကြောင့် အလူးအလိမ့်ခံနေရပြီး နောက်သို့ ယိမ်းယိုင်ရာမှ ရေကန်ထဲသို့ ဗုန်းခနဲ ပြုတ်ကျသွားလေ၏။

သူညသည် သူ၏အနီးသို့ တိုးကပ်လာသော ရန်သူများကို ကြည့်၍ မြေပေါ်တွင်ကျနေသော တုတ်တစ်ချောင်းကိုကောက်ကိုင် ကာ

" ဟေ့ကောင်တွေ သတ္တိရှိတဲ့ကောင် ရှေ့တိုးကြည့်စမ်း ဟိုတစ်ခါတုန်းကလို ထိပ်ပေါက်ခေါင်းကွဲသွားမယ်၊ ငါ သိပ်စိတ် တိုနေတယ်၊ မင်းတို့ လူသတ်မိရင် ငါ့ကိုအဆိုးမဆိုနဲ့ "

ဟု ကြုံးဝါးလိုက်ရာ ရန်သူများသည် အနီးသို့မတိုးဝံ့ဘဲ ခပ်လှမ်းလှမ်းမှသာ ရပ်ကြည့်နေကြ၏။

သူညသည် လက်ထဲတွင်ကိုင်ထားသော တုတ်ကို မြေပေါ် သို့ပစ်ချပြီး ရန်သူများကို ကျောခိုင်း၍ ထွက်လာခဲ့လေတော့၏။

သူညသည် မြို့ပြင်ကားဂိတ်သို့သွားကာ ဘတ်စ်ကားတစ်စီး ဖြင့် ခရီးဆက်ခဲ့လေ၏။ ဘတ်စ်ကားကြီးသည် မြို့များတစ်မြို့ပြီး





တစ်မြို့ ကျော်ဖြတ်ခဲ့လေ၏။

ထိုသို့ကျော်ဖြတ်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းသော မြို့ကြီးတစ်မြို့သို့ရောက်လေ၏။ ထိုမြို့၌နေထိုင်ပြီး စီးပွားရေး ကိုးတက်အောင် လုပ်ကိုင်လိုစိတ်များ ဖြစ်ပေါ်လာ၏။

သူညသည် ထိုမြို့၌ ဘတ်စ်ကားပေါ်မှဆင်းလိုက်ပြီး မြို့ကို တစ်ပတ်ပတ်၍ လှည့်လည်ကြည့်ရှုလေ၏။ ထိုအခါ မြို့ကြီးသည် အသွင်ပင် စည်ကားပြီး စီးပွားရေး အခွင့်အလမ်းများ များပြားစွာရှိ ကြောင်း တွေ့ရ၏။

သူညသည် မြို့တစ်နေရာရှိ စေတီလေးသို့ ဝင်ရောက်ဖူးမြော် လိုက်ပြီး ရှေ့ဆက်ရမည့်ဘဝရည်မှန်းချက်များကို စဉ်းစားဆင်ခြင် နေမိ၏။

ထိုသို့စဉ်းစားရင်း ဆေးလိပ်ခုံလုပ်ငန်းကို လုပ်ကိုင်ရန် ဆုံး ဖြတ်လိုက်၏။ သူသည် ဆေးလိပ်ခုံတွင်လုပ်ကိုင်စဉ်က လုပ်ငန်း အတွေ့အကြုံ များစွာရခဲ့၏။

သူသည် ဆေးလိပ်ခုံတွင်လုပ်ကိုင်စဉ်က ဆရာဦးချိန်တို့ သင်ပေးခဲ့သော နည်းလမ်းအတိုင်း ဉာဏ်ကိုအသုံးပြု၍ ဆေးလိပ်ခုံ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတိုးတက်စေရန် ရှာကြံစဉ်းစား၏။

အမျိုးသမီးကြီး၏ ဆေးလိပ်ခုံလုပ်ငန်းသည် သူတို့၏ တကြော၌သာ နာမည်သတင်းကျော်ကြားပြီး အခြားသောနယ်များသို့ ပျံ့နှံ့အောင် ကြိုးစားခြင်းမရှိချေ။

သူညသည် ဆေးလိပ်ခုံလုပ်ငန်းကို မိမိကိုယ်တိုင် လုပ်ကိုင်လျှင် အခြားသောနယ်များသို့ ပျံ့နှံ့အောင်လုပ်ကိုင်မည်ဟု ကြံစည်ထားခဲ့၏။

ဆေးလိပ်ခုံလုပ်ငန်းတွင် ဆေးစပ်ရန်၊ အစီခံပြုလုပ်ရန် ကုန်ကြမ်းပစ္စည်းများကို ဝယ်ယူသိုလှောင်ထားရန် စသည်ဖြင့် အရေးကြီးသော အချက်များရှိ၏။

ထို့ပြင် မိမိဆေးလိပ်ခုံရှိ အလုပ်သမားများအား နိုင်နင်းစွာ အုပ်ချုပ်နိုင်ရန်လည်း အရေးကြီး၏။ မိမိ၏ ဆေးလိပ်တံဆိပ်ကို လူအများကြားသို့ ပျံ့နှံ့စေရန် ကြော်ငြာရန်လည်း လိုအပ်၏။

ဆေးလိပ်ခုံပိုင်ရှင် အမျိုးသမီးကြီးသည် ထိုနည်းလမ်းများကို ကျင့်သုံးခြင်းမရှိဘဲ လျစ်လျူရှု၍သာနေ၏။ ထို့ကြောင့် သူမ၏ နဂါးသုံးကောင် ဆေးလိပ်ခုံမှာ ထင်သည်ထက်ပို၍ မဖွံ့ဖြိုးခြင်း





ဖြစ်၏။

သူညသည် ဆေးလိပ်ခုံထောင်ရန်အတွက် မိမိစုဆောင်းထားသော ငွေများကို တွက်ချက်ကြည့်ရာ လုံလောက်မှုမရှိကြောင်း တွေ့ရ၏။

ဆေးလိပ်ခုံကြီးတစ်ခုံအနေနှင့်စတင်ရန် မတတ်နိုင်ဘဲ ဆေးလိပ်ခုံငယ်လေးတစ်ခု အနေဖြင့်သာ စတင်နိုင်မည်ဖြစ်၏။

သူညသည် မြို့စွန်ရှိ ဈေးပေါသော ခြံငယ်လေးတစ်ခြံကို ငှားရမ်းခဲ့လေ၏။ ထိုသို့ငှားရမ်းပြီးနောက် ဆေးလိပ်ခုံအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းအနည်းငယ်ကို ဝယ်ယူ၍ စနစ်တကျ သိုလှောင်ထားလေ၏။

သူသည် ဆေးလိပ်၏အမည်ကို ရွှေညာဏ်ရှင်ဟူ၍သာ အမည်ပေးရန် ဆုံးဖြတ်လိုက်၏။ ဆေးလိပ်၏ တံဆိပ်ပတ်မှာ အလွန်အရေးကြီးကြောင်း သိသဖြင့် အရည်အချင်းရှိသော ပန်းချီဆရာများကို ရေးဆွဲခိုင်းလေ၏။

ထို့နောက်သစ်လွင်တောက်ပသော အရောင်များထည့်သွင်းစေပြီး တံဆိပ်ပတ်များကို စိတ်တိုင်းကျ ရိုက်နှိပ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်၏ တံဆိပ်ပတ်များ ရရှိသောအခါ မိမိတစ်ကိုယ်တည်း ဆေးလိပ်များကို လိပ်လေ၏။ ထိုသို့လိပ်ပြီး ရရှိသောဆေးလိပ်များကို ဈေးနှင့်ဘူတာရုံတစ်ဝိုက်ရှိ ဆိုင်များတွင်တင်ရန် ကြိုးပမ်းလေ၏။

အချို့သောဆိုင်များသည် သုည၏ ရွှေဉာဏ်ရှင်ဆေးလိပ်ကို တင်၍ရောင်းချပေးသော်လည်း အချို့ဆိုင်များမှာ ရွှေဉာဏ်ရှင်ဆေးလိပ်မှာ အသစ်ဖြစ်နေသဖြင့် ဆိုင်တွင် တင်ရောင်းရန် စိတ်အားထက်သန်ခြင်းမရှိချေ။

ထိုအခါ သုညသည် မိမိ၏ဆေးလိပ်မှာ မိမိကိုယ်တိုင် စိတ်တိုင်းကျ လိပ်ထားသဖြင့် အရည်အသွေးကောင်းကြောင်း ပြောဆိုပြီး ဆိုင်များကို တင်ချင်လာအောင် စည်းရုံးရလေ၏။

ဤသို့ဖြင့် သုညသည် သူ၏ရွှေဉာဏ်ရှင်ဆေးလိပ်များကို မြို့ပေါ်ရှိ ဆိုင်များ၌ တင်၍ ရောင်းချစေ၏။

ထိုသို့ ရောင်းချပြီး နှစ်လခန့်ကြာသည်အထိ ထိုဒေသတစ်ဝိုက်၌ နာမည်သတင်းကြီးသော ဆေးလိပ်များကိုသာ လူကြိုက်များပြီး သုည၏ ရွှေဉာဏ်ရှင်ဆေးလိပ်ကို သောက်သုံးသူ အလွန်နည်းပါး





၏။

သုညသည် ဖွဲမလျှော့ဘဲ သူ၏ဆေးလိပ်များကိုသာ တစ်ကိုယ်တည်း အရည်အသွေးကောင်းအောင် ကြိုးစား၍ လိပ်လေ၏။

ထို့နောက် ဆိုင်များသို့ လှည့်လည်၍သွင်းလေ၏။ သုည၏ ဆေးလိပ်များမှာ တစ်နိုင်တစ်ပိုင်သာ ရောင်းရသဖြင့် စီးပွားဖြစ်ထွန်းခြင်း မရှိချေ။

သုညသည် သူ၏ရွှေဉာဏ်ရှင်ဆေးလိပ်ခုံ အောင်မြင်စေရန် ဦးချိန်တီ၏နည်းလမ်းအတိုင်း ဉာဏ်ကိုသုံး၍ အားလပ်သည့် အချိန်တိုင်း စဉ်းစားဆင်ခြင်နေလေ၏။

ဦးချိန်တီသည် မိမိအား ကြီးပွားအောင်မြင်စေရန် ဉာဏ်နှင့်စွဲမြဲခြင်းကို ပေါင်းစပ်၍ လုပ်ကိုင်ရမည်ဟု ဆို၏။

ထို့ကြောင့် ဦးချိန်တီ၏ စကားကို မြေဝယ်မကျ နားထောင်ရင်း စဉ်းစားဆင်ခြင်သည့်အလုပ်ကိုစွဲစွဲမြဲမြဲ လုပ်ကိုင်လေ၏။

သူသည် အားလပ်သည့်အချိန်တိုင်း ရွှေဉာဏ်ရှင်ဆေးလိပ်ကို အောင်မြင်နိုင်မည့် နည်းလမ်းများအား စဉ်းစားဆင်ခြင်နေလေ၏။

ထိုသို့ အချိန်တိုင်း စဉ်းစားနေသဖြင့် ရွှေဉာဏ်ရှင်ဆေးလိပ်၏



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအပြစ်များကို မြင်တွေ့ပြီး ပိုမိုကောင်းမွန်အောင် လုပ်ကိုင်မည့် နည်းလမ်းကို ရရှိခဲ့လေ၏။

သုညသည် တစ်နေကုန် ဆေးလိပ်များကို လိပ်ပြီး နောက်တစ်နေ့တွင် မြို့ထဲရှိဆိုင်များသို့ လိုက်လံဖြန့်ဖြူးလေ၏။

သုညသည် သူ၏ဆေးပေါ့လိပ်များအား အခြားသော ဆေးလိပ်များကဲ့သို့ လက်ငင်းမရှင်းစေဘဲ အကြွေးစနစ်ဖြင့် ဆိုင်တင်ထားလျှင် ပိုမို၍ ရောင်းရနိုင်ကြောင်း ရိပ်စားမိ၏။

ထို့ကြောင့် မြို့ပေါ်ရှိဆိုင်များအား ဆေးပေါ့လိပ်ကို အကြွေးစနစ်ဖြင့် တင်ရောင်းလေရာ ဆိုင်များသည် ရွှေဉာဏ်ရှင်ဆေးလိပ်ကို ပိုမို၍ယူကြ၏။ ထိုအခါ ဆေးပေါ့လိပ်ရောင်းအားမှာ ပိုမို၍ တက်လာလေ၏။

သို့သော် ခြောက်လခန့်ကြာသည်အထိ စီးပွားဖြစ်ထွန်းသည့် အဆင့်သို့ မရောက်သေးဘဲရှိလေ၏။

သုညသည် ဆေးပေါ့လိပ်လိပ်နေသည့် အချိန်တိုင်း တိုးတက်မည့် နည်းလမ်းများကို ရှာဖွေနေမိ၏။

မြို့ပေါ်ရှိ ဈေးကြီးအတွင်း လှည့်လည်ပြီး အခြားသောဆေးလိပ်





များ၏ အားသာချက်ကို မကြာခဏ ရှာဖွေကြည့်၏။

သူ၏ပစ္စည်းသည် အခြားသောနာမည်ကြီး တံဆိပ်ပတ်များထက် သာလွန်သော်လည်း ထိုအရပ်၌ သူ၏ပစ္စည်းကို လူသိနည်းပါးသေးသဖြင့် နာမည်ကြီးတံဆိပ်ပတ်များကိုသာ ရောင်းချရကြောင်း တွေ့ရ၏။

ထို့ကြောင့် သူ၏ဆေးလိပ်များအား ကြော်ငြာကောင်းကောင်းဖြင့် ထုတ်ဖော်ရန် စဉ်းစားမိ၏။

သို့သော် သူ၏ ရွှေဉာဏ်ရှင်သည် သုညတစ်ကိုယ်တည်း တစ်နိုင်တစ်ပိုင်သာ ရောင်းချရသဖြင့် ကြော်ငြာပြုလုပ်ရန် အရင်းအနှီးငွေများ မြောက်မြားစွာလို၏။

သုညသည် သူ၏ဆရာ တရုတ်ကြီးဦးချိန်တီ၏ စကားကို မြေဝယ်မကျ နားထောင်၏။

ထို့ကြောင့် သူ၏အလုပ်အား အားလပ်သည့်အချိန်တိုင်း တိုးတက်စေရန် နည်းလမ်းများကို ရှာကြံစဉ်းစား၏။

သုညသည် ငွေကြေးမကုန်ဘဲ ကြော်ငြာသည့်နည်းလမ်းများကို စဉ်းစားရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အကြိမ်ကြိမ်အဖန်ဖန် စဉ်းစားရင်း သူ၏ ရွှေဉာဏ်ရှင် ဆေးလိပ်လုပ်ငန်းကို ကြော်ငြာနိုင်မည့် နည်းလမ်းကို ရှာဖွေလေ၏။

သူသည် အကြိမ်ကြိမ် အဖန်ဖန်စဉ်းစားပြီးနောက် မမျှော်လင့်သော နည်းလမ်းတစ်ခုကို သွားတွေ့၏။

ထိုနည်းလမ်းကို တွေ့မြင်သူမှာ သူ၏အိမ်သို့ မကြာခဏ လာရောက်ပြီး ထမင်းကျန်၊ ဟင်းကျန်များ တောင်းလေ့ရှိသော အရူး ခင်သက်ကိုမြင်၍ဖြစ်၏။

သူသည် အရူးခင်သက်ကို အသုံးပြု၍ သူ၏ရွှေဉာဏ်ရှင် ဆေးပေါလိပ်ကို ကြော်ငြာရန် ဆုံးဖြတ်လိုက်၏။

သူညသည် အရူးခင်သက် အလွန်နှစ်သက်သော ခေါက်ဆွဲကြော်ကို ဝယ်၍ကျွေးလေ၏။

ထို့နောက် အရူးခင်သက်အား

" ဟေ့လူ ခင်ဗျားနေ့စဉ် ခေါက်ဆွဲကြော်စားချင်သလား"

ဟုမေးမြန်းလေရာ အရူးခင်သက်က ဝမ်းသာအားရဖြင့်

" စားချင်တာပေါ့ဗျာ၊ ဘာပြောကောင်းမလဲ၊ ကျုပ်ဟာ ခေါက်ဆွဲကြော်ကို သိပ်ကြိုက်တာဗျ "





ဟုပြောလေ၏။

ထိုအခါ သူညက

" ခင်ဗျားခေါက်ဆွဲကြော်ကို စားချင်တယ်ဆိုရင် ကျုပ်ရဲ့ ဆေးလိပ်တွေကို မြို့အနှံ့မှာရှိတဲ့ လူတွေကို အလကားလိုက်ဝေ ပေးရမယ် "

ဟုပြောလေရာ အရူးခင်သက်သည် အလွန်ဝမ်းသာသွားပြီး

" ဘာ… ဆေးလိပ်တွေ မြို့ထဲမှာ လိုက်ဝေတာနဲ့ ခေါက်ဆွဲ ကြော် ကျွေးမယ်ဟုတ်လား၊ ဝေမယ်ဗျာ၊ မြို့ထဲမှာ လှည့်ပြီးဝေပေး မယ်"

ဟုပြောလေ၏။ ထိုအခါ သူညက

" ခင်ဗျား ဒီအတိုင်းတော့ မဝေရဘူး၊ ကျုပ်ပေးတဲ့ဝတ်စုံကို ဝတ်ပြီးမှ လိုက်ဝေပေးရမယ် "

ဟုပြောလေရာ အရူးခင်သက်က အလွယ်တကူ လက်ခံ လေ၏။

ထို့နောက်တွင်မူ သူညသည် မြို့လယ်ရှိ ဈေးသို့သွားကာ မိမိလိုချင်သော ပိတ်စများကို ဝယ်ယူလေ၏။ ပိတ်စများ ရရှိသော



www.burmeseclassic.com

အခါ စက်ချုပ်ဆိုင်သို့သွား၍ ဆက်ကပ်ထဲရှိ ဂျိုကာများ ဝတ်ဆင်သည့်အတိုင်း ချုပ်လုပ်စေ၏။

ထို့နောက် ဂျိုကာဝတ်စုံပေါ်တွင် ရွှေဉာဏ်ရှင်ဆေးလိပ်၏ အမှတ်တံဆိပ်ကို ရေးဆွဲလေ၏။ ဂျိုကာဝတ်စုံ၏ နောက်တွင် ရွှေဉာဏ်ရှင်ဟူသော စာတန်းကို ထင်ထင်ရှားရှားပေါ်လွင်အောင် ရေးဆွဲစေ၏။

ပြီးနောက် ထိုဝတ်စုံကို အရှုးခင်သက်အား ဝတ်ဆင်စေ၏။ အရှုးခင်သက်သည် ဂျိုကာ၏ဝတ်စုံကို ဝတ်ဆင်၍ မြို့ထဲတွင် လှည့်လည်ကပြလေ၏။

အရှုးခင်သက်၏ ထူးခြားသော အပြုအမူကြောင့် မြို့သူမြို့သားများသည် တအံ့တသြ ဝိုင်းဝန်းကြည့်ရှုကြကုန်၏။

ထိုအခါမှပင် အရှုးခင်သက်သည် သူ၏အိတ်ထဲတွင် ဆောင်ယူထားသော ရွှေဉာဏ်ရှင်ဆေးလိပ်များကို ဝေငှပေးလေ၏။

ထိုအခါ မြို့သူမြို့သားများသည် အရှုးခင်သက်က ရွှေဉာဏ်ရှင်ဆေးလိပ်များကို လိုက်လံဝေငှပေးခြင်းဖြစ်ကြောင်း ရိပ်စားမိသွားလေ၏။





သူညသည် အရှုးခင်သက်ကို အသုံးပြု၍ မြို့ထဲတွင် ကြိမ်ဖန်ကြိမ်ဖန် လှည့်လည်၍ ကြော်ငြာသောအခါ သူ၏ ရွှေဉာဏ်ရှင်ဆေးလိပ်များ ရောင်းအားတက်လာ၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။

www.burmeseclassic.com



တစ်နေ့သ၌ သုညတို့နေထိုင်သော မြို့သို့ အလွန်ကျော်ကြားသည့် မြနှင်းဆီအငြိမ့်အဖွဲ့ကြီး လာရောက်ဖျော်ဖြေလေ၏။

ကြော်ငြာရန် အခွင့်အရေးကို ရှာဖွေနေသော သုညသည် မြနှင်းဆီအငြိမ့်အဖွဲ့သို့ သွားရောက်ပြီး အငြိမ့်ထောင်ဆရာနှင့် တွေ့ဆုံကာ မိမိတို့မြို့၌ အငြိမ့်ကနေခိုက် သူ၏ဆေးလိပ်များကို ကြော်ငြာပေးရန် ကမ်းလှမ်းလေ၏။

ထိုအခါ အငြိမ့်ထောင်ဆရာက ငွေကြေး မတန်တဆ တောင်းလေ၏။

သုညသည် အငြိမ့်ထောင်ဆရာ တောင်းသောငွေကြေးကို မပေးနိုင်သဖြင့် အငြိမ့်အဖွဲ့မှ စိတ်ပျက်လက်ပျက်ဖြင့် ထွက်ခွာခဲ့၏။





ထိုအခိုက်မှာပင် သူ၏အနီးသို့ လူတစ်ယောက်ရောက်လာပြီး ...မ်းသာအားရ လက်ကိုဆွဲ၍

" ညီလေး… ညီလေး… မဟုတ်လား "

ဟူသော မေးမြန်းသံကို ကြားရလေ၏။

သုညသည် ထိုသူကို ကြည့်လိုက်သောအခါ မမှတ်မိသဖြင့် ...က်မှောင်ကြုတ်လိုက်မိ၏။

ထိုအခါ သုညကို နှုတ်ဆက်သောသူက

" ညီလေးနဲ့အစ်ကို လွန်ခဲ့တဲ့ သုံးနှစ်က မြို့တစ်မြို့မှာ တွေ့ဖူးခဲ့...ယ်လေ၊ အဲဒီတုန်းက ဈေးကြီးထဲမှာ ယုတ်မာတဲ့မိန်းမ တစ်...ယောက်က သူ့ဆွဲကြိုးကို အစ်ကို လုပြေးတယ်လို့ လူကြားထဲမှာ ...ရှက်ခွဲခဲ့တယ်၊ အဲဒီတုန်းက ညီလေးကယ်ခဲ့တဲ့အတွက် အစ်ကိုဟာ ...ူကြားထဲမှာ ဝိုင်းရိုက်မခံရတာပဲ "

ဟု ပြောလေရာ သုညသည် ထိုစဉ်က မိမိကယ်တင်လိုက်...သာ အဝတ်အစား စုတ်ချာချာလူကို ပြန်လည်မြင်ယောင်မိလေ၏။

ယခု ထိုသူမှာ ဝတ်ကောင်းစားလှများနှင့် သူဌေးသားပုံစံကဲ့သို့...ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူညက

" အစ်ကို့ကို ကျုပ်မှတ်မိသွားပြီး၊ အဲဒီတုန်းက အစ်ကိုက စုတ်ချာလွန်းလို့ ကျုပ်မမှတ်မိတာပါ၊ ဒါနဲ့ အစ်ကိုက ဒီအငြိမ့်မှာ ဘယ်လိုရောက်နေတာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ သူဌေးသားဟန်ပေါက်နေသော လူက

" ဒီအငြိမ့်အဖွဲ့က အစ်ကိုပိုင်တဲ့ အငြိမ့်အဖွဲ့လေ၊ အငြိမ့်ထောင်ဆရာက အစ်ကို့ရဲ့အဖေပါ၊ အဲဒီတုန်းက အစ်ကို့အဖေဟာ နောက်မိန်းမယူလိုက်တာနဲ့ အဖေနဲ့စိတ်ဆိုးပြီး အိမ်က ဆင်းလာတာ၊ အစ်ကို့ဟာ အဖေ့ကို စိတ်ကောက်ပြီး မြန်မာပြည်အနှံ့ခြေဦးတည့်ရာ လှည့်လည်သွားလာနေတယ်၊ ဒါကြောင့် အဲဒီတုန်းက အစ်ကို့အခြေအနေဟာ ဆင်းရဲမွဲတေနေတာပေါ့၊ အခုတော့ အစ်ကိုလည်း အဖေနဲ့ပြန်ပြီး ပြေလည်သွားတဲ့အတွက် အငြိမ့်ကို ပြန်ရောက်နေပါပြီ ဒါနဲ့နေပါဦး၊ ညီလေးက အစ်ကိုတို့အငြိမ့်အဖွဲ့ကို ဘာလာလုပ်တာလဲ "

ဟုမေးမြန်းလေ၏။





ထိုအခါ သူညက အငြိမ့်အဖွဲ့ကို လာရင်းကိစ္စအား ပြောပြလေ၏။

သူည၏ စကားဆုံးသောအခါ ထိုသူက

" ငါ့ညီက အစ်ကို့ရဲ့ကျေးဇူးရှင်ပါ၊ ငါ့ညီရဲ့ကြော်ငြာကို အစ်ကိုတို့အငြိမ့်အဖွဲ့မှာ တစ်ပြားမှမယူဘဲ ကြော်ငြာပေးပါ့မယ် "

ဟုပြောလေရာ သူညက ဝမ်းသာအားရဖြင့်

" တကယ်လား အစ်ကိုရယ်၊ တော်တော်ကြာ အစ်ကို့ရဲ့ အငြိမ့်ထောင်ဆရာကြီးက အစ်ကိုနဲ့ စကားများနေပါဦးမယ် "

ဟုပြောလေ၏။

ထိုအခါ အငြိမ့်ထောင်ဆရာ၏သားက လက်ကာပြ၍

" ဒီအတွက် ဘာမှ မပူပါနဲ့ကွာ၊ အဖေဟာ နောက်မိန်းမယူထားတဲ့အတွက် အခုအချိန်မှာ အစ်ကို ဘာလုပ်လုပ် အားလုံးကို ခွင့်ပြုနေတယ်ကွ၊ ဟဲဟဲ... ငါ့ညီရဲ့ကြော်ငြာကို အစ်ကို အစွမ်းကုန် ကြော်ငြာပေးမယ်၊ အငြိမ့်မင်းသမီး မြနှင်းဆီဟာ နာမည်အလွန်ကြီးတယ်ကွ၊ အစ်ကိုတို့ မြနှင်းဆီအငြိမ့်အဖွဲ့ ကပြလေရာ မြို့တွေမှာ ငါ့ညီရဲ့ဆေးလိပ်ကို ကြော်ငြာပေးမယ်၊ ငါ့ညီရဲ့ဆေးလိပ်ကို ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့တွက် အစ်ကိုတို့မှာ ဘာမှ အပန်းမကြီးပါဘူး ”

ဟုပြောလေရာ သုညသည် ဝမ်းသာလွန်းသဖြင့် ထခုန်လု မတတ် ဖြစ်သွားလေ၏။

ထိုနေ့ညမှစ၍ မြနှင်းဆီ အငြိမ့်အဖွဲ့သည် သုည၏ ကြော်ငြာ အား ကောင်းစွာ ကြော်ငြာပေးလေ၏။

အငြိမ့်အဖွဲ့ရှိ လူရွှင်တော်များသည် တစ်ဦးနှင့်တစ်ဦး ပြက်လုံး အပြိုင်အဆိုင် ထုတ်ကြ၏။

ထိုအခါ ပြက်လုံးထုတ်ရင်း သုည၏ ရွှေဉာဏ်ရှင်ဆေးလိပ်ကို ထည့်သွင်းပြက်ကြလေ၏။

အငြိမ့်မင်းသမီး မြနှင်းဆီကလည်း ရွှေဉာဏ်ရှင်ဆေးလိပ် သောက်သောသူကို သူမ၏ ဖူးစာဖက်အဖြစ် ရွေးချယ်မည်ဖြစ် ကြောင်း သီချင်းတွင် ထည့်သွင်းသီဆိုလေ၏။

ထိုအခါ အငြိမ့်မင်းသမီး မြနှင်းဆီကို လွန်စွာနှစ်သက်သော ကာလသားများသည် ရွှေဉာဏ်ရှင်ဆေးလိပ်ကို နောက်တစ်နေ့ တွင် အပြိုင်အဆိုင်သောက်ရင်း မြနှင်းဆီကို ပိုးပန်းကြရန် ကြံစည်လေ ၏။





ထိုနေ့က အငြိမ့်မင်းသမီး မြနှင်းဆီနှင့် လူရွှင်တော်များသည် စင်ပေါ်မှနေ၍ ရွှေဉာဏ်ရှင်ဆေးလိပ်များကို လူအုပ်ထဲသို့ ကြဲဖြန့်ပေး လေ၏။

အငြိမ့်မင်းသမီး မြနှင်းဆီ၏ အငြိမ့်အဖွဲ့မှ ရွှေဉာဏ်ရှင်ကို ကြော်ငြာပေးပြီးနောက် နောက်တစ်နေ့တွင် တစ်မြို့လုံးရှိ ဆေးလိပ် ဆိုင်များတွင် ရွှေဉာဏ်ရှင်ကို ဝယ်၍မရလောက်အောင် ပြတ်လပ် သွားလေ၏။

သုညသည် သူ၏အောင်မြင်မှုအတွက် အလွန်ဝမ်းမြောက် ဝမ်းသာ ဖြစ်မိလေ၏။

မြနှင်းဆီ အငြိမ့်အဖွဲ့သည် ထိုမြို့၌ သုံးရက်တိုင်တိုင် ကပြသည် ဖြစ်လေရာ သုံးရက်လုံးလုံး သုည၏ ရွှေဉာဏ်ရှင်ဆေးလိပ်ကို ကြော်ငြာပေးလေ၏။

နောက်ဆုံးညတွင် အငြိမ့်ထောင်ဆရာ၏ သားက သုညအား အစွမ်းကုန် အကူအညီပေးသည့်အနေဖြင့် အရှုးခင်သက်အား ဂျူကာ တ်စုံကို ဝတ်ဆင်စေပြီး စင်ပေါ်သို့တင်ကာ ပရိသတ်များအား ကာဖြင့် ညွှန်ခံစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြို့သူမြို့သားများသည် သူတို့မြို့ရှိ အရှုးခင်သက်က အတ်စင်ပေါ်သို့ တက်၍ ဖြေဖျော်ခွင့်ရသဖြင့် အလွန်နှစ်သက် သဘောကျကြ၏။

သူည၏ ရွှေဉာဏ်ရှင်ဆေးလိပ်မှာလည်း လွန်စွာနာမည်သတင်း ကျော်ကြားသွားလေ၏။ သူညသည် ထိုအချိန်မှစ၍ မြို့ပေါ်တွင် ဆေးလိပ်များကို လက်မလည်အောင် ရောင်းချရ၏။

သူညတစ်ဦးတည်း ဆေးလိပ်များကို မလိပ်နိုင်တော့သဖြင့် မြို့ပေါ်ရှိ မိန်းကလေးများကို ဆေးလိပ်သမများအဖြစ် ခေါ်ယူရလေ၏။

မြနှင်းဆီ အငြိမ့်အဖွဲ့သည် အခြားသောမြို့များသို့ ရောက်သည့်တိုင် သူည၏ ရွှေဉာဏ်ရှင်ဆေးလိပ်အား မရပ်မနား ကြော်ငြာပေးလေ၏။

ထိုသို့ ကြော်ငြာသောကြောင့် အခြားသောမြို့များ၌လည်း ရွှေဉာဏ်ရှင် ဆေးပေါ့လိပ်များကို တိုး၍တိုး၍ ပို့ရလေ၏။

ထိုသို့ ရွှေဉာဏ်ရှင်ကို လိုချင်သူ များပြားလွန်းသောကြောင့် ဆေးလိပ်သမများ အမြောက်အမြား ထပ်မံခေါ်ယူရလေ၏။





သူညသည် မြို့စွန်၌ ဆေးလိပ်လုပ်ငန်းကို လုပ်ကိုင်ရန် မဖြစ်တော့သဖြင့် ခြံဝန်းပါသော နှစ်ထပ်အိမ်ကြီးတစ်လုံးကို ဝယ်ယူခဲ့လေ၏။

ထိုအိမ်ကြီး၏ အောက်ထပ်တစ်ထပ်လုံးကို ရွှေဉာဏ်ရှင် ဆေးလိပ်ခုံအဖြစ် အသုံးပြုလေ၏။ သူညသည် အိမ်ကြီး၏အပေါ်ထပ်၌ပင် နေထိုင်ခဲ့လေ၏။

ထိုမြို့မှ လူများသည် ဆေးလိပ်လုပ်ငန်းဖြင့် တစ်ရှိန်ထိုးချမ်းသာကြွယ်ဝသွားသော သူညကို တအံ့တသြရှိကြ၏။ သူည၏ အကြောင်းကို ဒဏ္ဍာရီပုံပြင်တစ်ပုဒ်နှယ် ပြောဆိုကြ၏။

သူညသည် ဆေးလိပ်အမှာစာများ များပြားလွန်းသဖြင့် ရွှေဉာဏ်ရှင် ဆေးလိပ်များကို မရပ်မနား ထုတ်လုပ်ရ၏။

သူညသည် အရှုးခင်သက်အား သူ၏ကျေးဇူးရှင်ဟု ယူဆကာ ရွှေဉာဏ်ရှင်အိမ်ကြီး၌ ခေါ်ယူထားလေ၏။

သို့သော် အရှုးခင်သက်သည် အိမ်ကြီး၌ မနေလိုဘဲ မြို့တွင်း၌ပင် လှည့်လည်စားသောက်နေလေ၏။

ထို့ကြောင့် အရှုးခင်သက် ကောင်းမွန်စွာ စားသောက်နိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



မြို့တွင်းရှိ ဆိုင်များအားလုံးကို အရှုးခင်သက်စားချင်တာ မှန်သမျှ ကျွေးပါရန် မှာကြားထား၏။

အရှုးခင်သက်၏ စားသမျှကို ရွှေဘုံရှင် ဆေးလိပ်ခုံမှ နှစ်ဆပြန်ပေးမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ထို့ကြောင့် လကုန်သောအခါ မြို့ထဲရှိ စားသောက်ကုန် ရောင်းသူများသည် သူညာ၏ ရွှေဘုံရှင်အိမ်ကြီးသို့ လာရောက်ပြီး အရှုးခင်သက် စားသောက်ထားသမျှ တောင်းယူလေ၏။

သူညာ၏ ကံကြမ္မာမှာ အလွန်ထူးခြားဆန်းကြယ်သည်ဟု ဆိုရပေမည်။ သူ၏ ရွှေဘုံရှင် ဆေးလိပ်များသည် တစ်ရှိန်ထိုး ရောင်းအားကိုးတက်နေ၏။

ထို့ကြောင့် ထိုနယ်တစ်လျှောက်လုံးရှိ အခြားသော ဆေးလိပ် များကို ကျော်ဖြတ်ပြီး ထိပ်ဆုံးသို့ရောက်သွားလေ၏။

သူညာသည် သူ၏ဆရာ ဦးချိန်တိ သင်ပြပေးသော နည်းလမ်း ကို မြေဝယ်မကျ နားထောင်သောကြောင့် ဤကဲ့သို့ ကြွယ်ဝချမ်းသာ သော ဘဝသို့ ရရှိခြင်းဖြစ်၏။

သူညာသည် ရွှေဘုံရှင်ဆေးလိပ်ခုံကြီး အောင်မြင်နေသော်





လည်း ပိုမိုအောင်မြင်ရမည့် နည်းလမ်းများကို အချိန်ပြည့် ရှာဖွေနေ လေ၏။

သူသည် အနီးအနားမြို့များသို့ လှည့်လည်သွားလာပြီး ရွှေဘုံရှင် ဆေးလိပ်ခုံများကို တိုးချဲ့ရန် ကြံစည်နေ၏။

ယုံကြည်စိတ်ချရသူများကို ရွှေဘုံရှင်ဆေးလိပ်ခုံ၌ အုပ်ချုပ် ရန် စေခိုင်းပြီး ဆေးလိပ်ခုံများ တစ်ခုပြီးတစ်ခု တိုးချဲ့ခဲ့လေ၏။

သူသည် အခြားသောမြို့များရှိ ဆိုင်များကို ရွှေဘုံရှင် ဆေးလိပ်များ အခမဲ့ဝေခြင်း၊ ဈေးလျှော့၍ပေးခြင်း စသည့် နည်းလမ်းများဖြင့် ရွှေဘုံရှင် ဆေးလိပ်ကို အရောင်းတိုးမြှင့်နိုင်ရန် ကြိုးပမ်းလေ၏။

ထိုအခါ သူ၏ဆေးလိပ်များသည် ပိုမို၍ အရောင်းသွက်လာ ၏။

သူညာသည် ရွှေဘုံရှင်ဆေးလိပ်ခုံများကို တစ်ခုပြီးတစ်ခု တိုးချဲ့နိုင်ခဲ့၏။

သူညာသည် သူ၏ဂေဟပ်ငန်းကို ဉာဏ်ပညာဖြင့် အစဉ်အမြဲ ဆင်ခြင်သုံးသပ်နေ၏။ သူသည် နေ့စဉ် အားလပ်ချိန်တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ရယူကာ သူ၏လုပ်ငန်း တိုးတက်စေရန် ဆင်ခြင်လေ့ရှိ၏။

ထိုသို့ စဉ်းစားဆင်ခြင်ရင်း ဆေးလိပ်ခုံလုပ်ငန်းအပြင် အခြားသော အမြတ်ရမည့်လုပ်ငန်းများကို ဆက်လက်တိုးချဲ့ရန် ကြံမိ၏။

သူ၏လုပ်ငန်းများ တိုးချဲ့ရန် ရန်ကုန်ရွှေမြို့တော်ကြီးသို့ မကြာခဏ ခရီးသွားလာခဲ့၏။ ထိုသို့သွားလာရင်း ရန်ကုန်၌ လုပ်ငန်းသစ်များ လုပ်ကိုင်ရန် အခွင့်အလမ်းများရှိကြောင်း သိလေ၏။

သူသည် ဦးဘလှဆိုသည့် ကန်ထရိုက်တာတစ်ဦးနှင့် ခင်မင်ပြီး ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့၏။ ဦးဘလှသည် သူ၏လုပ်ငန်းအား တိုးချဲ့ချင်စိတ်ရှိပြီး ငွေအရင်းအနှီးလိုနေသဖြင့် သူညက ပူးပေါင်းရန် ကမ်းလှမ်းသောအခါ လိုက်လှဲစွာဝင်သဘောတူလေ၏။

သူညသည် ဦးဘလှနှင့် ပူးပေါင်း၍ ရန်ကုန်မြို့၌ ကန်ထရိုက်လုပ်ငန်းများကို လုပ်ကိုင်ခဲ့လေ၏။

သူညသည် ကန်ထရိုက်လုပ်ငန်းကို ကျွမ်းကျင်မှုမရှိသော်လည်း ဆရာဦးချိန်တီ၏ ဉာဏ်ကိုစူးစူးနစ်နစ် အသုံးပြုရမည်ဟူသော စကားကိုနာယူ၍ အသုံးပြုခဲ့သောကြောင့် အောင်မြင်မှုရခဲ့ခြင်း





ဖြစ်၏။

သူညသည် ကန်ထရိုက်လုပ်ငန်းကို စိတ်ဝင်တစား လေ့လာလေ၏။

ထိုသို့ လေ့လာရင်း ရန်ကုန်မြို့၌ လုပ်ကိုင်ရန် အခွင့်အလမ်းများ ရရှိလေ၏။

ဦးဘလှသည် ယခင်က ရန်ကုန်မြို့တွင် သာမန်ကန်ထရိုက်တစ်ဦးဖြစ်သော်လည်း သူညနှင့်ပေါင်းသင်းလုပ်ကိုင်ပြီးနောက် အလွန်ကျော်ကြားသော ကန်ထရိုက်တာတစ်ဦးဖြစ်လာ၏။

သူည၏ အကြံဉာဏ်များကြောင့် ဦးဘလှသည် လုပ်ငန်းခွင်များစွာ ရရှိခဲ့၏။

သူညသည် ဉာဏ်ရည်ဉာဏ်သွေးကို အသုံးပြု၍ အောင်မြင်ကျော်ကြားသော ကန်ထရိုက်လုပ်ငန်းရှင်ကြီးဘဝသို့ ရောက်ရှိခဲ့လေ၏။

ထို့ကြောင့် ပြိုင်ဘက်လုပ်ငန်းရှင်တစ်ဦးက ရန်ငြိုးကြီးစွာထားခဲ့လေ၏။ ထိုသူမှာ ဒေါ်ဥမ္မာဆိုသော အမျိုးသမီး ကန်ထရိုက်လုပ်ငန်းရှင် ကြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဥမ္မာသည် ရန်ကုန်မြို့၌ ယောကျ်ားသား ကန်ထရိုက်များကို အနိုင်ယူ၍ အောင်ပန်းဆင်နိုင်ခဲ့သူဖြစ်၏။

ယခု သူည၏ ရွှေဉာဏ်ရှင် ကန်ထရိုက်လုပ်ငန်းနှင့် ယှဉ်ပြိုင်သောအခါမှပင် အရှုံးကြီးရှုံးခဲ့ရ၏။

ဒေါ်ဥမ္မာသည် စိတ်ထားညံ့ဖျင်းသူတစ်ဦးဖြစ်လေ၏။ သူညအား တစ်နည်းနည်းဖြင့် ပြန်လည်၍ ဒုက္ခပေးရန် ဆုံးဖြတ်ထား၏။

ထို့ကြောင့် လူကုံထံ များလာရောက်လေ့ရှိသော ညှော်ခံပွဲများ၌ သူညနှင့် ဆုံတွေ့သောအခါ သူညအား ရင်းနှီးခင်မင်သော အမူအရာဖြင့် မကြာခဏချီးမွမ်းစကားပြောလေ၏။

ရန်ကုန်မြို့၌ စီးပွားရေးလုပ်ကိုင်မည့် အခွင့်အလမ်းများကိုလည်း စေတနာကောင်းဖြင့် ပြောပြဟန်ဆောင်လေ၏။

သူညသည် ဒေါ်ဥမ္မာ၏ရင်ထဲတွင် ကျိတ်၍ မကျေမချမ်းဖြစ်နေပုံကို ရိပ်စားမိခြင်းမရှိဘဲ မိတ်ဆွေတစ်ဦးကဲ့သို့ ဆက်ဆံခဲ့၏။

ဒေါ်ဥမ္မာသည် မိမိနှင့်ယှဉ်ပြိုင်သည့်အခါတိုင်း လုပ်ငန်းများရှုံးနိမ့်ခဲ့သော်လည်း မိမိအား မိတ်ဆွေကောင်းတစ်ဦးကဲ့သို့ သဘောထားနိုင်ခြင်းကို ဒေါ်ဥမ္မာအား စိတ်သဘောထား မြင့်မြတ်သူတစ်ဦးဟု ထင်မြင်ခဲ့၏။





ဒေါ်ဥမ္မာသည် သူမ၏အိမ်၌ ပြုလုပ်သောအလှူပွဲများ၊ ဘုရားကိုးဆူပွဲများစသည့် ပွဲလမ်းသဘင်တိုင်းတွင် သူညကို ဖိတ်၍ အရေးကြီး ဧည့်သည်တစ်ဦးကဲ့သို့ သဘောထားလေ၏။

ရန်ကုန်ရှိ လူကုံထံ အသိုင်းအဝိုင်းများကပင် ဒေါ်ဥမ္မာနှင့် သူညသည် ရင်းနှီးခင်မင်သော မိတ်ဆွေများဖြစ်နေသည်ဟု ထင်မြင်ကြလေ၏။

ဒေါ်ဥမ္မာသည် သူညအား ခင်မင်သယောင်နှင့် ဘဝ နောက်ကြောင်းများကို မေးမြန်းစုံစမ်းလေ၏။ ထိုကဲ့သို့ မေးမြန်းခြင်းမှာ အခွင့်ကြုံလျှင် သူညအား အလဲထိုးနိုင်ရန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ရန်ကုန်မြို့ ဘားလမ်းတွင် ဖွင့်လှစ်ထားသော သုည၏ ရုံးခန်းအတွင်းသို့ ဆင်းရဲနွမ်းပါးဟန်ရှိသော အမျိုးသမီး တစ်ဦး ဝင်ရောက်လာ၏။

သူမသည် သုည၏ ရွှေညက်ရှင်ဆေးလိပ်ကို ကိုယ်စားလှယ် ယူချင်သည်ဟု ဆို၏။

သုညသည် သူ၏ ရွှေညက်ရှင် ဆေးလိပ်များကို ကိုယ်စားလှယ်ပေးခြင်းအား ရပ်ဆိုင်းထားသော်လည်း ဆင်းရဲနွမ်းပါးသော အမျိုးသမီး လာရောက်သောမြို့အမည်ကိုကြည့်၍ သူမနှင့်တွေ့ရန် အခန်းထဲသို့ ဝင်ခွင့်ပြုလိုက်၏။

—— စေတာနာတာပေ ——



ထိုအခါ ဆင်းရဲနွမ်းပါးသော အမျိုးသမီးသည် အခန်းတွင်းသို့ ခွဲမရဲ ဝင်ရောက်လာ၏။

သုညသည် အမျိုးသမီးကို မြင်သောအခါ

" ကျင်ကျင် ကျင်ကျင်လား "

ဟု အံ့သြတကြီး ရေရွတ်ကာ ကုလားထိုင်မှထ၍ ကျင်ကျင် ရှိရာသို့ လျှောက်သွားလေ၏။

ကျင်ကျင်သည် လွန်ခဲ့သောနှစ်များစွာက ၄င်းတို့မြို့ရှိ ချမ်းသာ ကြွယ်ဝသော တရုတ်ကြီး ဦးတိတ်ဝှမ်၏ သမီးဖြစ်၏။

သုညသည် ဦးတိတ်ဂိမ်တို့ နေအိမ်၌ နှစ်သစ်ကူးပွဲတော်နီးသော အခါ တောက်တိုမည်ရ အလုပ်များကို ကူညီလုပ်ကိုင်ပေး၏။

ထိုသို့ လုပ်ကိုင်ပေးရင်း နှစ်သစ်ကူးပွဲတော်၌ ဦးတိတ်ဝှမ်တို့ သားစု၏ ချမ်းသာကြွယ်ဝပုံကို အားကျပြီး သူ၏ဆရာ ဦးချိန်တီ ထံတွင် သူဌေးဖြစ်မည့် နည်းလမ်းများကို မေးမြန်းခဲ့၏။

ထို့နောက် ဦးချိန်တီ၏ စကားများကို မြေဝယ်မကျ နားထောင် ၍ ကြိုးစားခဲ့ရာ ယခုကဲ့သို့ ချမ်းသာကြွယ်ဝသော ဘဝသို့ရောက်ရှိ ခဲ့ခြင်းဖြစ်၏။

—— စေတာနာတာပေ ——

www.burmeseclassic.com

www.burmeseclassic.com



သူညသည် ကျင်ကျင်ကို အံ့သြဟန်ဖြင့်ကြည့်၍

" ကျင်ကျင်ရယ်၊ ကျင်ကျင်တို့ ဘယ်လိုဖြစ်တာလဲ၊ ကျင်ကျင်တို့ ဒီလောက်ချမ်းသာကြွယ်ဝတဲ့ မိသားစုက ဘာဖြစ်လို့ ဆင်းရဲသွားရတာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ သူညကို မှတ်မိသွားသော ကျင်ကျင်ကလည်း

" ရွှေညာက်ရှင် သူဌေးကြီးဆိုလို့ ဘယ်သူများလဲမှတ်တယ် ကိုသူညဖြစ်နေတာကိုး၊ ကိုသူည အခုလို ချမ်းသာကြွယ်ဝတဲ့ဘဝကို ရောက်သွားတာ ကျင်ကျင်ဝမ်းသာပါတယ်၊ ကျင်ကျင်တို့ဘဝက တော့ သံခါရတရားလို့ ပြောရမလား မသိဘူး၊ ကျင်ကျင်တို့ ဖခင်ကြီးဆုံးသွားတဲ့နောက်ပိုင်း ကံဆိုးမိုးမှောင်ကျတော့တာပဲ "

ဟုပြောလေရာ

" ကျင်ကျင်ရဲ့အဖေ ဆရာကြီးဦးတိတ်ငွမ်ဟာ ဘာဖြစ်လို့ ဆုံးပါးသွားတာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ ကျင်ကျင်က မှိုင်းညို့သော မျက်ဝန်းများဖြင့် စဉ်းစ





န်ပြုလိုက်ပြီး

" ကျွန်မတို့မြို့မှာ အဖေ့ရဲ့ဆေးပညာ ဂုဏ်သတင်း ဘယ် ောက် ကျော်ကြားတယ်ဆိုတာ အစ်ကိုသိမှာပေါ့ "

ဟုမေးမြန်းလေရာ သူညက ခေါင်းညိတ်၍

" ဆရာကြီးဟာ ဆေးပညာမှာ ပြိုင်စံရှားအောင် ကျော်ကြား ယ်ဆိုတာ ကျုပ်သိပါတယ် "

ဟုပြောလေ၏။

ထိုအခါ ကျင်ကျင်က သက်ပြင်းချ၍

" အဖေဟာ တစ်သက်လုံး လူတွေအပေါ် စေတနာ၊ ကရုဏာ ားပြီး ဆေးကုခဲ့တယ်၊ ဒီလိုကုသတဲ့အတွက် အဖေ့ရဲ့ဆေးစွမ်းဟာ ွန်ထက်ပြီး အဖေ့ကို သေသူပြန်ရှင် ဆေးဖခင်ကြီးလို့တောင် င်စားခေါ်ဝေါ်ကြတယ်၊ အဖေ့ရဲ့နာမည် ဂုဏ်သတင်း ကျော်ကြား ကို မနာလိုတဲ့ ပြိုင်ဘက် ဆေးဆရာကြီးတစ်ယောက် ပေါ်လာ ယ်၊ အဖေနဲ့ ဒီဆရာကြီးဟာ ငယ်စဉ်ကတည်းက ဆရာ ဦးတည်းမှာ အတူပညာသင်ခဲ့တဲ့ လူတွေပဲ၊ အဖေ့ရဲ့ပြိုင်ဘက် ဆရာကြီးဟာ ကျွန်မတို့မြို့မှာပဲ အလွန်ကြီးမားတဲ့ အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆောင်ကို ဝယ်ယူပြီး အဖေနဲ့အပြိုင် ဆေးကုခဲ့တယ်၊ ဒီဆရာကြီးရဲ့ ဆေးစွမ်းဟာလည်း အလွန်ထက်ပါတယ်၊ ဒါကြောင့် မကြာမီ နှစ်ပိုင်းအတွင်း သူ့ရဲ့နာမည်ဂုဏ်သတင်းဟာ ကျော်ကြားခဲ့တယ်၊ ဒီလိုနဲ့ အဖေနဲ့သူဟာ ဆေးပညာမှာ ပြိုင်ဆိုင်တဲ့အဆင့်ကို ရောက်ခဲ့တယ်၊ အဖေဟာ လူနာတွေအပေါ်မှာ မေတ္တာ စေတနာထားတဲ့အတွက် ရိုးသားတဲ့နည်းနဲ့ပဲ သူ့ကိုယှဉ်ပြိုင်ခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီဆရာကြီးကတော့ အဖေ့ကို မရိုးသားတဲ့ နည်းနဲ့ပြိုင်ဆိုင်ခဲ့တယ် သူ့ရဲ့ဆေးတိုက်မှာ ကုသလို့ လက်လျှော့လိုက်ရတဲ့ လူနာတွေကို အဖေ့ရဲ့ဆေးတိုက်ကို ပို့ပြီးတော့ ကုသစေခဲ့တယ်၊ အဲဒီလူနာ သေဆုံးသွားတဲ့အခါ အဖေ့ကြောင့် သေရတာပဲဆိုပြီးတော့ မြို့ပေါ်မှာ ရှုတ်ချခဲ့တယ်၊ မသိနားမလည်တဲ့ လူတွေဟာ သူ့ရဲ့စကားကို ယုံထင်ကြောင်ထင်ဖြစ်ခဲ့တယ်၊ အဖေ့ရဲ့ပြိုင်ဘက် ဆေးဆရာကြီးဟာ သူတို့ဆေးခန်းမှာ ကုလို့မရတဲ့ လူနာတိုင်းကို ဆက်မကုတော့ဘဲ အဖေ့ရဲ့ဆေးခန်းကို ပရိယာယ်နဲ့ လွှဲပြောင်းပေးခဲ့တယ်၊ အဖေကတော့ ပြိုင်ဘက်ဆေးဆရာကြီးရဲ့ စိတ်ဓာတ်ယုတ်ညံ့တာကို သိပေမဲ့ လူနာအပေါ်မှာ မေတ္တာ၊ စေတနာထားတဲ့အတွက် မငြင်းဆန်ဘဲ





ကုသပေးခဲ့တယ်၊ ဒါပေမဲ့ အဖေလည်း ပုထုဇဉ်ဆိုတော့ သူ့ရဲ့ဆေးတိုက်က လူနာတွေ အသေအပျောက်များတယ်ဆိုပြီး မသိနားမလည်တဲ့သူတွေက အပြစ်ဖို့လာကြတော့ မကျေမနပ်ဖြစ်မိတယ်၊ သူဟာ လူနာတွေကို စေတနာထားပြီး ကုသနေတော့ စေတနာဟာ သေဒနာဖြစ်ခဲ့တယ်၊ နောက်တော့ အဖေ့ရဲ့ပြိုင်ဘက် ဆေးဆရာကြီးဟာ အသေဆိုးမဲ့လူနာတွေကို အဖေ့ဆီကို ပို့ရုံမကဘဲ အဖေဟာ ဆေးပညာနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူမဟုတ်ဘူးဆိုပြီး အဖေ့ရဲ့ဆေးတိုက်ကို လာပြီးစွပ်စွဲတယ်၊ အဖေဟာ ပြိုင်ဘက်ဆေးဆရာကြီးကို 'မင်းဟာ ဆေးဆရာတစ်ယောက် မဖြစ်သင့်ဘူး၊ မင်းရဲ့စိတ်ထားဟာ အင်မတန်ယုတ်မာကောက်ကျစ်တယ်' လို့ ပြန်ပြီးစွပ်စွဲခဲ့တယ်၊ ဒါပေမဲ့ မြို့လူထုကတော့ ဟန်ဆောင်ပရိယာယ်ကောင်းတဲ့ ပြိုင်ဘက်ဆေးဆရာကြီးကို ဆေးစွမ်းထက်တယ်လို့ ထင်မြင်သွားကြတယ်၊ အဖေဟာ သူ့ရဲ့သမားဂုဏ်ကို ထိပါးခြင်းခံရတဲ့အတွက် ဒီအချိန်ကစပြီး သမားဂုဏ်ကို ကာကွယ်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ အဖေဟာ သူ့ဆီကို တစ်ဖက်လှည့်ပြီး ရောက်လာတဲ့လူနာတွေကို ကုသဖို့ ဆုံးဖြတ်လိုက်တယ်၊ ဒီလိုနဲ့ အဖေ့ဆေးခန်းမှာ အသေ



www.burmeseclassic.com

www.burmeseclassic.com



အယောက် နည်းပါးလာတယ်၊ အနယ်နယ် အရပ်ရပ်က ရောဂါဝေဒ
သည်တွေဟာ ကျွန်မတို့မြို့ကိုလာပြီး ဆေးကုသလေ့ရှိတယ်
တစ်နေ့မှာ အလွန်အရုပ်ဆိုးတဲ့ အဘွားကြီးတစ်ယောက်ဟာ
သေအံ့မူးမူးဖြစ်နေတဲ့ ကလေးငယ်တစ်ဦးကို ရင်ခွင်ပိုက်ပြီး အဖေ
ကို ရောက်လာတယ်၊ တကယ်တော့ အဘွားကြီးဟာ အဖေ
ပြိုင်ဘက် ဆေးဆရာကြီးဆီမှာ ဆေးကုသဖို့ ကြိုးစားပြီးပြီ၊ ဒါပေ
ပြိုင်ဘက်ဆေးဆရာကြီးက အဘွားကြီးရဲ့မြေးကလေးကို မရတော
ဘူးဆိုတာ သေချာတဲ့အတွက် နာမည်ပျက်မှာစိုးလို့ မကုသခဲ့ဘူ
နောက်ဆုံးတော့ အဘွားကြီးနဲ့မြေးကလေးဟာ အဖေ့ဆီကို ရော
လာခဲ့တယ်၊ အဖေဟာ လူနာကို အိမ်ထဲကိုမသွင်းသေးဘဲ ခြံဝမှ
တင် စစ်ဆေးပြီးတော့ ခေါင်းခါယမ်းလိုက်တယ်၊ လူနာဟာ
တော့တဲ့အတွက် မကုသနိုင်ဘူးလို့ ငြင်းဆိုလိုက်တယ်၊ ဒီအခါမှ
အဘွားကြီးဟာ မြေးငယ်အတွက် စိုးရိမ်ပူပန်မှု ကြီးစွာဖြစ်ပြီးတော
အဖေ့ကို ဆေးကုသပေးဖို့ ခြေသလုံးဖက်လုမတတ် တောင်းပ
တယ်၊ ဒါပေမဲ့ အဖေက ဆုံးဖြတ်ချက်ကို မပြင်ခဲ့ဘူး၊ အဲဒီည
နှင်းတွေ အရမ်းကျနေတဲ့ညပေါ့၊ အဘွားကြီးရဲ့မြေးဟာ အဖေ့ရဲ့ခြ





မှာပဲ အသက်ဆုံးသွားခဲ့တယ်၊ အဘွားကြီးဟာ မြေးကလေးကို ပိုက်ပြီးတော့ ကြုံကြုံပါအောင် ငိုကြွေးခဲ့တယ်၊ အဖေဟာ အိမ် ပေါက်ဝကနေ မီးအိမ်နီလေးထွန်းပြီးတော့ နှင်းတွေထဲမှာ အသက် ဆုံးသွားရှာတဲ့ ကလေးငယ်ကို စိတ်မကောင်းဟန်နဲ့ ကြည့်ခဲ့တယ်၊ အဖေဟာ သူ့ရဲ့သမားဂုဏ်ကို ကာကွယ်တဲ့အနေနဲ့ ကလေးကို ဆေးမကုသလိုက်ပေမဲ့ အဖေ့ရဲ့ ကြင်နာတတ်တဲ့ နှလုံးသားကတော့ ဒီကိစ္စကို ဘယ်တော့မှ ခွင့်လွှတ်နိုင်ဖို့မရဘူး၊ အဘွားကြီးဟာ နှင်းထဲမှာ အသက်ဆုံးသွားတဲ့ မြေးကလေးကို ပွေ့ချီပြီးတော့ အဖေ့ရဲ့အိမ်ကို မီးဝင်းဝင်းတောက်တဲ့ မျက်လုံးတွေနဲ့ ကြည့်တယ်၊ ပြီးတော့ "ရှင်ဟာ အကြင်နာတရားမရှိတဲ့ ဆေးဆရာပဲ၊ ရှင်တို့ရဲ့ သမားဂုဏ်တွေ မြင့်သထက်မြင့်အောင် အပြစ်မဲ့တဲ့ ငါ့ရဲ့ မြေး ကလေးဟာ သေဆုံးပေးရတယ်၊ ဒီလောက် စိတ်ဓာတ်ကြမ်းတမ်း ခက်ထန်တဲ့ သမားတော်တွေ၊ တစ်နေ့နေ့မှာ ဘေးဒုက္ခ အကြီး အကျယ်တွေ့မယ်၊ အဲဒီကျမှ နောင်တမရကြနဲ့၊ လောကကြီးမှာ အတုံ့အလှည့်ဆိုတာ ရှိစမြဲပဲ" လို့ အော်ဟစ်ကြုံးဝါးပြီး အိမ်ရှေ့က ထွက်သွားတယ်၊ ဒီအချိန်ကစပြီး အဖေဟာ သူ့ရဲ့အပြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



နောင်တရသလို ဖြစ်ပြီး အိပ်ရာထဲလဲတော့တာပဲ၊ အဖေဟာ ရောဂါဝေဒနာကို ကုသနိုင်တဲ့ အစွမ်းရှိပေမဲ့ မကုသဘဲ အသေခံသွားခဲ့တယ်၊ အဖေမရှိတော့တဲ့နောက်ပိုင်း ကျွန်မတို့ဟာ ကျစ်ကျစ်ပါအောင် စုထားတဲ့ ငွေကြေးဥစ္စာတွေကြောင့် အခြေမပျက်ဘဲ နေထိုင်ခဲ့ရတယ်၊ တိုက်ဆိုင်မှုတစ်ခုကို ပြောရဦးမယ်၊ အဖေသေဆုံးပြီး များမကြာမီမှာ အဖေ့ရဲ့မြို့ငဘက် ဆေးဆရာကြီးဟာလည်း ရောဂါဝေဒနာတစ်ခုနဲ့ အသက်ဆုံးပါးခဲ့တယ်၊ သူတို့ နှစ်ယောက်လုံး သေဆုံးမှုကြောင့် မြို့သူမြို့သားတွေဟာ အသွားကြီးရဲ့ကျိန်စာမိတာမဲလို့ စွပ်စွဲခဲ့ကြတယ်၊ အဖေဆုံးပြီးတဲ့ နောက်ပိုင်း လသာတဲ့ညတစ်ညမှာ ကျွန်မတို့အိမ်ကို ဓားပြတိုက်ခံရတယ်၊ မမျှော်လင့်ဘဲ ဓားပြတိုက်ခံရတဲ့အတွက် ကျွန်မတို့ နှစ်ရှည်လများ စုဆောင်းထားခဲ့တဲ့ ငည်းစိမ်ဥစ္စာတွေအားလုံး ပါသွားခဲ့တယ်၊ ဓားပြတိုက်ခံရပြီး များမကြာမီမှာ ကျွန်မတို့မြို့မှာ မီး အကြီးအကျယ် လောင်ကျွမ်းခဲ့ပြန်တယ်၊ မီးလောင်မှုကြောင့် ကျွန်မတို့အိမ်ကြီး မီးထဲကို ပါသွားခဲ့တယ်၊ ဒီအချိန်ကစပြီး ကျွန်မတို့မိသားစုဟာ ဆင်းရဲနွမ်းပါးတဲ့ဘဝကို ရောက်ခဲ့တော့တာပဲ"



ဟု ပြောလေရာ သုညသည် သူ့အလွန်အားကျ၍ အထူးမှု ပြီး ကြိုးစားခဲ့ရသော မိသားစုကြီး၏ သံဝေဂရဖွယ်အဖြစ်ကို ကြားသိရသောအခါ မယုံနိုင်အောင် ဖြစ်သွားမိ၏။

သုညသည် ချောမောလှပသော ကျင်ကျင်၏ မျက်နှာကို ကြည့်၍

"ကျွန်မ်တော့ ကျင်ကျင်ကိုယ်တိုင်ပြောလို့သာ ယုံမိတာ၊ သူတစ်ပါးပြောရင် ယုံနိုင်မယ် မထင်ဘူး၊ ကျုပ် ဆင်းရဲနွမ်းပါးပြီးမြို့မှာ ခိုင်းမတ်ဘဝနဲ့နေတုန်းက ကျင်ကျင်တို့မိသားစုကြီးရဲ့ နှစ်သက်ကူးအချိန်အခါမှာ ကြီးကျယ်ခမ်းနားပုံတွေကိုကြည့်ပြီး အလွန်အားကျမိတယ်၊ ဒါကြောင့် ကျုပ်ရဲ့ဆရာကြီး ဦးချိန်တိရဲ့ လမ်းညွှန်မှုတွေနဲ့ ချမ်းသာကြွယ်ဝအောင် ကြိုးစားခဲ့တာပဲ၊ ဒါနဲ့ နေပါဦး၊ ဆရာကြီး ဦးချိန်တိ ဘယ်မှာရှိသလဲ"

ဟုမေးမြန်းလေ၏။

ထိုအခါ ကျင်ကျင်က သက်ပြင်းချ၍

"တကယ်တော့ ဆရာကြီးဦးချိန်တိဟာ ကျွန်မတို့ဆီမှာ ရှိနေမယ်ဆိုရင် ဒီလိုအဖြစ်ဆိုးတွေ ဖြစ်မယ်လို့တော့င် မထင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဟာ အဖေမဆုံးမီကတည်းက သူ့ရဲ့ညီတစ်ယောက်က တရုတ်ပြည်ကနေခေါ်တာနဲ့ ခဏဆိုပြီး ပြန်သွားခဲ့တာ ဒီနေ့အထိပါပဲ၊ ဆရာကြီးမရှိတဲ့အတွက် ကျွန်မတို့မှာ ခိုကိုးရာမဲ့ ဖြစ်ခဲ့ရတယ်၊ ကျွန်မတို့အိမ်မီးလောင်ပြီး ဘာမှမကြာပါဘူး၊ အမေလည်း စိတ်ထောင်း ကိုယ်ကြေပြီး အဖေ့နောက်ကို လိုက်သွားရရှာတယ်၊ အခုတော့ ကျွန်မဟာ မောင်နှမထဲမှာ အကြီးဆုံးဖြစ်တဲ့အတွက် အားလုံးရဲ့တာဝန် ကျွန်မအပေါ် ကျနေပါပြီ၊ ကျွန်မတို့အိမ်ရဲ့စီးပွားရေးဟာ တဖြည်းဖြည်း ယိုင်ဆင်းလာတဲ့အတွက် စီးပွားဥစ္စာရှာဖွေဖို့ ကြံစည်ရတယ်၊ အရင်းအနှီးလည်း လက်ထဲမှာ များများစားစား မကျန်ပါဘူး၊ ကိုယ်မှာ ဝတ်ဆင်ထားတဲ့ လက်ဝတ်ရတနာလေးတွေကိုပဲ နောက်ဆုံးအနေနဲ့ ထုခွဲရမှာပါ၊ ဒီလိုနဲ့ ဘာအလုပ်လုပ်သင့်သလဲဆိုပြီး မိတ်ဆွေတွေကို အကြံတောင်းတော့ အနီးအနားမြို့တွေမှာ အလွန်အောင်မြင်နေတဲ့ ရွှေညဏ်ရှင် ဆေးလိပ်ကို ကိုယ်စားလှယ်ယူလို့ရရင် အဆင်ပြေမယ်လို့ ဆိုကြတယ်၊ ဒါပေမဲ့ ကျွန်မ တကာယ်တမ်း စုံစမ်းကြည့်တော့ ရွှေညဏ်ရှင်ဆေးလိပ်ဟာ ကိုယ်စားလှယ်ယူရောင်းဖို့ အတော်မလွယ်ကူတာ သိရတယ်၊ ဒါပေမဲ့





ဘာပဲဖြစ်ဖြစ် ကျွန်မတို့ စီးပွားရေးဟာ အလွန်ဆိုးဝါးတဲ့အခြေအနေကို ရောက်နေတဲ့အတွက် ရန်ကုန်မြို့တက်ပြီး ရွှေညဏ်ရှင်သူဌေးနဲ့ တိုက်ရိုက်တွေ့ဖို့ ဆုံးဖြတ်လိုက်တယ်၊ သူဌေးနဲ့တိုက်ရိုက်တွေ့ပြီး ကျွန်မတို့မိသားစုရဲ့အခြေအနေကို နားလည်အောင် ပြောပြမယ်၊ ပြီးတော့ ရွှေညဏ်ရှင်ဆေးလိပ်ကိုလည်း ကိုယ်စားလှယ်ရအောင် တောင်းယူမယ်လို့ ကြံစည်ခဲ့တယ်၊ အခုတော့ သူဌေးဟာ မထင်မှတ်ဘဲ ကိုသုညဖြစ်နေတာကိုး၊ ကိုသုညရေ ကျွန်မတို့ မိသားစုက အရင်တုန်းကနဲ့ မိုးနဲ့မြေလို ကွာခြားခဲ့ပါပြီ၊ ဒါကြောင့် ကျေးဇူးပြုပြီးတော့ ဆေးလိပ်ကိုယ်စားလှယ် ရအောင် လုပ်ပေးပါ "

ဟုတောင်းပန်လေ၏။

ထိုအခါ သုညသည် ကျင်ကျင်၏ လှပသောမျက်နှာကို ကြည့်၍ များစွာ သနားဂရုဏာသက်သွားလေ၏။ ထို့ကြောင့် ထိုင်ရာမှထ၍

" ကျင်ကျင် ကျုပ်ကို အခုလိုကောင် တောင်းပန်နေစရာ မလိုပါဘူး၊ ကျုပ်ဘဝ အခုလို ကြီးပွားချမ်းသာလာတာ ကျင်ကျင်တို့ မိသားစုရဲ့ ကျေးဇူးမကင်းပါဘူး၊ ဘာကြောင့်လဲဆိုတော့ နှစ်သစ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်အချိန်မှာ ကျောင်းကျောင်တို့ မိသားစုကြီးရဲ့ ကြီးမားချမ်းသာမှုကို ကျူပ်အားကျပြီးတော့ အခုလိုချမ်းသာတဲ့ဘဝရောက်အောင် ကြိုးစားဖြစ်ခဲ့တာပဲ၊ ဒါကြောင့် ကျောင်းကျောင်တို့က ကျုပ်အပေါ်မှာ သွယ်ဝိုက်ပြီး ကျေးဇူးရှိပါတယ်၊ နောက်ပြီးတော့ ကျောင်းကျောင်တို့မိသားစုကို ပြန်ကြည့်ပေးဖို့ ကျုပ်ဆရာကြီး ဦးချိန်တီရဲ့ မျက်နှာလည်းရှိပါတယ်၊ ကျောင်းကျောင်တို့ကို အေးလိပ်တိုယ်စားလှယ်ဖြစ်အောင် လုပ်ပေးပါ့မယ်''

ဟု ပြောရှာလေရာ ကျောင်းကျောင်သည် အလွန်ဝမ်းသာသွားပြီး

''ဝမ်းသာလိုက်တာ ကိုသူညရယ်၊ ကျွန်မသိပ်ဝမ်းသာတာပဲ၊ ကျွန်မတို့ မိသားစုမှာ အလုပ်မရှိတဲ့အတွက် ကြာရင်စားဝတ်နေရေးတောင် ခက်ခဲတော့မဲ့ရှင်''

ဟု ပြောလေ၏။

သူညသည် ကျောင်းကျောင်အား ကန်တော်ကြီးစောင်းရှိ ခမ်းနားကြီးကျယ်သော အိမ်ကြီးသို့ခေါ်ဆောင်သွားကာ ထိုအိမ်ကြီး၌ တည်းခိုစေ၏။

ကျောင်းကျောင်သည် အလွန်ချောမော လှပပြီး ချစ်စဖွယ်တင့်တယ်သော ကိုယ်ဟန်ရှိလေ၏။





သူညသည် ထိုနေ့ညက ကျောင်းကျောင်နှင့်အတူ ညစာစားရင်း ထူးခြားသော ခံစားမှုတစ်မျိုးကို ခံစားရလေ၏။

သူသည် ထိုသို့ခန့်ချောသော အမျိုးသမီးတစ်ဦးနှင့် ထမင်းစားရင်း မည်သည့်အခါမျှ ဤကဲ့သို့ စိတ်လှုပ်ရှားမှု မဖြစ်ဖူးချေ။

သူညသည် ထိုညက ကျောင်းကျောင်၏ခွဲဆောင်အား ကောင်းသော မျက်နှာကို ငေးမောနေမိသဖြင့် ညစာကိုပင်ကောင်းစွာ မစားနိုင်ဘဲ ရှိလေ၏။

ကျောင်းကျောင်သည် ထိုနေ့ညက သူည၏အရောင်တဖျတ်ဖျတ် တောက်ပနေသော မျက်ဝန်းများကြောင့် စိတ်လှုပ်ရှားသယောင် ရှိလေ၏။

သူညသည် နောက်တစ်နေ့တွင် အလွန်ထူးခြားသော အပြုအမူကို ပြုလုပ်သဖြင့် သူ၏လက်အောက်ငယ်သားများသည် အလွန်အံ့သြသွားလေ၏။

သူညသည် ယနေ့ရုံးသို့မလာဘဲ ညနေစောင်းမှ ရောက်လာမည် ဖြစ်ကြောင်း ပြောလိုက်၏။

သူညသည် ကျောင်းကျောင်အား ရန်ကုန်မြို့တွင် ရှိသော ရေညီမြတ်

www.burmeseclassic.com



စရာများကို လှည့်လည်ပြသမည်ဟု ဆုံးဖြတ်ထား၏။

ထိုကြောင့် သူ၏ဖိုဒ်ကားလေးကို ဒရိုင်ဘာအား မောင်းနှင်စေ၏။ ရန်ကုန် မြို့ရှိ ရွှေတိဂုံဘုရားမှအစ လည်ပတ်စရာမျိုးစုံကို လိုက်လံပြသလေ၏။

၄င်းတို့သည် ပထမဦးစွာ ရွှေတိဂုံဘုရားသို့သွားရောက် ဖူးမြော်ပြီး ဘုရားမှဆင်းကာ ကန်တော်ကြီးကို ပတ်လေ၏။ ထို့နောက် ကန်တော်ကြီးထဲတွင် လှည့်လည်ကြည့်ရှုလေ၏။

ကျင်ကျင်သည် ရန်ကုန်မြို့ကြီး၏ ခမ်းနားကြီးကျယ်ပုံကို တအံ့တသြလိုက်လံကြည့်ရှုလေ၏။

သုညသည် ကျင်ကျင်အား ဗိုလ်ယာနာကဖီးတိုက်သို့ ခေါ်ဆောင်သွားပြီး ကော်ဖီနှင့်မုန့်စသည်တို့ကို ကျွေးလေ၏။

ထို့အပြင် လျှော်တန်းလမ်းရှိ လျှော်တန်းဓာတ်ရုံ (ယနေ ကုန်သည်ကြီးများဟိုတယ်) နေရာသို့သွားကာ အဝတ်ထည်များ ဝယ်ယူ၍ လက်ဆောင်ပေးလေ၏။

ကျင်ကျင်က ဓာတ်ရထားစီးချင်သည်ဟု ပူဆာသောအခါ ဓာတ်ရထားကို ကျင်ကျင်နှင့်အတူ လိုက်လံစီးလေ၏။





ဤသို့ဖြင့် ကျင်ကျင်နှင့် လည်ပတ်သွားလာပြီး ကျင်ကျင် မြို့သို့ ပြန်သွားသောအခါ သူ၏ရင်ထဲတွင် ဟာတာတာကြီး ကျန်ရစ်ခဲ့လေ၏။

သူသည် ကျင်ကျင်ကို စွဲလမ်းတမ်းတသောစိတ်များ ဖြစ်ပေါ် နေချေပြီ။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]

သူညသည် ကျင်ကျင်နှင့်ရန်ကုန်မြို့ထဲတွင် လည်ပတ်သွားလာနေခြင်းကို လူကုံထံအသိုင်းအဝိုင်း၌ ပျံ့နှံ့သွားလေ၏။

ထိုသတင်းသည် သူညနှင့် ကန်ထရိုက်လုပ်ငန်းကို အပြိုင်အဆိုင် လုပ်ကိုင်နေသော ဒေါ်ဉမ္မာထံသို့ ပျံ့နှံ့သွားလေ၏။ ဒေါ်ဉမ္မာသည် သူမ၏အရေးကြီးသော ကန်ထရိုက်လုပ်ငန်းများကို သူညက လုယူသွားသဖြင့် မကျေမချမ်း ဖြစ်နေသူဖြစ်၏။

သူမသည် သူညနှင့်အပြင်ပန်းက တည့်အောင်ပေါင်းသော်လည်း စိတ်ထဲမှာနေ၍ ရန်ငြိုးရန်စကြီးစွာ ထားလေ၏။

သူမသည် သူညအား လူအများကြားတွင် အရှက်တကွဲအကျိုးနည်းဖြစ်စေရန် ရည်ရွယ်ချက်ကြီးစွာထားပြီး ချောမောလှပသော မိန်းကလေးတစ်ယောက်ကို လျှို့ဝှက်ပြီး မွေးမြူထား၏။





သူမသည် သန်လျင်ဘက်မှဖြစ်ပြီး ဆင်းရဲနွမ်းပါးသော မိသားစုမှ ကြီးပြင်းလာသူဖြစ်၏။

သို့သော် သူမသည် ဆင်းရဲနွမ်းပါးမှုနှင့် မလိုက်ဖက်အောင်ပင် ရုပ်ရည်အဆင့်အတန်း မြင့်မားပြီး ဝတ်ကောင်းစားလှများ ဝတ်ဆင်ပေးလျှင် လူချမ်းသာ မိသားစု၏သားသမီးတစ်ဦးဟု ထင်မြင်ရလေ၏။

ဒေါ်ဉမ္မာသည် ထိုမိန်းကလေးကို စန္ဒာဟု အမည်ပေးထားပြီး သူမအားသူညနှင့် တွေ့ဆုံပေးရန် ရည်ရွယ်၍ လူကုံထံများ၏ အကျင့်အကြံများကို သင်ကြားပေးနေ၏။

ယခုသူညက မိန်းမလှလေးတစ်ယောက်နှင့် လက်ထပ်တော့မည်ဟု သတင်းလွှင့်သောအခါ အလွန် ထိတ်လန့်သွားလေ၏။

သူညသည် တောနယ်ဘက်မှ ရောက်လာသော မိန်းမလှလေးတစ်ဦးနှင့် ရန်ကုန်မြို့အနှံ့ လှည့်လည်သွားလာနေသည် ဟူသောသတင်းကို လူကုံထံအသိုင်းဝိုင်းမှ ကြားသိရလေ၏။

ဒေါ်ဉမ္မာသည် သူမ လျှို့ဝှက်စွာ မွေးမြူထားသော စန္ဒာဆိုသော မိန်းကလေးအား သူညနှင့် ရင်းနှီးကျွမ်းဝင်အောင် လုပ်နိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သုညာ၏ဂုဏ်သိက္ခာ ပျက်စီးအောင် ပြုလုပ်လိုသော ရည်ရွယ်ချက်ရှိ၏။

ထို့ကြောင့် သူမ၏အကြံအစည်များကို အမြန်ဆုံးအကောင်အထည် ဖော်ရမည်ဟု ဆုံးဖြတ်လိုက်၏။ သုညာသည် ကျင်ကျင်အား ရွှေဉာဏ်ရှင် ဆေးလိပ်ကိုယ်စားလှယ်အဖြစ် လိုအပ်သောကုန်စည်များကိုပေးပြီး မြို့သို့ပြန်လွှတ်လိုက်၏။

ကျင်ကျင်သည် မြို့သို့ရောက်သောအခါ ရွှေဉာဏ်ရှင်ဆေးလိပ်ကိုယ်စားလှယ်အဖြစ် သူ၏အိမ်၌ ဆိုင်းဘုတ်တင်လိုက်လေ၏။

ထိုအခါ အနီးအနားမြို့များမှ ရွှေဉာဏ်ရှင်ဆေးလိပ်လိုချင်သူများသည် ကျင်ကျင်ထံသို့ လာရောက်ဝယ်ယူကြလေ၏။

ကျင်ကျင်သည် မြို့သို့ပြန်ရောက်ပြီး တစ်လခွဲခန့် အကြာတွင် ရန်ကုန်မြို့သို့ လာရောက်ခဲ့ရပြန်၏။ ရန်ကုန်သို့ ရောက်သောအခါ ရွှေဉာဏ်ရှင်ဆေးလိပ်ဆိုင်၏ အတွေ့အကြုံများကို ကျင်ကျင်က သုညာအား ပြောပြလေ၏။

ထိုအခါ သုညာက ကိုယ်စားလှယ်လုပ်ငန်းအကြောင်း ကျင်ကျင်အား သေချာစွာသင်ပြလေ၏။ ထို့နောက်တွင်မူ ထုံးစံအတိုင်း





သုညာသည် ကျင်ကျင်ကိုခေါ်၍ ရန်ကုန်မြို့အနှံ့ လျှောက်လည်ကြလေ၏။

၄င်းတို့သည် ရန်ကုန်မြို့တွင်လည်ပတ်၍ ရိုးအီသွားသောအခါ ရန်ကုန်တစ်ဖက်ကမ်း ဒလဘက်သို့ကူးသန်း၍ သဘာဝရှုခင်းများကို ကြည့်ရှုကြပြန်၏။

ကျင်ကျင်သည် ရန်ကုန်မြို့သို့ လာရောက်သောအခါတိုင်း သူမ၏ဘဝအမောများ ပြေပျောက်ပြီး လွတ်လပ်ပျော်ရွှင်နေသယောင် ခံစားရ၏။

သုညာသည် ကျင်ကျင်ရန်ကုန်မြို့သို့ လာသည့်အခါတိုင်း သူ၏အလုပ်များကိုပစ်၍ အတူတူသွားလာ လည်ပတ်ကြ၏။ ထိုသို့ လည်ပတ်ရင်း သုညာက ကျင်ကျင်အပေါ် မေတ္တာရှိနေပြီဖြစ်ကြောင်း ဖွင့်ဟပြောဆိုလေ၏။

ကျင်ကျင်သည် သုညာထံမှ ထိုကဲ့သို့ ပြောစကားကို မျှော်လင့်ထားပြီးဖြစ်၏။ ထို့ကြောင့် အံ့ဩဟန်မပြဘဲ သူမအား ခေါင်းအေးအေးထား၍ တစ်လခန့်စဉ်းစားခွင့်ပြုပါရန် တောင်းပန်၏။

သုညာသည် တစ်လပြည့်မည့်နေ့ကို စောင့်စားရင်း ရက်များ



www.burmeseclassic.com

www.burmeseclassic.com



အမြန်ကုန်လွန်ချင်မိ၏။

တစ်လပြည့်သောအခါ ကျင်ကျင်သည် ရန်ကုန်သို့ဆင်းလာပြီး သုညနှင့်အတူ ရွှေတိဂုံဘုရားပေါ်သို့ တက်သွားလေ၏။

ဘုရားဝတ်ပြုပြီးသောအခါ ကျင်ကျင်ကသုည၏ မေတ္တာကို လက်ခံမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

သုညသည် ဝမ်းသာခြင်း အထိမ်းအမှတ်အနေဖြင့် ကျင်ကျင်ကိုခေါ်ကာ မိဘမဲ့ကလေးကျောင်းများသို့ သွား၍ အလှူအတန်း ပြုလုပ်လေ၏။

ကျင်ကျင်သည် သုည၏စိတ်ဓာတ်ကို ပိုမို၍လေးစားလာမိ၏။ သုညသည် သူဌေးတစ်ဦးဘဝသို့ ရောက်ရှိသော်လည်း ဆင်းရဲသားနင်းပြားများ၏ ဘဝကို နားလည်စာနာတတ်သူ ဖြစ်၏။

တစ်နည်းအားဖြင့် ဆိုလျှင် သုညသည် ဘဝမေ့တတ်သူတစ်ဦး မဟုတ်ချေ။



သုညနှင့်ကျင်ကျင်သည် ချစ်သူဖြစ်သွားသည် ဆိုသောသတင်းကို သုည၏ ရန်သူတော်ကို ဒေါ်ဥမ္မာသိရှိသွားသောအခါ ကောက်ကျစ်စွာ ပြုံးလိုက်ပြီး

"သုည သုည တောမှာပဲဆေးလိပ်ခုံလေး ဖွင့်ပြီးအေးအေးဆေးဆေးနေပါလား၊ ရန်ကုန်ကိုလာပြီး ငါ့ရဲ့ကန်ထရိုက်လုပ်ငန်းတွေကို ထိခိုက်အောင်လုပ်တဲ့အတွက် မင်းတစ်သက်လုံး နောင်တရလို့ဆုံးမှာမဟုတ်တော့ဘူး၊ မင်းကို ငါ့လုပ်ငန်းတွေ ဆုံးရှုံးတဲ့အတွက် ဒီတစ်ကြိမ်တော့ လှလှကြီး ကလဲ့စားချေရပြီပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြုံးဝါးကာ အနီးတွင်ရှိနေသော သူမမွေးစားကားသည့် စန္ဒာဆိုသော မိန်းကလေးအား လှည့်၍ သူညသို့ ချစ်သူရှိသွားပြီဟု ပြောလေရာ စန္ဒာဆိုသော မိန်းကလေးက အလှမာန်ဝင့်နေဟန်ဖြင့်

"အဲဒီမိန်းမက ကျွန်မနဲ့အလှချင်း ယှဉ်နိုင်လို့လား"

ဟု မေးမြန်းလေရာ ဒေါ်ဥမ္မာက နှုတ်ခမ်းကိုမဲ့၍

"ရန်သူကို အထင်မသေးရဘူးစန္ဒာ၊ ဒီတရုတ်မဟာ မသိရင် တရုတ်မင်းသမီးတစ်ယောက်လား အောက်မေ့ရတယ်၊ ရုပ်ရည်ရော ကိုယ်လုံးကိုယ်ပေါက်ပါ ပြောစရာမရှိဘူး၊ ဒါကြောင့် ငါတို့ဘက်က ဒီအတိုင်းနေနေလို့ မရတော့ဘူး၊ သူညကို ဒုက္ခပေးဖို့အတွက် တစ်ခုခုလုပ်မှ ဖြစ်တော့မယ်"

ဟု ပြောလေ၏။

ထိုအခါ စန္ဒာဆိုသော မိန်းကလေးက ဒေါ်ဥမ္မာကို ကြည့်၍

"အမေ ဘယ်လိုလုပ်ချင်လို့လဲ၊ သမီးဘက်ကတော့ အမေ့အတွက် ဘာမဆို လုပ်ပေးဖို့အသင့်ပဲ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဒေါ်ဥမ္မာက မျက်လုံးများမေးစင်း၍ အဝေးသို့





ကြည့်လိုက်ပြီး

"သူညလုသွားတဲ့ မြေနေရာဟာ ငါ့ဘဝမှာ အကြီးမားဆုံးပဲ၊ ဒီနေရာကိုရဖို့အတွက် ငါအနှစ်နှစ်အလလ မျှော်လင့်စောင့်စားခဲ့ရတယ်၊ ငါ့ရဲ့လက်ကိုရောက်ဖို့ လက်တစ်ကမ်းအလိုမှာ သူညက ရယူသွားခဲ့တယ်၊ သူ့ကိုငါဘယ်တော့မှ မကျေနပ်နိုင်ဘူး၊ သူဟာ ငါ့ဘဝရဲ့ မျှော်လင့်ချက်အိပ်မက်တွေကို ဖျက်ဆီးတဲ့လူပဲ၊ ဒါကြောင့် သူ့ဘဝရဲ့ မျှော်လင့်ချက်အိပ်မက်ကိုလည်း ငါပြန်ပြီးဖျက်ဆီးရမယ်"

ဟု ပြောလေရာ စန္ဒာဆိုသော မိန်းကလေးက

"အမေဖြစ်ချင်တာတွေအားလုံး ကျွန်မတာဝန်ထား၊ ကျွန်မဘာ လုပ်ပေးရမလဲ"

ဟု မေးမြန်းလေ၏။

ထိုအခါ ဒေါ်ဥမ္မာက မျက်မှောင်ကြုတ်၍

"ငါတို့ ဒီအချိန်ကစပြီး၊ သူတို့သတင်းတွေကို အမြဲစောင့်ကြည့်ရမယ်၊ သူညဟာ သူချစ်တဲ့သူနဲ့ ဘယ်တော့မှမရစေရဘူး၊ ဒါဟာ သူ့ဘဝရဲ့ မျှော်လင့်ချက်အိပ်မက်ပဲ၊ ဒီအိပ်မက်ကို ငါ ဖြိုဖျက်ပစ်ရမယ်"



www.burmeseclassic.com

ဟု ပြောလေ၏။

ဤသို့ဖြင့် ကျင်ကျင်သည် သုညရှိရာ ရန်ကုန်မြို့သို့ မကြာခဏအလာရောက်ပြီး ချစ်သူတို့ဘာသာဘာဝ သွားလာပျော်မြူးကြလေ၏။

ကြာသောအခါ ထိုသတင်းသည် သူမတို့မြို့ကလေးသို့တိုင် ရောက်ရှိသွားလေ၏။

မြို့ပေါ်ရှိ သူမကို မနာလိုသော မိန်းကလေးများက ကျင်ကျင်သည် မြို့၏ကျက်သရေဆောင် မိန်းကလေးတစ်ဦးဖြစ်လျက် ရန်ကုန်မြို့ပေါ်ရှိ သူဌေးတစ်ဦး၏ မယားငယ် လုပ်နေသည်ဟူသော သတင်းများကို လွှင့်ကြလေ၏။

ထိုသတင်းကိုဦးဆောင်ပြီး လွှင့်သူမှာတစ်ခါက ကျင်ကျင်တို့အိမ်တွင် နိုင်းစေရန်ခေါ်ထားသော မိန်းမတစ်ယောက်ဖြစ်၏။

သူမသည် အကျင့်စာရိတ္တမကောင်းဘဲ အိမ်ရှိပစ္စည်းများကို ခိုးယူတတ်သဖြင့် အိမ်မှ မောင်းနှင်ထုတ်လိုက်ခြင်း ဖြစ်၏။

ယခုသူမသည် ကျင်ကျင်အား ရန်ငြိုးကြီးစွာထား၍ မကောင်းသတင်းများကို လိုက်လံဖြန့်ချီလေ၏။





ထိုအခါ မြို့ပေါ်တွင် ကျန်ရစ်ခဲ့သော ကျင်ကျင်၏မောင်နှစ်ယောက်သည် အစ်မဖြစ်သူကို ယုံကြည်သော်လည်း ကျင်ကျင်အား ရန်ကုန်မြို့သို့ မကြာခဏမသွားရန် ပြောလေ၏။

ကျင်ကျင်သည် မောင်ဖြစ်သူ၏တားမြစ်ခြင်းကို ရိုပ်စားမိ၏။ ထို့ကြောင့် ယခုတစ်ခေါက် ရန်ကုန်သို့ရောက်သောအခါ ယခင်အချိန်များကဲ့သို့ လျှောက်လည်ခြင်းမရှိတော့ဘဲ သူမ၏အခြေအနေကို သုညအားပြောပြလေ၏။

သုညသည် အခြေအနေအရပ်ရပ်ကို သဘောပေါက်နားလည်ပြီး

" ကျုပ်နားလည်ပြီ ကျင်ကျင်၊ ကျုပ်တို့နှစ်ယောက် ဒီအတိုင်း လွတ်လွတ်လပ်လပ် နေဖို့မသင့်တော့ဘူး၊ ကျုပ်တို့အမြန်ဆုံး လက်ထပ်သင့်ပြီ "

ဟု ပြောလေရာ ကျင်ကျင်က

" ကျွန်မလည်း လက်ထပ်သင့်ပြီလို့ ထင်ပါတယ်၊ ကျွန်မ ဒီတစ်ခေါက် မြို့ကိုပြန်ရင် ကျွန်မတို့အမျိုးထဲက လူကြီးတွေကို အသိပေးပြီး ရှင်နဲ့လက်ထပ်ဖို့ကိစ္စ စီစဉ်ပါ့မယ်၊ ရှင်လည်း ကျွန်မနဲ့

www.burmeseclassic.com



အတူ မြို့ကို တစ်ကြိမ်လိုက်ခဲ့ပေးပါဦး"

ဟု ပြောလေ၏။

သုညသည် ကျင်ကျင်၏ဆန္ဒအရ သူ၏ဖိမ်ခံကားကြီးဖြင့် မြို့သို့ လိုက်ခဲ့လေ၏။

ထိုအခါ ကျင်ကျင်တို့နေထိုင်သော ခြံကြီးသည် ခမ်းနား ကြီးကျယ်သော အိမ်ကြီးကို မတွေ့ရတော့ဘဲ လွန်စွာစုတ်ချာသော အိမ်ငယ်ကလေးတစ်လုံးကိုသာ တွေ့ရလေ၏။

ယခင်က ကြီးကျယ်ခမ်းနားသော ကျင်ကျင်တို့အိမ်ကို မီး လောင်ကျွမ်းသွားချေပြီ။

ကျင်ကျင်တို့ဆွေမျိုး အသိုင်းအဝိုင်းများက သုညအား ဆင်းရဲ နွမ်းပါးသောဘဝမှ သူဌေးသူကြွယ်ဘဝသို့ ရောက်အောင် ကြိုး ပမ်းခဲ့ခြင်းအား ဝိုင်းဝန်းချီးမွမ်းကြလေ၏။

ထို့နောက်တွင်မူ သုညသည် ကျင်ကျင်၏ ဆွေမျိုးများအား ကျင်ကျင်အား လက်ထပ်မည့်အကြောင်း အသိပေး၍ လက်ထပ် မင်္ဂလာကျင်းပမည့်နေ့ကို ရွေးချယ်ပေးပါရန် ပြောလေ၏။

ထိုအခါ ကျင်ကျင်၏ဆွေမျိုးထဲမှ လူကြီးသူမများသည် ၎င်းတို့





န၊ ဘုံကျောင်းသို့သွား၍ ရှေးရိုးအစဉ်အလာ နည်းလမ်းများအတိုင်း လက်ထပ်ရန် သင့်မသင့်ကို စာချုကြည့်ကြ၏။

စာချုပြီးနောက် လက်ထပ်ဖို့ အလွန်သင့်တော်သော စုံတွဲတစ်တွဲ ဖြစ်ကြောင်းအသိအမှတ် ပြုကြလေ၏။

ထို့နောက်တွင်မူ သုညနှင့်လက်ထပ်မည့် ရက်ကိုပါ ရွေးချယ် ပေးလိုက်လေ၏။ သုညသည် ကျင်ကျင်တို့ဘက်မှ လိုအပ်သည့် အတိုင်း လိုက်လံလုပ်ဆောင်ပေးလေ၏။

ကျင်ကျင်သည် မိဘနှစ်ပါးမရှိတော့သောကြောင့် ကျင်ကျင်၏ ဆွေမျိုးများထဲမှ ဦးလေးနှင့်အဒေါ်က အုပ်ထိန်းသူအဖြစ် လုပ်ကိုင် ပေးလေ၏။

ထို့နောက်တွင်မူ သုညသည် ရန်ကုန်မြို့သို့ပြန်၍ လက်ထပ် မင်္ဂလာပွဲအတွက် လိုအပ်သည်များကို စီစဉ်လေ၏။ ထို့နောက် မင်္ဂလာပွဲအတွက် လိုအပ်မည့်ပစ္စည်းများကို ကားဖြင့်တင်ဆောင်၍ တပည့်များ လိုက်ပါသွားလေ၏။

သုညသည် ရန်ကုန်မြို့၌ မင်္ဂလာပွဲအတွက် လိုအပ်ချက်များကို အားလုံးဖြည့်ဆည်းပြီးသောအခါ မင်္ဂလာဖိတ်စာများ ရိုက်တင်၍

www.burmeseclassic.com

www.burmeseclassic.com



ရိုက်နှိပ်လေ၏။

မင်္ဂလာဖိတ်စာများ ရရှိသောအခါ လူကြုံနှင့် သူမ၏မြို့သို့ ပို့ဆောင်ပေးလေ၏။

ပန်းအိစံ ကွန်ပျူတာ

ဆိုင်အမှတ်(၇) တျောက်မြောင်းဈေးမျက်နှာစာတန်း၊ ကျိုက္ကဆံလမ်း၊ တာမွေ။





မင်္ဂလာဖိတ်စာများ စတင်ရိုက်နှိပ်နေပြီ ဆိုသော သတင်းသည် လူယုံတစ်ဦးမှ တစ်ဆင့်ဒေါ်ဥမ္မာထံသို့ ရောက်ရှိသွားလေ၏။

ဒေါ်ဥမ္မာသည် မင်္ဂလာဖိတ်စာကို ဖတ်၍လက်သီးဆုပ်လိုက်ပြီး

"ငါ့ရဲ့စိတ်ကူးယဉ်အိပ်မက်ကို ဖျက်ဆီးတဲ့လူ၊ နင်ရဲ့စိတ်ကူးယဉ် အိပ်မက်ကိုလည်း ငါဖျက်ဆီးရမယ်"

ဟု ကြုံးဝါးလိုက်လေ၏။

ဒေါ်ဥမ္မာသည် ထိုနေ့ညမှစ၍ သူမ၏ယုတ်မာသော အကြံအစည်များကိုစတင်၍ အကောင်အထည်ဖော်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဥမ္မာသည် ထိုနေ့ည နေစောင်းသောအခါ သုညထံသို့လာရောက်ပြီး နောက်တစ်နေ့တွင် သူမ၏မွေးနေ့ဖြစ်ကြောင်း ပြောဆိုလေ၏။

ထို့ကြောင့် သုညအား မပျက်မကွက်ကြွရောက်ပါရန် ဖိတ်ကြားလေ၏။

သုညသည် ဒေါ်ဥမ္မာက မိမိနှင့်ရင်းနှီးသော မိတ်ဆွေဖြစ်သဖြင့် သူမ၏မွေးနေ့ပွဲသို့ လက်ဆောင်ကောင်းကောင်း ဝယ်ယူ၍ မပျက်မကွက် သွားရောက်ရန် ကြံစည်၏။

သုညသည် ဒေါ်ဥမ္မာ၏ မွေးနေ့ပွဲအတွက် ပုလဲလည်ဆွဲတစ်ခုကို လက်ဆောင်အဖြစ် ပေးအပ်လေ၏။ ထိုသို့ လက်ဆောင်ပေးရင်း သူ၏ မင်္ဂလာဖိတ်စာကိုလည်း ပေးအပ်လေ၏။ ဒေါ်ဥမ္မာသည် ဟန်ဆောင်ကောင်းသူဖြစ်ပြီး သုည၏မင်္ဂလာဖိတ်စာကို ဝမ်းသာအားရယူ၍ တဟဲဟဲ ရယ်မောကာ

"ကိုသုညတစ်ယောက် ဒီတစ်ကြိမ်တော့ တကယ်ပဲ ဖွဲ့ပြီပေါ့၊ ကိုသုညရဲ့ မင်္ဂလာပွဲအတွက် အစ်မတို့က လက်ဖွဲ့ကောင်းကောင်း ပေးရမယ်"





ဟု ဝမ်းသာအားရ အမူအရာဖြင့် ပြောလေ၏။

ထိုနေ့ညက ဒေါ်ဥမ္မာ၏ မွေးနေ့ပွဲသို့သူမ၏ မွေးစားသမီး စန္ဒာနှင့် သုည တစ်ဦးတည်းသာ လာရောက်ကြောင်း တွေ့ရ၏။ သုညက ဒေါ်ဥမ္မာ၏အိမ်သို့ ရောက်သောအခါ အခြားသော ဧည့်သည်များကို မတွေ့ရသဖြင့် အံ့သြသွားပြီး

"ဟင်… အစ်မ တစ်ခြားမိတ်ဆွေတွေ မဖိတ်ဘူးလား"

ဟု မေးမြန်းလေ၏။

ထိုအခါ ဒေါ်ဥမ္မာက

"အစ်မရဲ့ဒီပြင် မိတ်ဆွေတွေကို မနက်ဖြန်ရောက်မှ အိမ်မှာဖိတ်ကြားထားတယ်၊ ဒီနေ့တော့ ကိုသုညတစ်ယောက်ကိုပဲ ညစာစားပွဲ ဖိတ်လိုက်တယ်၊ ကိုသုညဟာ ကျွန်မရဲ့အရင်းနှီးဆုံး မိတ်ဆွေဆိုတဲ့ သဘောပေါ့"

ဟု ပြောကာ သူမ၏မွေးစားသမီးအား စားသောက်ဖွယ်ရာများ ပြင်ဆင်ခိုင်းလေ၏။

ထိုအခါ ချောမောလှပသော စန္ဒာဆိုသော မိန်းကလေးသည် သုည၏အနီး၌ ပူးကပ်၍ စားသောက်ဖွယ်ရာများ ပြင်ဆင်ပေး



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထို့နောက် ချိုသာသောအသံဖြင့် သုညအားနှစ်လိုဖွယ် စကားများကို ပြောဆိုလေ၏။ သုညသည် မိမိအား ရင်နှီးသောမိတ်ဆွေတစ်ဦးအနေဖြင့် ညှို့ဝတ်ပြုခြင်းဟူ၍ပင် ထင်မြင်မိ၏။

ထိုညက ညစာစားရင်း ဒေါ်ဥမ္မာသည် အနောက်တိုင်းဆန်ဆန် အရက်အနည်းငယ်ကိုလည်း သောက်လေ၏။ ထို့နောက် သုညသောက်ရန်လည်း အရက်တစ်ခွက် ငှဲ့ပေးလေ၏။ သုညက ခေါင်းခါယမ်း၍

"ကျုပ်အရက် မသောက်တတ်ပါဘူးဗျာ၊ မသောက်ပါရစေနဲ့"

ဟု ငြင်းဆန်လေ၏။ သို့သော် ဒေါ်ဥမ္မာက

"ကိုသုည နည်းနည်းတော့သောက်ပါရှင်၊ ကိုသုညကို ကျွန်မရဲ့ အရင်းနှီးဆုံး မိတ်ဆွေအနေနဲ့ ဖိတ်ကြားတာပါ၊ ဒါကြောင့် ဒီနေ့ည ကျွန်မရဲ့မွေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ တစ်ခွက်လောက်တော့ သောက်ပါရှင်"

ဟု ပြောလေ၏။





သုညသည် ဒေါ်ဥမ္မာကို ငြင်းဆန်ရန်ခက်ခဲသဖြင့် အရက်တစ်ခွက်သောက်လိုက်ရလေ၏။

ထိုအခါ အလှဆုံးဖြစ်အောင် ပြင်ဆင်ထားသော စန္ဒာက သုည၏ အနီးတွင် ပူးပူးကပ်ကပ်ထိုင်ကာ သူမ၏သွယ်ပြောင်းသော လက်ကလေးဖြင့် အရက်များတစ်ခွက်ပြီးတစ်ခွက် ငှဲ့ပေးလေ၏။

သုညသည် အရှိန်းတစ်ယောက်ဖြစ်သဖြင့် အရက်များသောက်ရင်း တဖြည်းဖြည်းမူးဝေလာ၏။ နောက်ဆုံးတွင် မဟန်နိုင်တော့ဘဲ စားပွဲခုံပေါ်သို့ ပစ်လဲကျသွားလေ၏။

သုညလဲကျသွားသောအခါ ဒေါ်ဥမ္မာက အနီးတွင်ရှိသော စန္ဒာက်သို့လှည့်၍ ပြုံးလိုက်ပြီး

"သားကောင်ကတော့ ပိုက်ကွန်ထဲကို ရောက်လာပြီ၊ ရွှေဆက် ညည်းရဲ့အစွမ်းပဲ ကျန်တော့တယ်"

ဟု ပြောကာ သုညအား အိမ်ကြီး၏ အနောက်ဘက်တွင်ရှိသော မြီငယ်လေးထဲသို့ ချီမ၍သွင်းရန်အနီးရှိ တပည့်တစ်ဦးကို ခိုင်းလိုက်လေ၏။

သုညသည် အိမ်ကြီး၏အနောက်ရှိ အိမ်ငယ်လေးထဲသို့ ရောင်



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။

ထိုအခါမှပင် စန္ဒာသည် တဟဲဟဲ ရယ်မောလိုက်ပြီး သူည၏ အနီးတွင်ဝင်၍ အိပ်စက်လိုက်လေ၏။ သူညသည် နောက်နေ့ နံနက်သို့ရောက်သောအခါ ခေါင်းများမူးဝေပြီး အိပ်ရာမှ လူးနိုး လာ၏။

သူသည် အိပ်ရာနိုးလာပြီး မိမိမရောက်ဖူးသော နေရာဒေသ တစ်ခုကိုရောက်ရှိသဖြင့် အံ့ဩသွား၏။

ထို့နောက် နံဘေးသို့ကြည့်လိုက်ရာ အိပ်မောကျနေသော စန္ဒာကိုမြင်ရသဖြင့် အလွန်အံ့ဩထိတ်လန့်ပြီး အိပ်ရာပေါ်မှ ကမန်းကတန်း ကုန်းထလိုက်၏။

ထိုအခါ စန္ဒာသည် အိပ်ရာမှ နိုးလာပြီး သူညကို ရှက်ဟန်ဖြင့် ကြည့်လိုက်ပြီး တရှုတ်ရှုတ် ငိုကြွေးလေ၏။

စန္ဒာ၏အမူအရာကိုကြည့်၍ သူညက နားမလည်နိုင်ဟန်ဖြင့် ခေါင်းခါယမ်း၍

"ဘာဖြစ်တာလဲ၊ ကျုပ်ကိုပြောစမ်းပါဦး၊ ညက ကျုပ် ဘယ်လိုဖြစ်ပြီး ဒီအခန်းထဲ ရောက်နေတာလဲ"





ဟု ကမန်းကတန်း မေးမြန်းလေ၏။

ထိုအခါ စန္ဒာက

"ညက အစ်ကိုအရက်တွေမူးပြီး အိမ်ပြန်လို့မရဘူး၊ ဒါကြောင့် အစ်ကိုရဲ့ဒရိုင်ဘာကို အမေကပြန်လွှတ်ပြီးတော့ နောက်က အိမ်ကလေးမှာပဲ အိပ်စက်ခိုင်းလိုက်တယ်၊ ညဉ့်နက်လာတော့ အိမ်ကလေးမှာ အစ်ကိုအိပ်ရတာ အဆင်ပြေရဲ့လားလို့ ကျွန်မကို သွားကြည့်ခိုင်းတယ်၊ ကျွန်မ နောက်တစ်ကြိမ် ဒီအိမ်ကလေးကို ရောက်လာတော့၊ အစ်ကိုက ကျွန်မကို အို… ပြောရမှာ ရှက်လိုက် တာ"

ဟု ပြောကာ သူမ၏စကားကို ရပ်၍ဝမ်းနည်းဟန်ဖြင့် ငိုယိုနေလေ၏။ သူညသည် မစန္ဒာ၏စကားကြောင့် အလွန်ထိတ်လန့် တုန်လှုပ်သွားပြီး

"ဘာ… ညတုန်းက ကျုပ်က မင်းကိုစော်ကားတယ် ဟုတ် လား၊ ပြောစမ်းပါ၊ ကျုပ်ကိုသေသေချာချာ ပြောစမ်းပါ"

ဟု မေးမြန်းလေ၏။

ထိုအခါ စန္ဒာက ရှက်ရွံ့ဟန်ဖြင့် ခေါင်းငုံ့နေလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအစ်ကိုလက်က ရှန်းကန်ဖို့ကြိုးစားပါသေးတယ် ဒါပေမဲ့ အစ်ကိုက ဘာကိုမှမမြင်တော့ဘဲ ကျွန်မကိုအတင်း"

ဟု ပြောကာ သူမ၏စကားကို ရပ်၍ ငိုယိုနေပြန်၏။

သုညသည် မိမိ၏အဖြစ်ကို မယုံနိုင်ဟန်ဖြင့် အံ့သြတုန်လှုပ်နေ မိ၏။

သူသည် စန္ဒာကိုထိတ်လန့်စွာဖြင့်ကြည့်၍

"ကျုပ်က ညက မင်းကိုကျူးလွန်တယ်ဟုတ်လား၊ ဟာ-- မဖြစ်နိုင်ပါဘူးကွာ၊ ကျုပ်မှာ ဒီလိုစိတ်မာတတ်မျိုး မရှိပါဘူး"

ဟု ငြင်းဆန်လေ၏။

ထိုအခါ စန္ဒာက တအင့်အင့်ရှိုက်ငိုနေရာမှ

"ကျွန်မတို့က အစ်ကိုကို လိမ်လည်ပြီး ပြောစရာအကြောင်း မရှိပါ ဘူး၊ ကျွန်မမှာ မိန်းမတစ်ယောက်ရဲ့ ဂုဏ်ရွေသိက္ခာ ပျက်စီးခဲ့ရ တာပါ"

ဟု ပြောဆိုရင်း ငိုယိုနေပြန်၏။

သုညသည် မကြာမီလက်ထပ်ရတော့မည့် ကျင်ကျင်၏ မျက်နှာကို မြင်ယောင်ရင်း ခေါင်းထဲတွင်ပူထူလာလေ၏။





ကျင်ကျင်သည် မိမိနှင့်လက်ထပ်ရန် မြို့ဦးဖိတ်စာများပင် စတင် ဝေနေလောက်ပေပြီ။ သုညသည် ညကမိန်းကလေး တစ်ယောက် ကို ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်ကို မယုံနိုင်ဟန်ဖြစ်မိ၏။

သူသည် ညက အိပ်ပျော်သွားသည်ထင်၏။ ယခု စန္ဒာကို ကျူးလွန်ခြင်းအားမယုံနိုင်အောင် ဖြစ်မိ၏။

ထို့ကြောင့် ခေါင်းခါယမ်း၍

" မဖြစ်နိုင်ဘူး၊ ကျုပ်ဘယ်လိုမှ မိန်းကလေးတစ်ယောက်ကို ကျူးလွန်ဖြစ်မှာမဟုတ်ဘူး "

ဟု အော်ဟစ်ပြောဆိုလိုက်လေ၏။

ထိုအခါ စန္ဒာက

" အစ်ကိုက ညီမရဲ့စကားကို မယုံဘူး၊ ရပါတယ် အစ်ကို ယ်၊ ညီမ ပြဿနာ ညီမ ဖြေရှင်းပါ့မယ်၊ အစ်ကို တာဝန်မယူနိုင် လည်း ညီမ ဘာသာ တာဝန်ယူလိုက်ပါ့မယ် "

ဟု ပြောလေ၏။ ထိုအခါ သုညသည် မယုံနိုင်ဟန်ဖြင့် ကြည့်ရှုပြီး

" နေပါဦး၊ မင်းက ကျုပ်ကို အခြေအနေလာကြည့်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ မင်း ဒီလောက်အချိန်တွေကြာနေတာ မင်းရဲ့အမေ ဒေါ်ဥမ္မာ လိုက်မလာဘူးလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ စန္ဒာက

“ အမေက ကျွန်မကို ကိုသူညကိုသွားကြည့်ပြီးတော့ အိမ်နှင့် ပါလို့ မှာကြားသွားတယ်၊ ဒါကြောင့် အမေ ကျွန်မ ဒုက္ခရောက်တာ မသိလိုက်ပါဘူး ”

ဟုပြောလေ၏။ သူညက အံကိုကြိတ်၍

“ ဒီမှာ ကျုပ်က မိန်းကလေးတစ်ယောက်ကို ကျူးလွန်ပြီးရင် တာဝန်မယူချင်တဲ့ယောက်ျားမျိုးမဟုတ်ဘူးဗျ၊ ဒါပေမဲ့ ကျုပ်ဘဝမှာလည်း အလွန်အရေးကြီးတဲ့ကိစ္စကြီးတစ်ခုရှိတယ်၊ ကျုပ်နဲ့ ကျင်ကျင်ဆိုတဲ့ မိန်းကလေးဟာ လာမဲ့တစ်ပတ်အတွင်းမှာပဲ မင်္ဂလာဆောင်ကြရမှာ၊ ကျုပ်တို့ရဲ့မင်္ဂလာဖိတ်စာတွေကိုတောင် အခုဆိုရင် ဝေပြီးလောက်ပြီ ”

ဟု ပြောလေ၏။

ထိုအခါ စန္ဒာက ဝမ်းနည်းကြေကွဲဟန်ဖြင့်

“ ကျွန်မသိပါတယ် အစ်ကိုရယ်၊ အစ်ကို့ကို ကျွန်မ ငြင်းဆန်နိုင်





ကြိုးစားပါတယ်၊ ဒါပေမဲ့ ယောက်ျားအားနဲ့မိန်းမအားဆိုတော့ ဘယ်လိုမှ မငြင်းဆန်နိုင်ခဲ့ဘူး၊ ကျွန်မကို အပြစ်မတင်ပါနဲ့ အစ်ကိုရယ်၊ ကျွန်မဘာသာ ဖြစ်လာမဲ့ဒုက္ခတွေကို ရင်စည်းပြီးခံပါ့မယ် ”

ဟု အလွန်ဝမ်းနည်းသော အမူအရာဖြင့် ပြောလေ၏။

ထိုအခိုက်မှာပင် အိမ်ခန်းအတွင်းသို့ ဒေါ်ဥမ္မာရောက်ရှိလာပြီး

“ ဒီမှာစန္ဒာ၊ မင်းတို့အကြောင်းတွေကို ငါ အကုန်လုံးကြားပြီးပြီ၊ ညတုန်းက ကိုသူညရဲ့အကျင့်စာရိတ္တကို ယုံကြည်တဲ့အတွက် ဒီအိမ်လေးကို လာကြည့်ခိုင်းတဲ့ အမေ့ရဲ့အမှားပါ၊ ကျွန်မ သမီးလေးဟာ အပျိုစစ်စစ်ပါ၊ အခုတော့ ရှင့်လို မစောင့်စည်းတဲ့ ယောက်ျားတစ်ယောက်ကြောင့် အပျိုစင်ဘဝကနေ အရှက်နဲ့သိက္ခာကျဆင်းခဲ့ရပြီ ”

ဟု ပြောဆိုလိုက်လေ၏။ သူညသည် ဒေါ်ဥမ္မာ၏စကားကြောင့် အံကိုကြိတ်လိုက်ပြီး

“ ဒီမှာ ကျုပ်ဘက်က အခြေအနေကိုလည်း ဒေါ်ဥမ္မာ သိပါတယ်၊ ကျုပ် ကျင်ကျင်ဆိုတဲ့မိန်းကလေးနဲ့ လက်ထပ်ဖို့အတွက် ဖိတ်စာတွေတောင် ဝေပြီးနေပြီ၊ ဒါကို ခင်ဗျားတို့လည်း အသိ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား ”

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ဥမ္မာက ခေါင်းခါယမ်း၍

“ ဒီမှာ ဒီကိစ္စဟာ ရှင်းရှင်းလေးပါ၊ ကျင်ကျင်ဆိုတဲ့ မိန်းကလေးနဲ့ ရှင်နဲ့ဟာ တစ်ယောက်နဲ့တစ်ယောက် လက်တောင် မထပ်ရသေးဘူး၊ ဒီတော့ မိန်းကလေးနှစ်ယောက်အနက်မှာ ဘယ်သူက ပိုပြီးနစ်နာမယ်ဆိုတာ စဉ်းစားကြည့်ပါ ”

ဟု ပြောလေရာ သုညက အလွန်စိတ်ရှုပ်တဲ့ဟန်ဖြင့် ခေါင်းခါယမ်း၍

“ ဘာပဲဖြစ်ဖြစ် ကျင်ကျင်က ကျုပ်သိပ်ချစ်ရတဲ့ချစ်သူဗျ။ ကျင်ကျင်နဲ့ ကျုပ်မခွဲနိုင်ဘူး၊ ကျင်ကျင်နဲ့ကျုပ်လက်ထပ်ဖို့အတွက် ကျုပ်ဘဝမှာ ဘယ်အရာမဆို ရင်ဆိုင်ဖို့အသင့်ပဲ ”

ဟု ပြောလေရာ ဒေါ်ဥမ္မာက တဟဲဟဲ ရယ်မော၍

“ ဪ… အခုတော့ လူရိုးသချိုင်းကုန်းမှာရှိတယ်ဆိုတဲ့ စကားက အလွန်မှန်သွားပြီပေါ့၊ မင်းက ငါ့သမီးကိုစော်ကားပြီး မယူဘူးလို့ ဖြောင်ဖြောင်းလိုက်တာပေါ့ ဟုတ်လား၊ ငါတို့ကလည်း အတွေ့အကြုံတွေ အများကြီး ရှိပါတယ်၊ ဒီလိုဖြစ်မယ်ဆိုတာ





ကြိုတင်ပြီးတော့ ရိပ်စားမိပြီးသားပါ၊ ဒါကြောင့် ငါတို့ဘက်က မနိုင်နိုင်အောင် မင်းတို့အိပ်ရာ မနိုးခင်တုန်းက မင်းနဲ့ငါ့သမီး အိပ်မောကျနေတာကို ဓါတ်ပုံဆရာ တစ်ယောက်ခေါ်ပြီး ဓာတ်ပုံရိုက် ထားခဲ့တယ်၊ ဒီဓာတ်ပုံတွေဟာ မင်းရဲ့မိန်းကလေးတစ်ယောက် အပေါ်ကို ကျူးလွန်ခဲ့တဲ့ ဖြစ်ရပ်တွေ ကိုသက်သေပြမှာပဲ ”

ဟု ပြောလေရာ သုညသည် ဒေါ်ဥမ္မာအား အလွန်မကျေမချမ်း ဖြစ်သွားပြီး တစ်စုံတစ်ရာကို တွေးမိကာ

“ ဪ… ခင်ဗျားက ကျုပ်ကို ရုန်းထွက်လို့မရအောင် လုပ်လိုက်တာကို၊ စနှာနဲ့ကျုပ်ကို မှားယွင်းအောင်လုပ်ပြီး ယုတ်မာ ကောက်ကျစ်တဲ့ အကြံစည်တွေရှိနေပုံရတယ် ”

ဟု ပြောလေရာ ဒေါ်ဥမ္မာက တဟားဟား ရယ်မော၍

“ ဟား… ဟား… ဟား… သိပ်ဟုတ်တာပေါ့ကွာ၊ မင်းက ငါ့ဘဝရဲ့ အကြီးမားဆုံးကန်ထရိုက်လုပ်ငန်းကြီးတစ်ခုကို ပျက်စီးအောင် ဖျက်ဆီးခဲ့တယ်၊ အဲဒီအတွက် မင်းဘဝရဲ့ အကြီးမား ဆုံး မျှော်လင့်ချက်ကိုလည်း ငါ ပြန်ပြီးဖျက်ဆီးရမယ် ”

ဟု ပြောလေရာ သုညက ဒေါသတကြီး အော်ဟစ်၍

www.burmeseclassic.com



" ဒေါ်ဥမ္မာ၊ ခင်ဗျား ယုတ်မာကောက်ကျစ်လှချည်လား၊ ခင်ဗျားက ကျုပ်ကို လက်စားချေချင်တာနဲ့ပဲ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ပျက်အောင်ဖျက်ဆီးလိုက်တာလား၊ ဒီမိန်းကလေးက ခင်ဗျားမွေးစားထားတဲ့ မိန်းကလေးမဟုတ်ဘူးလား "

ဟု မေးမြန်းလေ၏။

ထိုအခါ ဒေါ်ဥမ္မာက

" မင်းက အကြောင်းစုံကိုသိပြီးနေပြီဆိုတော့လည်း မထူးတော့ဘူး၊ အကုန်လုံးပြောပြလိုက်ဦးမယ်၊ စန္ဒာကို ငါမွေးစားခဲ့တယ်ဆိုတာ မင်းကိုပြန်ပြီးတော့ လက်စားချေချင်တဲ့ ရည်ရွယ်ချက်ကြောင့် မွေးစားခဲ့တာပဲ၊ အခုတော့ ငါ့ရည်မှန်းချက်တွေပြည့်ပြီ၊ မင်းသာ စန္ဒာ့ကို ··· ပူဘဲ လုပ်ချင်လုပ်သွားမယ်ဆိုရင် မင်းနဲ့ကျင်ကျင်ရဲ့ မင်္ဂလာပွဲကျရင် စန္ဒာနဲ့ မင်းရဲ့အိပ်ရာပေါ်က ဓါတ်ပုံတွေကို ငါတို့ ပို့ပေးလိုက်မယ်၊ နောက်ပြီးတော့ ရန်ကုန်မြို့ လူကုံထံ အသိုင်းအဝိုင်းမှာလည်း ဒီထက်ပိုပြီး ပျံ့နှံ့သွားစေမယ်၊ ဟဲ ဟဲ··· ဒါဆိုရင်တော့ စီးပွားရေးလောကမှာ မင်းရဲ့နာမည် မြေကြီးထဲရောက်ပြီပေါ့ကွာ "

ဟု ပြောလေရာ သုညသည် ဒေါသတကြီး အော်ဟစ်၍





" ဒေါ်ဥမ္မာ ခင်ဗျားဟာ ယုတ်မာကောက်ကျစ်တဲ့မိန်းမပဲ၊ ခင်ဗျားသေရင် ငရဲမှာ ဂျိုးကပ်လိမ့်မယ် "

ဟု အော်ဟစ်လေ၏။

ထိုအခါ ဒေါ်ဥမ္မာက

" မင်းကို လက်စားချေဖို့အတွက် ငါဘယ်လောက်ထိ ရင်းနှီးမြှုပ်နှံခဲ့ရတယ်မှတ်သလဲ၊ မင်းနဲ့မခင်ချင်လည်း ခင်ချင်ဟန်ဆောင်ပြီးတော့ ဆက်ဆံခဲ့တယ်၊ မင်းကိုတွေ့တိုင်း လူယုံတစ်ယောက်လို ပူးကပ်ဖို့ကြိုးစားခဲ့တယ်၊ ဒါတွေအားလုံးဟာ မင်းကို လက်စားချေချင်တဲ့ ရည်ရွယ်ချက်ကြောင့် လုပ်ခဲ့တာပဲ "

ဟု ပြောလေရာ သုညသည် ဒေါ်ဥမ္မာ မိမိကို ခင်မင်ရင်းနှီးစွာ ဆက်ဆံနေပုံများကို ပြန်လည်မြင်ယောင်လာ၏။

သုညက စိတ်ကိုထိန်းချုပ်ရင်း

" ဒါကြောင့် ခင်ဗျား ကျုပ်ကို ဟန်ဆောင်ပြီးဆက်ဆံနေတာကိုး၊ နောက်ဆုံးတော့ ကျုပ်ကို မွေးနေ့ဆိုပြီး လိမ်ညာပြီး အိမ်ကိုခေါ်တယ်၊ အိမ်ကိုရောက်တော့ အရက်တွေမူးအောင်တိုက်ပြီး ခင်ဗျားမွေးစားထားတဲ့ မိန်းကလေးနဲ့လွှတ်ပေးတယ်၊ ဆက်သေ

www.burmeseclassic.com



အဖြစ် ဓာတ်ပုံတွေတောင် ရိုက်ကူးခဲ့သေးတယ်၊ ခင်ဗျားရဲ့အကြံဟာ အောင်မြင်ပါပြီဗျာ၊ ဒါပေမဲ့ ကျုပ်ကလည်း မဟုတ်တာဆိုရင် ခံမှာမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်နဲ့ကျင်ကျင်တို့လက်ထပ်ပွဲကို မဖြစ်ဖြစ်အောင်လုပ်မယ်၊ ခင်ဗျားဘာသာ ကျုပ်ကို ဘယ်လောက်ပဲ သိက္ခာကျအောင်လုပ်လုပ်၊ ကျုပ် ဂရုမစိုက်ဘူး၊ ကျုပ်ကို လူယုတ်မာတစ်ယောက်လို့ ယူဆပြီး စီးပွားရေး လုပ်ခွင့်မပြုဘူး ဆိုရင်လည်း ကျုပ် ဂရုမစိုက်တော့ဘူး၊ ကျုပ်ဘဝမှာ ကျင်ကျင်နဲ့ လက်ထပ်ဖို့က အရေးကြီးဆုံးပဲ ”

ဟု ပြောလေရာ ဒေါ်ဥမ္မာက တဟားဟားရယ်မော၍

“ ဟား ဟား ဟား… ကျင်ကျင်ဆိုတဲ့မိန်းမက မင်းရဲ့ဓာတ်ပုံတွေကို မြင်တွေ့တဲ့အခါ မင်းကိုလက်ခံပြီး လက်ထပ်ဦးမှာလား ဒီအကြောင်းတွေကို ငါတို့သိပ်ပြီးတော့စိတ်ဝင်စားတယ် ”

ဟု ပြောလေ၏။ သူညသည် ဒေါ်ဥမ္မာကို ဒေါသတကြီး ကြည့်၍

“ ဘာပဲဖြစ်ဖြစ် ကျုပ်နဲ့ကျင်ကျင်ဟာ တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ခဲ့တဲ့ချစ်သူတွေ၊ ကျင်ကျင်ကို ကျုပ်ရှင်းပြမယ်





ဆိုရင် သူလက်ခံမှာ သေချာတယ် ”

ဟု ပြောကာ အိမ်ခန်းထဲမှ ထွက်ခဲ့လေ၏။ ထိုအခိုက်မှာပင် သူ၏နောက်မှ စန္ဒာဆိုသော မိန်းကလေး လိုက်လာပြီး

“ အစ်ကို ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ ကျွန်မက မားစာခံ ဖြစ်သွားရတာပါ၊ ကျွန်မဘဝကို ပြန်ပြီးတော့ ငဲ့ကြည့်ဖို့ကောင်းပါ တယ်၊ အစ်ကို့အတွက်ကြောင့် ကျွန်မအရှက်နဲ့ဂုဏ်သိက္ခာ ကျဆင်းခဲ့ ရပါပြီ ”

ဟု ပြောလေ၏။

သူညသည် ဒေါ်ဥမ္မာကို မကျေချမ်းစိတ်ဖြင့် တုံးတိုက်တိုက် ကျားကိုက်ကိုက် ရွှန့်စားတော့မည်ဟု ဆုံးဖြတ်ခဲ့သော်လည်း စန္ဒာဆို သော မိန်းကလေး၏ဘဝသည် မိမိအတွက်ကြောင့် ရွှန်းထင်ခဲ့ရပေ ပြီ။

သူသည် ယောကျ်ားကောင်းတစ်ယောက်ဖြစ်၍ မိမိကျူးလွန်ခဲ့ သော အပြစ်ဒဏ်ကို မိမိရင်ဆိုင်ရပေမည်။ သူညသည် စန္ဒာ၏ သနားစဖွယ်မျက်နှာကိုကြည့်၍ အံကိုတင်းတင်းကြိတ်လိုက်ပြီး

“ ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ် ကျုပ်ချစ်သူနဲ့ လက်ထပ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့ မှာမို့ပါ၊ ဒီအတွက် ကျုပ်ခင်ဗျားကို ဘာတွေအလျော်ပေးရမလဲ၊ ငွေဘယ်လောက်ပေးရမလဲ၊ ရွှေဘယ်လောက်ပေးရမလဲ၊ ကျုပ်ပေးပါ့မယ်''

ဟု ပြောလေ၏။

ထိုအခါ စန္ဒာက ကျိတ်ငို၍

'' ကျွန်မမှာ ဒါတွေမလိုပါဘူး အစ်ကိုရယ်၊ ကျွန်မလိုချင်တာ ကျွန်မရဲ့ အရှက်နဲ့ဂုဏ်သိက္ခာအတွက် အစ်ကိုကာကွယ်ပေးဖို့ပါပဲ၊ တစ်ချိန်ချိန်မှာ ကျွန်မတို့နှစ်ယောက် ကျူးလွန်ခဲ့တဲ့ အပြစ်တွေဟာ ဘူးပေါ်သလို ပေါ်သွားမယ်ဆိုရင် ကျွန်မ ဒီကမ္ဘာလောကကြီးမှာ ဆက်ပြီးတော့ အသက်ရှင်ဖို့တောင် မသင့်ပါဘူး ''

ဟု ပြောလေ၏။

သူညသည် ကျင်ကျင်၏မျက်နှာကိုတစ်လှည့်၊ မစန္ဒာ၏ မျက်နှာကို တစ်လှည့် မြင်ယောင်ပြီး ဆုံးဖြတ်ရန် ခက်ခဲနေလေ၏။

မစန္ဒာက သူည၏ လက်မောင်းကိုဆွဲ၍

'' ဘာပဲဖြစ်ဖြစ် အစ်ကိုနဲ့အစ်ကိုချစ်သူက ဒီနေ့အထိ ကိုယ်ခန္ဓာချင်း ရင်းနှီးဖြစ်မယ်မထင်ပါဘူး၊ ကျွန်မနဲ့အစ်ကိုကတော့ ''





သူညသည် မစန္ဒာ၏မျက်နှာကိုကြည့်၍ တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်လေ၏။

'' မစန္ဒာ မင်းဟာ ငါနဲ့ ဒေါ်ဥမ္မာကြားမှာ မြေစာပင်ဖြစ်ရတယ်၊ ဒါကြောင့် မင်းရဲ့တာဝန်ကို ငါယူဖို့ ဆုံးဖြတ်လိုက်ပြီ ငါတို့သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ယောက်ကတော့ ဒီအချိန်ကစပြီ အဝေးကြီးဝေးရပြီပေါ့ကွာ''

ဟု ပြောလိုက်ရာ မစန္ဒာသည် မျက်နှာဝင်းပသွားပြီး

'' ဝမ်းသာလိုက်တာအစ်ကိုရယ်၊ ကျွန်မ သိပ်ဝမ်းသာတာပဲ''

ဟု ဆိုကာ သူညအား ပွေ့ဖက်ထားလိုက်လေ၏။

သူညသည် မစန္ဒာ၏လက်မှ ရုန်းထွက်လိုက်ပြီး ဒေါ်ဥမ္မာဘက်သို့ ငဲ့စောင်းကြည့်ကာ

'' ဒီမှာ ခင်ဗျားရဲ့ဆန္ဒ ပြည့်ဝသွားပြီပေါ့၊ ခင်ဗျားရဲ့ ယုတ်မာကောက်ကျစ်မှုအတွက် တစ်ချိန်ချိန်မှာ ပြန်ပြီးတော့ ခံစားရလိမ့်မယ်''

ဟု ပြောကာ ထိုနေရာမှ ခြေလှမ်းကျဲကြီးဖြင့် ထွက်ခွာလာခဲ့၏။

ဒေါ်ဥမ္မာသည် သူည၏နောက်ကျောကိုကြည့်၍ သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် ဟားတိုက်ရယ်မောပြီး ကျန်ရစ်ခဲ့လေ၏။ သုညသည် ဆိုးဝါးလှသော မိမိဘဝကို တွေးတော့ရင်း အိမ်သို့ပြန်လာခဲ့၏။

ဤကဲ့သို့ စန္ဒာနှင့် မှားယွင်းခဲ့ခြင်းမှာ တစ်သက်တွင် တစ်ကြိမ် ၁စ်ခါမျှ မသောက်ခဲ့ဖူးသော အရက်ကြောင့်ဖြစ်၏။ သူသည် ဒါဥမှာ၏ ပယောဂကြောင့် အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်ခဲ့၏။

ထိုကဲ့သို့ မဆင်မခြင်ဘဲ အရက်သောက်ခဲ့မိခြင်းသည် သူ၏ အမှားဖြစ်၏။ ယခု မိမိ အလွန်ချစ်ရသော ကျင်ကျင်နှင့် ရှင်ကွဲကွဲရ ပေမည်။

ကျင်ကျင်သည် သူတို့မြို့ပေါ်တွင် ဖိတ်စာများပင် စတင်ဝေနေ လောက်၏။ ကျင်ကျင်တစ်ယောက် မိမိအတွက်ကြောင့် များစွာ စိတ်နှလုံးကြေကွဲခြင်း ဖြစ်ရပေလိမ့်မည်။





သုညသည် သူ၏လူယုံတစ်ယောက်အား စာတစ်စောင်ရေး၍ အဖြစ်အပျက်အကြောင်းစုံကို ကျင်ကျင့်သိအောင် ပေးပို့လိုက်၏။

ကျင်ကျင်သည် သုည၏လူယုံက စာတစ်စောင် ပေးလိုက် သည်ဆိုသဖြင့် စိတ်လှုပ်ရှားစွာ ဖတ်ရှုလေ၏။ ထိုသို့ဖတ်ရှုပြီး အကြောင်းစုံကိုသိရသောအခါ ဝမ်းပမ်းတနည်း ရှိုက်ငို၍

" အမလေး... ကျွန်မတော့ ဒီမြို့မှာ အရှက်ကွဲပါပြီ၊ ရှေ့ဆက်ပြီး အသက်ရှင်ဖို့တောင် မကောင်းတော့ပါဘူး "

ဟု ငိုယိုလေ၏။

သူမသည် မြို့ပေါ်ရှိ မိတ်ဆွေအပေါင်းအသင်းများအား လက်ထပ်မင်္ဂလာပွဲအတွက် ဖိတ်စာများပင် ဝေငှထားပြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါ်ရှိ သူမကို မနာလိုသောမိန်းမများက ရန်ကုန်မြို့သို့တက်၍ ရွှေညာထက်ရှင်သူဌေး၏ မယားငယ်ဖြစ်ခဲ့သည်ဟု သမုတ်လေလွင့်သတင်းများလွှင့်ခဲ့၏။

ယခု ရွှေညာထက်ရှင်သူဌေးနှင့် မင်္ဂလာဆောင်နှင်းတော့မည်ဆိုသောအခါ မယုံကြည်ဟန်ဖြင့် ရှိကြ၏။ သူမကို မင်္ဂလာပွဲပျက်စီးသွားခြင်းကို မြို့လူထုသိလျှင် သူမကို ပိုမို၍ ဝေဖန်ကဲ့ရဲ့ကြပေမည်။

ကျင်ကျင်၏ရင်ထဲတွင် တစ်ပြိုင်တည်း နေနှစ်စင်းသာသကဲ့သို့ ရှိနေလေ၏။ ကျင်ကျင်သည် ချစ်သောသူနှင့်ကွေကွင်းရခြင်းဟူသော ဆင်းရဲကိုလည်း ရင်ဆိုင်နေရ၏။

ထို့အပြင် မြို့လူထု၏ ဂတ်တွေးခွက်တွင် ပက်လက်မျောရမည့်အတွက် စိတ်ဆင်းရဲခြင်းကြီးစွာလည်း ခံစားနေရ၏။

ကျင်ကျင်သည် သူမ၏ ဒုက္ခဆင်းရဲဒဏ်ကို မခံနိုင်လွန်းသဖြင့် မောင်နှစ်ယောက်ကိုခေါ်၍ အကျိုးအကြောင်းပြောလိုက်ရာ သူမ၏မောင်များသည် အလွန်မကျေမချမ်းဖြစ်သွားပြီး သူညအားဒေါသတကြီး ဆူပူကန့်ကွက်ကြလေ၏။





" တောက်… ဒီလူဟာ ကျုပ်အစ်မကို လူကြီးစုံရာရှေ့မှာ လက်ထပ်မယ်ဆိုပြီးတော့ ရန်ကုန်မှာ မဟုတ်တာတွေ ပြုမူရသလား၊ သူ့ကြောင့် ကျုပ်တို့မိသားစု အရှက်တကွဲ အကျိုးနည်းဖြစ်ရပြီ၊ သူ့ကို ကျုပ်တို့သတ်ပစ်မယ် "

ဟု ကြုံးဝါးလေ၏။ ထိုအခါ ကျင်ကျင်က မောင်နှစ်ယောက်ဘက်သို့ လှည့်၍

" တကယ်တော့ ဒါတွေအားလုံးဟာ ကိုသူညရဲ့အပြစ်လည်း မဟုတ်ပါဘူး၊ ကံကြမ္မာရဲ့စေစားမှုကို ငါတို့ ကောင်းကောင်းကြီး ခံလိုက်ရတာပါ၊ တကယ်တော့ အဖေဆုံးပြီးကတည်းက ကံကြမ္မာရဲ့ စေစားမှုကို ငါ ရိပ်စားမိတာကြာပါပြီ၊ လောကကြီးမှာ ကိုယ်ဖြစ်ချင်တာတွေအားလုံး အစဉ်တစိုက် ဘယ်တော့မှမဖြစ်ဘူး၊ ကံကြမ္မာကသာလျှင် ငါတို့ဘဝကို ကြိုးကိုင်ချယ်လှယ်နေတာပါ၊ အခုတော့ လောကကြီးအကြောင်းကို ငါ ကောင်းကောင်းသိသွားပြီ၊ ရှုပ်ထွေးပွေလီလှတဲ့ လူ့လောကကြီးထဲမှာလည်း ငါမနေချင်တော့ဘူး၊ ငါ့ကို သီလရှင် ဝတ်ခွင့်ပေးပါတော့ "

ဟု ပြောလေရာ သူမ၏မောင်နှစ်ဦးသည် မှိုင်တွေတွေကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြလေ၏။

ငှင်းတို့သည် ကျင်ကျင်အား အစ်မကြီးတစ်ဦးကဲ့သို့ အလွန် ချစ်မြတ်နိုး၏။

ယခု ကျင်ကျင်က ငှင်းတို့ကို ပစ်ခွာပြီး သီလရှင်ဝတ်မည် ဆိုသောအခါ နှစ်ယောက်စလုံး ရင်ထဲတွင် ဟာသွားသယောင် ခံစားလိုက်ရ၏။

ထို့ကြောင့်

" အစ်မရယ်၊ သီလရှင် မဝတ်ဘဲ ကျွန်တော်တို့နဲ့ပဲ ဒိုးတူ ပေါင်ဖက် လုပ်ကိုင်စားသောက်ပါလား "

ဟုမောင်တစ်ဦးက ပြောလေ၏။

အခြားသော မောင်တစ်ဦးကလည်း ထိုနည်းတူ ပြော လေ၏။

သို့သော် ကျင်ကျင်သည် လူ့လောကကြီးအား စိတ်ကုန်နေ ဖြစ်သဖြင့် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး

" နင်တို့ ငါ့နေရာကနေ ကိုယ်ချင်းစာပြီး ကြည့်စမ်း ဒီမြို့မှာ ငါဘယ်လိုလုပ်ပြီးတော့ လူလုပ်ရတော့မလဲ၊ အရင်တုန်း [illegible]





ငါ့ကို မနာလိုတဲ့လူတွေက ငါဟာ ရွှေညာထဲ်ရှင်သူဌေးနဲ့ ရန်ကုန်မြို့မှာ မယားငယ်ခံနေတယ်တဲ့၊ အခုတော့ ငါတို့လက်ထပ်ကြမယ်ဆိုတော့ သူတွေရဲ့ပါးစပ်တွေ ပိတ်သွားကြတယ်၊ ဒီနေ့ လက်ထပ်ပွဲကြီး ပျက်ပြီဆိုရင် ငါ သူတို့ကို ဘယ်လိုရင်ဆိုင်ရမှာလဲ၊ ငါ လူ့ လောကကြီးမှာ ဆက်ပြီးတော့ လူအဖြစ်နေထိုင်ဖို့ အလွန်ကြောက် သွားပါပြီ၊ သီလရှင်သာမဝတ်ဖြစ်ဘူးဆိုရင်တော့ ရှက်လွန်းလို့ ငါကိုယ်ငါ သတ်သေမိမှာပဲ၊ ဒါကြောင့် နင်တို့နှစ်ယောက် ငါ့ကို တားပါနဲ့တော့ "

ဟုပြောလိုက်လေ၏။

ထို့နောက်တွင်မူ သူမသည် စစ်ကိုင်းဘက်သို့သွားကာ သူမနှင့် ရင်းနှီးကျွမ်းဝင်သော သီလရှင်ကျောင်းလေးတစ်ကျောင်း၌ သူမ၏ ဘဝကို အရိုးထုတ်ရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သုညမှာလည်း ကျင်ကျင်နှင့်ခွဲခွာရတော့မည်ဆို သဖြင့် ဝမ်းနည်းကြေကွဲခြင်း ကြီးစွာဖြစ်ပေါ်လေ၏။

သူသည် တစ်သက်တွင် တစ်ကြိမ်သာ အချစ်ဆိုသော ပန်း ကလေး ဖူးပွင့်ခဲ့ရ၏။

သူ၏ အချစ်ပန်းကလေး လန်းလန်းစွင့်စွင့် မဖူးပွင့်မီမှာပင် ကြွေလွင့်ခဲ့ရ၏။

ယခုအချိန်ဆိုလျှင် မိမိနှင့်လက်ထပ်ပွဲ ပျက်ပြားသည့်သတင်းကို ကျင်ကျင်တစ်ယောက် သိလောက်ပေပြီ။ ကျင်ကျင် ရင်ကွဲမတတ် ခံစားရမည်ဟု မိမိရိပ်စားမိ၏။





ကျင်ကျင်သည် ရှက်လွန်း၍ သူမကိုယ်သူမပင် အဆုံးစီရင်သွား နိုင်၏။ သုညသည် ကျင်ကျင်၏ အကြောင်းများကို တွေးတောမိလျှင် ရင်ထဲတွင်မောလျလာပြီး ဆက်၍ မတွေးဝံ့တော့ချေ။

ထိုအခိုက်မှာပင် သူ၏အိမ်သို့ မစန္ဒာ ရောက်ရှိလာ၏။ သုညသည် စန္ဒာကို မြင်သောအခါ လှည့်၍ပင်မကြည့်ဘဲ

" စန္ဒာ ဘာဖြစ်လို့ ကျုပ်အိမ်ကို လိုက်လာရတာလဲ၊ ကျုပ်ရဲ့ ကတိကို မယုံလို့လား၊ ကျုပ် စန္ဒာကိုလက်ထပ်မယ်လို့ ကတိပေး ပြီးပြီ၊ ဒါကြောင့် ဒီအချိန်မှာ ကျုပ်ဆီကိုမလာဖို့ မေတ္တာရပ်ခံချင် တယ်၊ ကျုပ်ဘဝကို ကျုပ် အကြီးအကျယ် မကျေမနပ်ဖြစ်နေတယ်၊ ကျုပ်ဟာ တစ်သက်လုံး ဖြစ်ချင်တာတွေဖြစ်ဖို့အတွက် ဉာဏ်ရည် ဉာဏ်သွေးကို တစ်စိုက်မက်မက် အသုံးချပြီး အောင်မြင်အောင် လုပ်နိုင်ခဲ့တယ်၊ ဒါကြောင့် ဆင်းရဲနွမ်းပါးတဲ့ သူတစ်ပါးနိုင်းဖတ် ကောင်လေးဘဝကနေ လူချမ်းသာကြီးတစ်ယောက်ဘဝကို ရောက် အောင် လုပ်နိုင်ခဲ့တယ်၊ ဒါပေမဲ့ မိန်းမတစ်ယောက်ရဲ့ မာယာနဲ့ ထောင်ဖမ်းတဲ့ကျော့ကွင်းထဲကိုတော့ ကျဆင်းခဲ့တယ် "

ဟု ဝမ်းနည်းကြေကွဲဟန်ဖြင့် ပြောဆိုလေ၏။ ထိုအခါ စန္ဒာက



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်း လက်ကာပြ၍

" စန္ဒာပြောမဲ့စကားတွေကို အစ်ကိုဆုံးအောင် နားထောင်ပါဦး၊ အစ်ကို စန္ဒာ့ကို လက်ထပ်စရာမလိုတော့ဘူး၊ စန္ဒာ့ကို ဒေါ်ဥမ္မာ မကျေနပ်ရင်လည်း ကြိုက်သလို လုပ်ပါစေတော့၊ တကယ်တော့ အစ်ကိုနဲ့စန္ဒာ ညက ဘာမှမဖြစ်ခဲ့ပါဘူး "

ဟုပြောလေရာ သုညသည် အလွန်ဝမ်းသာသွားပြီး

" ညတုန်းက ကျုပ်နဲ့စန္ဒာဘယ်လိုမှ မငြိစွန်းခဲ့ဘူး ဟုတ်လား"

ဟုမေးမြန်းလေ၏။

ထိုအခါ စန္ဒာက ခေါင်းညိတ်၍

" ဟုတ်ပါတယ်၊ အဲဒီတုန်းက အစ်ကို အရက်တွေမူးပြီး ကုလားသေ ကုလားမော အိပ်မောကျသွားတယ်၊ ကျွန်မဘက်ကို လှည့်တောင် မကြည့်နိုင်ဘူး၊ ဒါကြောင့် အစ်ကိုနဲ့ကျွန်မ ဒီနေ့အထိ ဘယ်လိုမှ ရင်းနှီးကျွမ်းဝင်မှု မရှိပါဘူး "

ဟုပြောလေရာ သုညက

" စန္ဒာ ဘာဖြစ်လို့ အခုလို ကျုပ်ဘက်က ရပ်တည်ရတာလဲ"





ဟုမေးမြန်းလေ၏။

ထိုအခါ စန္ဒာက

" အစ်ကိုဟာ ကျွန်မတို့မိသားစုရဲ့ ကျေးဇူးရှင်ကြီးဆိုတာ သိလိုက်ရလို့ပါ၊ ဟောဒီ လက်စွပ်ကလေးကို အစ်ကို မှတ်မိသလား "

ဟုပြောလိုက်ရာ သုညသည် သူ၏လက်တွင် အစဉ်အမြဲ ဝတ်ဆင်ထားသော မိုးကြိုးလက်စွပ်ကလေးကို မြင်တွေ့ရလေ၏။

ထိုအခါ စန္ဒာကဆက်၍

" အဲဒီညတုန်းက အစ်ကို အိပ်မောကျနေတုန်း သက်သေအထောက်အထားရအောင်ဆိုပြီး အစ်ကို့လက်မှာ ဝတ်ဆင်ထားတဲ့ မိုးကြိုးလက်စွပ်ကလေးကို ချွတ်ပြီးတော့ ယူခဲ့တယ်၊ မိုးကြိုးလက်စွပ်လေးဟာ ဘယ်ကရခဲ့တယ်ဆိုတာ အစ်ကိုမှတ်မိဦးမှာပေါ့"

ဟုပြောလိုက်လေ၏။

ထိုအခါ သုညက ခေါင်းညိတ်၍

" သိပ်မှတ်မိတာပေါ့၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက ဘုံ့တေးဘက်က ရွာတစ်ရွာက အလှူကို သွားရင်းနဲ့ အဲဒီရွာလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အစွန်မှာ နေထိုင်မကောင်းဖြစ်နေတဲ့ အဘိုးကြီး၊ အဘွားကြီး လင်မယားကို သွားတွေ့တယ်၊ တကယ်တော့ အဘိုးကြီး အဘွားကြီး လင်မယားဟာ အစာအာဟာရ ပြတ်လပ်နေတာပါ၊ ဒါကြောင့် တွံ့တေးက အလှူကို ဆက်မသွားတော့ဘဲ ကျုပ်မှာပါတဲ့ စားနပ်ရိက္ခာတွေကို အဘိုးကြီး အဘွားကြီးလင်မယားကို ကျွေးမွေးခဲ့တယ်၊ ဒီလိုကျွေးမွေးရုံနဲ့ မလုံလောက်တဲ့အတွက် ကျုပ်ကိုယ်တိုင် ဆေးဆရာခေါ်ပေးခဲ့တယ်၊ နောက်တော့ အလှူကိုမသွားတော့ဘူးလို့ ဆုံးဖြတ်ပြီးတော့ အဘိုးကြီး အဘွားကြီးရဲ့တဲလေးမှာပဲ ကျုပ်တစ်ပတ်လောက် နေခဲ့တယ် ''

ဟုပြောလေရာ မိန်းကလေးက ဆက်လက်၍

'' အဲဒီအဘိုးကြီးအဘွားကြီး လင်မယားဟာ အစ်ကိုရဲ့စိတ်ဓာတ်ကို လေးစားလွန်းလို့ နတ်သိကြားလို့တောင် ထင်ခဲ့မိတယ်၊ သူတို့ဟာ အစ်ကို့ကို တစ်သက်လုံး ကျေးဇူးရှင်တစ်ယောက်လို စွဲစွဲမြဲမြဲ ယုံကြည်ထားခဲ့တယ်၊ အဲဒီတုန်းက အဘွားကြီးဟာ အစ်ကို့ကို အမှတ်တရအနေနဲ့ သူ့လက်မှာစွပ်ထားတဲ့ မိုးကြိုးလက်စွပ်ကလေးကို ချွတ်ပြီးတော့ ပေးခဲ့တယ်၊ တကယ်တော့ အဲဒီမိုးကြိုး





လက်စွပ်လေးဟာ အဘွားကြီးကို အဘိုးကြီးငယ်စဉ်က မေတ္တာလက်ဆောင်ပေးခဲ့တဲ့ လက်စွပ်ကလေးပါ၊ ဒီလက်စွပ်ကလေးကို အဘွားကြီးဟာ အင်မတန်မြတ်နိုးတယ်၊ ဒါပေမဲ့ အစ်ကို့ကို ကျေးဇူးရှင်သူတော်ကောင်း တစ်ယောက်လို ယူဆပြီး မိုးကြိုးလက်စွပ်ကလေးကို ပြန်ပြီးတော့ အမှတ်တရ လက်ဆောင်ပေးခဲ့တယ်''

ဟုပြောလေရာ သုညက ခေါင်းညိတ်၍

'' မစန္ဒာပြောတာ အားလုံးအမှန်တွေပဲ၊ ဒီအကြောင်းတွေကို မစန္ဒာ ဘယ်လိုလုပ်သိနေတာလဲ ''

ဟု မေးမြန်းလေ၏။

ထိုအခါ မစန္ဒာက

''အဲဒီအဘိုးကြီး အဘွားကြီးဟာ ကျွန်မရဲ့အမေနဲ့အမေပါပဲ၊ အဲဒီတုန်းက ကျွန်မဘာဝမတည်ငြိမ်ဘဲ ဆင်းရဲနွမ်းပါးတဲ့အတွက် အဖေနဲ့ အမေကို ပြန်မကြည့်နိုင်ခဲ့ဘူး၊ အစ်ကိုသူတို့အပေါ် ကျေးဇူးပြုသွားတာကို အဖေနဲ့အမေဟာ တဖွဖွပြောဆိုနေခဲ့တယ်၊ အဲဒီပြင်က အရက်မူးလွန်ပြီး အစ်ကိုလဲကျနေခိုက်မှာ ခေါ်ဥမ္မာဟာ ဆက်သေခံ



www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားအနေနဲ့ အစ်ကိုရဲ့လက်မှာစွပ်ထားတဲ့ တစ်ကွင်းတည်းသော မိုးကြိုးလက်စွပ်လေးကို ဒီနေ့မှ ကျွန်မမြင်တွေ့ခွင့်ရတာပါ၊ ဒီလက်စွပ်လေးဟာ အမေရဲ့လက်စွပ်မှန်း ကျွန်မသိတဲ့အခါ အစ်ကိုက ကျွန်မတို့မိသားစုရဲ့ ကျေးဇူးရှင်ဆိုတာ ရိပ်စားမိခဲ့တယ်၊ ဒါကြောင့် ကျွန်မကျေးဇူးရှင်ကို မစော်ကားတော့ဘဲ အမှန်အတိုင်းပဲ ရင်ဆိုင်ပြီး ကျွန်မအပြစ်တွေကို အစ်ကိုဆီမှာ ဝန်ခံဖို့ဆုံးဖြတ်လိုက်ပြီ၊ အစ်ကို အစ်ကို့ချစ်သူရှိတဲ့ဆီကို ပြန်ပြီးသူ့နဲ့ပဲ အမြန်ဆုံးလက်ထပ်ပါ"

ဟု ပြောလေ၏။

ထိုအခါ သုညသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး

"ဒါဆိုရင်တော့ စန္ဒာကိုကျုပ်ကျေးဇူး သိပ်တင်သွားပြီ၊ ကျုပ်ချစ်သူ ရှိတဲ့မြို့ကို လိုက်သွားမှဖြစ်မယ်"

ဟု ပြောလိုက်လေ၏။

ထိုသို့ပြောရင်း တစ်စုံတစ်ခုကို သတိရကာ မျက်နှာညှိုးငယ်သွားပြီး

"ကျုပ်မှာပြဿနာတစ်ခု ကျန်သေးတာပဲ၊ ဒီအတိုင်း မြို့ကို ပြန်သွားလို့ ဘယ်ဖြစ်ပါမလဲ"





ဟု ပြောလေရာ မစန္ဒာက သူမလက်ထဲရှိ အထုပ်တစ်ထုပ်ကို သုည ၏လက်သို့ ကမ်းပေးလိုက်ပြီး

" အစ်ကိုပြောတာ ဒေါ်ဥမ္မာရိုက်ထားတဲ့ ဓာတ်ပုံတွေကို ပြောတာလား၊ ဒီဓာတ်ပုံတွေကို ကျွန်မအကုန်လုံး ယူလာခဲ့ပြီ၊ အစ်ကိုဘာမှ ပူစရာမလိုတော့ဘူး၊ အဲဒီထဲမှာဓာတ်ပုံ ဖလင်လည်း ပါတယ် "

ဟု ပြောလေရာ သုညသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး

"စန္ဒာကိုကျုပ်ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မူ သုညသည် ကျင်ကျင်ရှိရာမြို့သို့ သူ၏ကားဖြင့် အမြန်ဆုံးထွက်ခဲ့လေ၏။ ယနေ့ညနေ၌ မင်္ဂလာပွဲကျင်းပရန် ဖိတ်စာများ ကမ်းထားပြီဖြစ်၏။ သူ၏ကားကို အမြန်ဆုံးမောင်းနှင်နိုင်လျှင် ယနေ့မွန်းလွဲချိန်၌ ကျင်ကျင်တို့မြို့သို့ ရောက်နိုင်မည်ဖြစ်၏။

ထို့ကြောင့် ကားအားအမြန်ဆုံး မောင်းနှင်ခဲ့လေ၏။ သုညသည် လမ်းခရီးတစ်လျှောက်လုံး ကျင်ကျင်နှင့်တွေ့ဆုံပြီး သူ၏အဖြစ်အပျက်များကို ပြောပြရန် စိတ်စောနေမိ၏။

ကျင်ကျင်သည် ပြောင်းလဲသွားသော ကံကြမ္မာကို သိရလျှင် အလွန်ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားပေလိမ့်မည်။





သုညသည် ကျင်ကျင်နှင့်တွေ့ဆုံချင်စိတ်များ လွှမ်းကဲနေသဖြင့် ကုလားဒရိုင်ဘာအား ကားကို မြန်သထက်မြန်အောင် မောင်းနှင်ခိုင်းလေ၏။ ကုလားဒရိုင်ဘာသည် ကြိုးစား၍ကားကို မောင်းနှင်ရှာ၏။

သို့သော် သုညသည် ကုလားဒရိုင်ဘာ၏ မောင်းနှင်ပုံကို ကြည့်၍အားမရနိုင်ဘဲ ဒရိုင်ဘာကို ဒေါသစိတ်များ ဖြစ်ပေါ်လာ၏။ ထို့ကြောင့်

"ဟေ့ကောင် စောဦး၊ မင်းကားကိုရပ်လိုက်စမ်း၊ ပြီးရင် ကားပေါ်က ဆင်း၊ မင်းကို ဒီနေ့ကစပြီးအလုပ်ထုတ်လိုက်ပြီ"

ဟု ပြောလေရာ စောဦးဆိုသော ဒရိုင်ဘာသည် အထိတ်တလန့်လန့်ဖြင့် ကားပေါ်ကဆင်းလေ၏။

သုညသည် ကားရှေ့ခန်းသို့ ပြောင်းထိုင်လိုက်ပြီးကားကို

"ကားကိုဒီထက်မြန်မြန် မမောင်းနိုင်ရင် ဘယ်တော့မှ ဒရိုင်ဘာ လုပ်မစားနဲ့"

ဟုဆိုကာ ကားကိုအစွမ်းကုန် မောင်းနှင်ရင်းကျင်ကျင်သို့ မြို့သို့ ထွက်ခဲ့လေ၏။

သုညသည် ကား၏အရှိန်နှုန်းကို မြင့်သထက်မြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com



မောင်းနှင်လာသဖြင့် ကားသည် လေယာဉ်ပျံအလား ထင်မှတ်ရလေ၏။

ကားသည် ကျင်ကျင်တို့မြို့သို့ သုညမျှော်လင့်ထားသည့်အတိုင်းပင် မွန်းလွဲချိန်၌ ရောက်ရှိသွားလေ၏။

ကျင်ကျင်တို့ ခြံဝန်းထဲသို့ကားကို ဒလကြမ်းမောင်းဝင်သွားပြီး ကားပေါ်မှ အပြေးအလွှားဆင်း၍

"ကျင်ကျင်.... ကျင်ကျင်"

အော်ဟစ်လိုက်လေ၏။

သို့သော် အိမ်ထဲသို့အတန်ကြာသည်အထိ လူသူအရိပ်အယောင်မမြင်ရချေ။ သုညသည် စိတ်လှုပ်ရှားပြီး

"ကျင်ကျင်၊ ကျင်ကျင်"

ဟု ထပ်မံခေါ်ဆိုလိုက်၏။

ထိုအခါ အိမ်ထဲမှကျင်ကျင်၏ မောင်နှစ်ယောက်သည် ငှက်ကြီးတောင်ဓားကိုယ်စီကိုင်၍ ထွက်လာကြ၏။ ကျင်ကျင်၏ မောင်တစ်ဦးက

"လူယုတ်မာကြီး ခင်ဗျား ကျုပ်အစ်မကို အရှက်ခွဲလို့ အားမ





သေးဘူးလား၊ ခင်ဗျားအတွက်ကြောင့် ကျုပ်အစ်မသေလုမျောပါးခံစားနေရပြီ"

ဟု ဒေါသတကြီး အော်ဟစ်ပြောဆိုလေ၏။ ကျန်သောမောင်တစ်ဦးကလည်း

"ဟေ့လူကြီး ခင်းဗျားထွက်သွားမလား ထွက်မသွားဘူးလား၊ ခင်ဗျားကို ကျုပ်တို့သတ်မိမယ်နော်၊ ကျုပ်တို့က ဆင်းရဲပါတယ်၊ ဒါပေမဲ့ အခုလိုအတော်မတရား စော်ကားတာတော့ ကျုပ်တို့မခံနိုင်ဘူး၊ ခင်ဗျား အသက်မသေချင်ရင် ဒီခြံဝန်းထဲက အမြန်ဆုံးထွက်သွား"

ဟု မောင်းနှင်ထုတ်လေ၏။

ထိုအခါ သုညက

"ငါညီတို့အစ်ကိုအပေါ်မှာ စိတ်ဆိုးမယ်ဆိုတာ သိပါတယ်၊ ငါညီတို့ကို အစ်ကိုဖွေမယူပါဘူး၊ ဒါပေမဲ့ အစ်ကိုစကားကိုတော့ဆုံးအောင် နားထောင်ကြပါဦး၊ အစ်ကိုရန်ကုန်မှာ အင်မတန်ကြီးမားတဲ့ ဒုက္ခကြီးနဲ့ ရင်ဆိုင်လာခဲ့လို့ပါ၊ အခုတော့ ဒီဒုက္ခတွေအားလုံးလွတ်မြောက်သွားပြီ မင်းအစ်မကို အစ်ကိုလက်ထပ်ဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုရန်ကုန်မြို့က လာခဲ့တာပါ''

ဟု ပြောလေ၏။

သုညာ၏စကားကြောင့် ကျောင်းကျောင်း၏မောင်နှစ်ဦးသည် အလွန် အံ့သြသွားကြလေ၏။

ကျောင်းကျောင်း၏ မောင်နှစ်ဦးက

''ဟင်... ခင်ဗျားတကယ်ပြောတာလား၊ ဒါဆိုရင်တော့ အစ်မကိုအမှီ၊ လိုက်ရှာမှ ဖြစ်မယ်၊ ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်ဟာ ရှက်လွန်းလို့ အိမ်ပြင်ကိုတောင် မထွက်ဝံ့ဘူးဗျ၊ ညနေဆိုရင် မင်္ဂလာပွဲကျင်းပမဲ့ ဘုံကျောင်းကို ဧည့်သည်တွေတဖွဲဖွဲ ရောက်လာတော့မှာ''

ဟု ပြောလေ၏။

ထိုအခါ သုညက

''နေပါဦး၊ မင်းတို့အစ်မက အိမ်မှာမရှိဘူးလား၊ သူဘယ်သွားနေလဲ၊ သူ့ကိုကျုပ်အခြေအနေကို အမြန်ဆုံးရှင်းပြချင်တယ်''

ဟု ပြောလေ၏။

ထိုအခါ ကျောင်းကျောင်း၏မောင်တစ်ဦးက





''အစ်မဟာ အစ်ကိုသတင်းကို ကြားကတည်းက အလွန် စိတ်ထိခိုက်ပြီးတော့ လူ့လောကကြီးထဲမှာ မကျင်လည်ချင်တော့ဘူး တဲ့၊ သူဟာ သီလရှင်ဘဝနဲ့ပဲ အရိုးထုတ်တော့မယ့်လို့ ပြောတယ်၊ ဒါကြောင့် မြို့စွန်က မျှော်တော်မူတောင်ကို သွားပြီးတော့ သီလရှင်ဝတ်နေပြီဗျ''

ဟုပြောလေရာ သုညသည် အလွန့်ထိတ်လန့် အံ့သြသွားပြီး

''ဟာ... ဒါဆိုရင်တော့ မဖြစ်ဘူး၊ ကျောင်းကျောင်းကိုဆံမချမီ ကျုပ် အမြန်ဆုံး လိုက်ခေါ်မယ်၊ ကျုပ်ကို မျှော်တော်မူတောင်ကို လမ်းညွှန်စမ်းပါ''

ဟု ပြောလေရာ ကျောင်းကျောင်း၏မောင်နှစ်ဦးက

''မျှော်တော်မူတောင်ဆိုတာ ကျုပ်တို့မြို့ပေါ်ရောက်ရင် မြင်ရတဲ့ တောင်ကြီးပဲ၊ အစ်ကို့ကို ကျုပ်တို့လိုက်ပြချင်ပေမဲ့ မင်္ဂလာပွဲအတွက် ဘုံကျောင်းမှာ ယူစရာရှိတာတွေကို စီစဉ်ရဦးမယ်၊ အစ်ကို အမြန်ဆုံး မျှော်တော်မူတောင်ပေါ်ကိုတက်သွားပါ၊ တောင်ပေါ်မှာ သီလရှင် ကျောင်းလေးတစ်ကျောင်းတည်းရှိတယ် ''

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူညသည် ကားပေါ်သို့ ကမန်းကတန်းခုန်တက်၍ မျှော်တော်မူတောင်ရှိရာသို့ အမြန်ဆုံး မောင်းနှင်သွားလေ၏။

မြို့ပြင်သို့ရောက်သောအခါ မျှော်တော်မူတောင်သို့သွားရန် မြေနီ လမ်းလေးကို တွေ့ရလေ၏။

လမ်း၏အဆုံးသို့ရောက်သောအခါ တောင်ပေါ်သို့တက်သော အုတ်လှေကားထစ်လေးအတိုင်း မျှော်တော်မူတောင်ပေါ်သို့ ပြေး၍တက်ခဲ့၏။

မျှော်တော်မူတောင်ပေါ်သို့ရောက်သောအခါ သီလရှင်ကျောင်း ငယ်လေးတစ်ကျောင်းကို တွေ့ရလေ၏။ သူညသည် ကျောင်းအနှံ့ မျက်စိကစားကြည့်သောအခါ ကျောင်း၏ထောင့်တစ်နေရာတွင် အမှိုက်လှည်းနေသော သီလရှင်လေးတစ်ပါးကို တွေ့ရလေ၏။

သူညက ထိုသီလရှင်လေးရှိရာသို့ပြေး၍

" ဆရာလေးသီလရှင် ဆံချနေပြီလား "

ဟု မေးမြန်းလေ၏။

ထိုအခါ သီလရှင်လေးက သူညကို ကြောင်အမ်းအမ်း ကြည့်၍ ခေါင်းညိတ်လိုက်ပြီး





" ကျောင်းနံ့ဘေးက ရေကန်လေးနံဘေးမှာ ဆရာမကြီးက ဆံချပေးနေတယ်၊ အဲဒီကို လိုက်သွားပါ "

ဟု ပြောလေရာ သူညသည် အလွန်ထိတ်လန့်သွားပြီး ကျောင်း ငယ်လေးနံဘေးရှိ ရေကန်ရှိရာသို့ ပြေးလေ၏။

ရေကန်အနီးသို့ရောက်သောအခါ သီလရှင်ဆရာမကြီးတစ်ပါး သည် ဒူးထောက်၍ကျောခိုင်းထိုင်နေသော မိန်းမတစ်ဦးကို ဆံချပေး နေ၏။

သူမ၏ ရှည်လျားသော ဆံပင်များအားလုံး မြေပေါ်သို့ ပုံကျနေပြီး ခေါင်းပေါ်တွင် ဆံပင်များပြောင်သလင်းခါနေလေ၏။

သူညသည် ထိုမြင်ကွင်းကိုကြည့်၍ စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်ပြီး

" သွားပါပြီကွာ၊ ငါ နည်းနည်း နောက်ကျသွားတယ်၊ ငါတို့ မင်္ဂလာပွဲပျက်ပြီထင်ပါရဲ့ "

ဟု စိတ်ပျက်လက်ပျက် ညည်းညူလိုက်လေ၏။

သူည၏ အပြုအမူကြောင့် ဆံချနေသော သီလရှင်ဆရာမကြီး သည် အံ့သြဟန်ဖြင့်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ဒကာလေး ဘာအလိုရှိလို့လဲ "

ဟု မေးမြန်းလေ၏။

သုညက ကြောင်အမ်းအမ်းဖြင့် ဒူးထောက်၍ ဆံချခံနေသော မိန်းမကို လက်ညှိုးညွှန်ပြ၍

" သူ့နောက်ကို လိုက်လာခဲ့တာပါ "

ဟု ပြောလေ၏။ ထိုအခါ သီလရှင်ဆရာမကြီးက ခေါင်းခါယမ်း၍

" မရတော့ဘူး ဒကာလေး၊ သူဟာ လူ့ဘဝကြီးကို ငြီးငွေ့တဲ့အတွက် သံယောဇဉ်အားလုံးကိုဖြတ်ခဲ့ပြီ၊ ဘာဖြစ်လို့ ပူလောင်တဲ့ လောကကြီးထဲကို သွတ်သွင်းချင်ရတာလဲ၊ အရာအားလုံးဟာ ကံစီမံရာအတိုင်းပဲ ဖြစ်နေတာပါ "

ဟု ပြောလေရာ ထိုမိန်းမသည် သုညဘက်သို့ ငဲ့စောင်းကြည့်လိုက်၏။

ထိုအခါ သုညသည် သူမ၏မျက်နှာကိုကြည့်၍ အလွန်အံ့ဩသွားပြီး

" ဟင်… ဒါ ကျင်ကျင်လည်းမဟုတ်ပါဘူး၊ ကျုပ်က





အဲ… တပည့်တော်က ကျင်ကျင်ကို လိုက်ရှာနေတာပါ၊ ကျင်ကျင် ဘယ်မှာလဲ၊ ကျင်ကျင် ဒီကိုမလာဘူးလားဟင် "

ဟု ကမန်းကတန်း မေးမြန်းလေ၏။ ထိုအခါမှပင် သီလရှင်ဆရာမကြီးက

" သြော်… ဒကာလေးလိုက်ရှာနေတဲ့ကျင်ကျင်ဆိုတာ ဆရာမကြီး သိပြီ၊ သူဟာ မနက်က ဆရာမကြီးတို့ကျောင်းကို ရောက်လာပြီးတော့ သီလရှင်ဝတ်ပေးဖို့ တောင်းပန်ရှာတယ်၊ ဆရာမကြီးက မိန်းကလေးကို သူ့ရဲ့အလိုဆန္ဒအတိုင်း လိုက်လျောပေးဖို့ ပြင်ဆင်နေတုန်းမှာ မမျှော်လင့်ဘဲ ဟိုဘက်တောင်မှာ တစ်ကိုယ်တည်း တရားကျင့်ကြံနေတဲ့ သူတော်စင်ကြီးရောက်လာပြီး ကျင်ကျင်ဆိုတဲ့မိန်းကလေးကို သီလရှင်ဝတ်ဖို့ ဆန္ဒမစောဘို့ တားဆီးတယ်၊ တကယ်တော့ ဒီမိန်းကလေးဟာ ကံကြမ္မာရဲ့တိုးနှက်မှုကြောင့် သောကဗျာပါဒတွေ များလွန်းလို့ သီလရှင်ဝတ်ဖို့ ကြိုးစားနေတာပါ၊ သူတော်စင်ကြီးဟာ မိန်းကလေးကို သူ့ရဲ့ကျောင်းမှာ လိုက်ပြီးတော့ သုံးရက်တိတိ စဉ်းစားဖို့ ပြောတယ်၊ သုံးရက်ပြည့်လို့မှ သီလရှင်ဝတ်ဖို့ ဆုံးဖြတ်ချက်ခိုင်မာသွားပြီဆိုရင်တော့ ဒီကျောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သီလရှင်ပြန်ဝတ်ဖို့ စေခိုင်းခဲ့တယ်၊ ဒါကြောင့် ဒကာလေးရှာနေတဲ့ ကျင်ကျင်ဆိုတဲ့မိန်းကလေးဟာ ဟိုဘက်တောင်ပေါ်က သူတော်စင်ကြီးရဲ့ကျောင်းသင်္ခမ်းမှာရှိလိမ့်မယ်"

ဟု ပြောလေ၏။

ထိုအခါ သူညသည် ဝမ်းသာအားရဖြင့် ခပ်လှမ်းလှမ်းတွင် မြင်နေရသော တောင်ရိုးရာသို့ ကမန်းကတန်းပြေးလေ၏။

တောင်လေးကိုဖောက်ထားသော လမ်းလေးအတိုင်း ကူးသန်းရ၏။ ထိုလမ်းလေး၏အဆုံးတွင် မီးခိုးများ တလူလူထွက်နေသော တဲကလေးတစ်လုံးရှိ၏။

သူညသည် တစ်ဖက်တောင်ပေါ်သို့ရောက်သောအခါ မြေတစ်ခုလုံးကို အမှိုက်သရိုက်များမရှိအောင် လှည်းကျင်းထားကြောင်း တွေ့ရ၏။

တောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြီး ကျေးငှက်သံလေးများကိုပင် မကြားရချေ။

သူညသည်

" ကျင်ကျင် ကျင်ကျင် "





ဟု အသံပေးလိုက်၏။

သို့သော် မိမိအား တုံ့ပြန်သည့်အသံကို မကြားရချေ။ သူညသည် ကျင်ကျင်အား မတွေ့ရသဖြင့် စိတ်လှုပ်ရှားသွားပြီး တောင်အနှံ့ လှည့်လည်ကြည့်ရှုလေ၏။

ထိုနေရာလေးသည် အလွန်သာယာပြီး တောပန်းလေးများ ရောင်စုံဖူးပွင့်နေ၏။ တစ်နေရာသို့ရောက်သောအခါ သူ၏နောက်မှ တဟားဟားရယ်မောသံကို ကြားလိုက်ရပြီး

" ဟား… ဟား… ဟား… ဘယ်လိုလဲ ရွှေညာဏ်ရှင် သူငွေး၊ အလိုရမ္မက်စိတ်ကြောင့် သောကဗျာပါမီးတွေ ရင်ထဲမှာ တောက်လောင်နေပြီလား၊ မင်းရဲ့စိတ်ကို အခုချိန်ကစပြီး အေးအေးထားလိုက်ပါကွာ၊ မင်းနဲ့ငါ ပြန်လည်ဆုံစည်းတဲ့အချိန်ကစပြီး မင်းဘဝ တစ်ခုလုံး သီတာရေစင်နဲ့ ဖျန်းပက်သလို အေးမြကြည်လင်သွားပါပြီ "

ဟူသောအသံကို ကြားရ၏။

နောက်သို့လှည့်ကြည့်သောအခါ သူ၏ကျေးဇူးရှင် ဆရာကြီး ဦးချိန့်တီကို တွေ့ရလေ၏။ သူညသည် ဦးချိန့်တီကိုမြင်သောအခါ

www.burmeseclassic.com



ဝမ်းသာအားရ

" ဦးချိန်တီ "

ဟု အော်ဟစ်ပြီး ပြေးဖက်လိုက်လေ၏။

ဦးချိန်တီက သူ့ညာဏ်ပခုံးကို ပြန်ဖက်ထားလိုက်ပြီး

" မင်းက ရန်ကုန်မြို့မှာ ကြီးပွားချမ်းသာပြီး ရွှေဥာဏ်ရှင် သူဌေးဖြစ်နေတယ်ဆိုတဲ့ သတင်းသဲ့သဲ့ကို ကြားပါတယ်၊ ဒီက တည်းက ငါ့ တပည့်တစ်ယောက်တော့ ငါညွှန်ကြားတဲ့အတိုင်း ဘဝမှာ အောင်မြင်မှုရနေပြီဆိုတာ ငါရိပ်စားမိပါတယ်၊ ငါဟာ မင်းကို လူ့လောကရဲ့ စည်းစိမ်ချမ်းသာတွေ ရဖို့နည်းလမ်းတွေ ညွှန်ပြပေးနိုင်ခဲ့တယ်၊ ဒါပေမဲ့ ငါကိုယ်တိုင်တော့ ငါ့ဘဝရဲ့ လွတ်မြောက်ရာလမ်းကို မရှာဖွေနိုင်ခဲ့ဘူး၊ ငါဟာ ဆေးဆရာကြီး ဦးတိတ်ငွမ်တို့နဲ့ အတူတူနေထိုင်နေတုန်း တရုတ်ပြည်မှာရှိတဲ့ ငါ့ရဲ့ညီတစ်ယောက်က စာရေးပြီးခေါ်တာနဲ့ ပြည်မကြီးဘက်ကို ကူးသန်းသွားခဲ့တယ်၊ ဒါပေမဲ့ လမ်းခရီးတစ်ဝက်မှာ အလွန် အင်မတန် ဖူးတွေ့ရခဲတဲ့ ရဟန်းတော်တစ်ပါးနဲ့ တွေ့ဆုံခဲ့တယ်၊ ရဟန်းတော်နဲ့ တွေ့ဆုံတဲ့အချိန်ကစပြီး ငါဟာ လူ့လောကကြီးထဲမှာ





လူအဖြစ်နဲ့ နှစ်ပေါင်းများစွာ နေထိုင်ရပေမဲ့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကိုမလုပ်ဘဲ အချိန်တွေအများကြီးကုန်လွန်ခဲ့တယ်ဆိုတာ သတိပြုမိလိုက်တယ်၊ ဒါကြောင့် ငါ့ဘဝရဲ့ အရေးကြီးဆုံးအလုပ်ကို လုပ်ဖို့အတွက် ပြည်မကြီးမှာရှိတဲ့ ငါ့ညီဆီကိုတောင် ရောက်အောင် မသွားခဲ့ဘူး၊ လမ်းခရီးတစ်ဝက်မှာပဲ ရပ်နားပြီး တောတောင်အနှံ့ လှည့်လည်ပြီး တရားကျင့်ကြံနေခဲ့တယ်၊ နောက်ဆုံးတော့ မျှော်တော်မူတောင်ဟာ ငါ့ဘဝရဲ့ ရေးဘဝအစဉ်အဆက် ပဋ္ဌာန်းဆက်ရှိခဲ့တဲ့ နေရာပဲဆိုတာ ယုံကြည်ယူဆခဲ့တယ်၊ ဒါကြောင့် မျှော်တော်မူတောင် မှာပဲ အရိုးထုတ်ပြီးတော့ တရားဘာဝနာကျင့်ကြံဖို့ ကြံစည်ခဲ့တယ်၊ ဒီနေ့မနက်မှာပဲ ကျင်ကျင်ဟာ သောကမီးတွေ တောက်လောင်ပြီး သီလရှင်ဝတ်ဖို့ ရောက်လာခဲ့တယ်၊ ကျင်ကျင်ရဲ့ဘဝမှာ အပူမီးတွေ ပြင်းထန်လွန်းတဲ့အတွက် သီလရှင်ဘဝကို မမျှော်လင့်ဘဲ ကူးပြောင်း ချင်တဲ့သူပါ၊ ကျင်ကျင်လိုလူမျိုးတွေဟာ ခိုင်မာတဲ့စိတ်ဓာတ်နဲ့ တရားဓမ္မလမ်းပေါ်ကို လျှောက်လာတဲ့လူတွေမဟုတ်ဘူး၊ သူတို့ဟာ ပုထုဇဉ်တွေဖြစ်ပြီး လူ့လောကကြီးရဲ့ လောဘ၊ ဒေါသ၊ မောဟ မီးတွေကြားမှာ ကျင်လည်ချင်နေသေးတယ်၊ ဒါကြောင့် သူ့ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



သူ ပြတ်ပြတ်သားသား မြင်နိုင်အောင်လို့ (၃) ရက်တိတိ ငါ့ရဲ့တဲလေးမှာ လာပြီးနေခိုင်းစေခဲ့တာပဲ၊ အခုတော့ ငါ့ရဲ့အဆုံးအဖြတ်က မှန်ကန်သွားပြီ ''

ဟု ပြောလေရာ သုညသည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး

'' ဒါဆိုရင် ကျင်ကျင်ဘယ်မှာလဲ ဦးချိန်တီ၊ ကျုပ်ကို မြန်မြန်ပြောစမ်းပါ ''

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ဦးချိန်တီက

'' မင်း ကျင်ကျင်ကိုတွေ့ချင်ရင် ဟောဒီလမ်းအတိုင်း လျှောက်ပါ၊ လမ်းလေးအဆုံးမှာ တောင်ပေါ်ကနေ တောင်အောက်က ရှုခင်းတွေ အကုန်လုံးကို မြင်နိုင်တဲ့နေရာလေးကို ရောက်လိမ့်မယ်၊ ဒီနေရာလေးမှာ ငါဟာ ဝါးကွပ်ပျစ်လေးတစ်ခုကို လုပ်ထားတယ်၊ ကျင်ကျင်ဟာ ဒီကွပ်ပျစ်လေးပေါ်မှာထိုင်ပြီးတော့ မင်းနဲ့ပတ်သက်ခဲ့ဖူးတဲ့အကြောင်းတွေကိုတွေးပြီး ပူဆွေးဝမ်းနည်းနေရောပေါ့ ''

ဟု ပြောလေရာ သုညသည် ဦးချိန်တီ၏စကားကိုပင် ဆုံးအောင်မစောင့်တော့ဘဲ ကျင်ကျင်ရှိရာသို့ ဦးတည်ပြေးလွှားသွားလေ၏။





သူသည် လမ်းကလေး၏အဆုံးသို့ရောက်သောအခါ ငှက်ကြွေများကျနေသော မြေပြင်ကို ကျော်ဖြတ်ရ၏။ သုညသည် ထိုနေရာမှ မျက်စိကစားကြည့်သောအခါ တောင်ကမ်းပါး၌ ဆောက်ထားသော ဝါးကွပ်ပျစ်လေးတစ်ခုကို မြင်ရ၏။

သုညသည် သစ်ရွက်ခြောက်များကို အသံမကြားအောင်နင်း၍ လျှောက်သွားပြီး

'' ကျင်ကျင် ''

ဟု လေသံတိုးတိုးဖြင့် ခေါ်လိုက်၏။

ကျင်ကျင်သည် မမျှော်လင့်ဘဲ သူ၏အမည်ကိုခေါ်သံကြားသဖြင့် နောက်သို့လှည့်ကြည့်လိုက်၏။ ထိုအခါ သုညကို မြင်သောအခါ အံ့သြဝမ်းမြောက်ဟန်ဖြင့်

'' ဟင်... ကိုသုညလိုက်လာတယ် ''

ဟု ဝမ်းသာအားရ ရေရွတ်လိုက်ပြီးမှ သုည၏ဖောက်ပြန်သော အဖြစ်ပျက်ကို သတိရကာ

'' အို... ကျွန်မနောက်ကို ဘာဖြစ်လို့လိုက်လာရတာလဲ၊ ရှင့်ဘာသာရှင် ဟိုမှာ လက်ထပ်ရမဲ့မိန်းကလေးကို လက်ထပ်ပါ ''

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ သုညက ကမန်းကတန်း လက်ကာပြ၍

" အို… ကျုပ်ပြောတဲ့စကားတွေကို နားထောင်ပါဦး၊ ပြီးတော့မှ ကျုပ်ကိုမကျေနပ်တဲ့စကားတွေ ပြောပါ "

ဟု ဆိုကာ ရန်ကုန်တွင်ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို စီကာပတ်ကုံးပြောပြလေ၏။

သုည၏စကားဆုံးသောအခါ ကျင်ကျင်သည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး

" ဟင်… ဒါဆိုရင် အခု အစ်ကိုက ကျွန်မနဲ့လက်ထပ်ဖို့ ဒီကိုလိုက်လာတာပေါ့နော် "

ဟု ဆိုကာ သုညအား ပွေ့ဖက်လိုက်လေ၏။

သုညမှာလည်း ကျင်ကျင်ကို လွတ်ထွက်သွားမှာစိုးသည့်အလား ပြန်လည်ပွေ့ဖက်ထားလေ၏။

ထို့နောက် ကျင်ကျင်သည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့် သုည၏လက်မှ လက်ပတ်နာရီကို လှမ်းကြည့်လိုက်၏။

" ဟင်… နှစ်နာရီတောင်ခွဲနေပြီ၊ ကျွန်မတို့မင်္ဂလာပွဲက





သုံးနာရီစမှာ၊ ကျွန်မတို့ အခု အမြန်ဆုံးပြေးမှဖြစ်မယ် "

ဟု ဆိုလိုက်၏။ သုညသည် သူ၏နာရီကိုကြည့်၍

" ဟာ… ဟုတ်ပါရဲ့၊ မင်္ဂလာပွဲစဖို့ နာရီဝက်ပဲလိုတော့တယ်၊ ကျုပ်တို့ အချိန်မီရောက်မှရောက်ပါ့မလား မသိဘူး "

ဟု ဆိုကာ ကျင်ကျင်၏လက်ကိုဆွဲ၍ သစ်ရွက်ခြောက်များကြွေနေသော တောလမ်းအတိုင်း ကမန်းကတန်း ပြေးလေ၏။

၎င်းတို့နှစ်ဦးသည် လွတ်ထွက်သွားမည့်အလား တစ်ဦးနှင့်တစ်ဦး လက်ချင်းတင်းတင်းဆုပ်ကိုင်၍ တောင်ပေါ်မှ တောင်အောက်သို့ ပြေးလွှားသွားကြလေ၏။

ထိုမြင်ကွင်းကို တရုတ်ကြီးဦးချိန်တီသည် ခေါင်းတဆတ်ဆတ်ညိတ်၍ ကြည့်ရှုနေလေ၏။

၎င်းတို့နှစ်ဦးသည် ဦးချိန်တီ၏မြင်ကွင်းမှ တဖြည်းဖြည်းဝေး၍ဝေး၍သွားပြီး တောင်ပေါ်မှ လှမ်းကြည့်လိုက်လျှင် အစက်အပြောက်လေးနှစ်ခုသာ မြင်တွေ့ရ၏။

ထိုအခါမှပင် ဦးချိန်တီက သက်ပြင်းချလိုက်ပြီး

" မီးကိုတိုးတဲ့ ပိုးဖလံတွေ၊ မီးဆိုတာ ပူမှန်းသိရက်နဲ့ အလိုက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှေ့ဆက်တိုးကြပေတော့၊ မဆုံးနိုင်တဲ့ သံသရာကြီးထဲမှာ ဆက်ပြီး လည်ပတ်ကြပေတော့ ”

ဟု ပြောလိုက်လေတော့၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

သိမ်းပိုက်ခြင်းကင်းသော

မင်းမြတ်သူရ

BURMESE CLASSIC .com

www.burmeseclassic.com